www.burmeseclassic.com

ဂန္ဓိရသည်းထိတ်ဝတ္ထု

# မာယာ
# လိပ်ပြာနက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွံ့ဖြိုးမှု အခြေခံအုတ်မြစ် ...
ပြည်ထောင်စုသားအားလုံး၏ ... ဖြစ်သည်

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာယာ
# လိပ်ပြာနက်

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀/၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁–၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

စိန်မြနက်
စေတာ

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၁၅၇၇၃၀၆၁၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၃၇၇၂၀၃၀၀
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၀ ခုနှစ် ဇူလိုင်လ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
နိုင်အောင်
ဖလင်
တိုးရှိန်း
စာအုပ်ချုပ်
ယဉ်
ထုတ်ဝေသူ
ဦးအောင်မြင့်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြဲ - ၀၃၉၄၅)
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းတိုက်ရာသုခအော့ဖ်ဆက်
မြဲ(၀၅၁၃၀)
အမှတ် ၇၄ လမ်း ၅၁
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၁၀၀၀ - ကျပ်

BURMESE CLASSIC .com

... လောကကြီးတွင်
မိမိ မမြင်မသိရသော အကြောင်းအများနှင့် ပြည့်နှက်နေ၏။
ထိုအကြောင်းအရာများနှင့် မျှော်တွေ့ဆုံတွေ့ ကြုံရသောအခါ
လူတို့သည် ...

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

အမှောင်တစ်ဝက်၊ လရောင်တစ်ဝက်နှင့် ရောယှက်နေသော ကောင်းကင်ကြီး။ ညဥ့်ငှက်တို့၏အော်သံက တောအုပ်ဘက်မှ တစ်ချက်တစ်ချက် သိုးသိုးသဲ့သဲ့ ကြားနေရ၏။ အအုပ်အသင်းဖွဲ့နေသော သစ်ပင်ကြီးငယ်တို့ကြား တိုးဝှေ့လူးလိမ့်တိုက်ခတ်လာသော လေပြည်ကြောင့် သစ်ရွက်တိုးသံများကို ဝိုးတဝါး ကြားနေရ၏။

တစ်ခါတစ်ရံ အရှိန်အဟုန်ပြင်းလာသော လေထုကြောင့် သစ်ပင်သစ်ခက်များ ယိမ်းနွဲ့လှုပ်ရှားနေ၏။ လရောင် မှုန်တိမှုန်ဝါးက သစ်ကိုင်းသစ်ခက် သစ်ရွက်များအပေါ် ကျိုးကျိုးကျဲကျဲ ဖြာကျနေ၏။

ထိုအချိန် တောင်ကုန်းတစ်ခုပေါ်မှ တအိအိဆင်းလာသော ကားကြီးတစ်စီး။ မီးရောင်မှိန်မှိန်နှင့် ကွေ့ပတ်မောင်းနှင်လာ၏။

ကားကြီးမှာ မဟူရာရောင်ရှိပြီး ဝိုးတဝါးသာနေသော လရောင်ကြောင့် ခပ်ရေးရေးမြင်နေသော လမ်းကွေ့လမ်းကောက်များကို သတိကြီးစွာနှင့် ကွေ့ပတ်မောင်းနှင်နေ၏။

ကားနောက်ခန်းတွင် လည်သာအနက်ရောင် လောင်းကုတ်ဝတ်ထားသော လူကြီးတစ်ဦးထိုင်နေပြီး မျက်မှန်မည်းကြီးတစ်လက်ကို တပ်ဆင်ထား၏။ ဒရိုင်ဘာဖြစ်သူမှာလည်း သူနည်းတူဝတ်ဆင်ထား၏။ ကားသည် တောင်ပတ်လမ်းအတိုင်း ကွေ့ပတ်မောင်းနှင်ရင်း နောက်ဆုံး တောအုပ်တစ်ခုထဲသို့ ရောက်ရှိလာ၏။

"ရှေ့နားမှာရပ်လိုက်"

"ဟုတ်ကဲ့"

"မြန်မြန်လုပ်ကွာ၊ မင်းကို ဆယ်မိနစ်ပဲ အချိန်ပေးမယ်"

"စိတ်ချပါ ဆရာကြီး"





"ကိုင်း - စပေတော့"

ကားနောက်ခန်းထဲတွင် ထိုင်နေသော ပုဂ္ဂိုလ်ကြီးသည် ဣန္ဒြေရရထိုင်ရင်း ဒရိုင်ဘာကို အမိန့်ပေးနေ၏။ ဒရိုင်ဘာဖြစ်သူသည် ကားထဲမှထွက်လိုက်သည်နှင့် သူ့နှုတ်ဖျားမှ လေချွန်သံ စူးစူးရဲရဲ ထွက်လာ၏။

ထိုအသံနှင့်မရှေးမနှောင်းတွင် တောအုပ်ထဲမှ ခါးကုန်းကုန်းနှင့် လူကြီးတစ်ဦး ထွက်လာ၏။

"ရောက်လာပြီလား"

"ဟုတ်တယ်၊ ကျုပ်ပြောထားတာတွေ လုပ်ပြီးပြီလား"

"ပြီးပါပြီဗျား၊ အားလုံး အဆင်သင့်ပါပဲ"

"ဟုတ်ပြီ၊ ဒါဆို ကျုပ်နဲ့လိုက်ခဲ့"

ဒရိုင်ဘာက ခါးကုန်းကြီးကို လှမ်းပြောရင်း ကားနောက်ခန်းသို့ ခေါ်သွားကာ ကားနောက်မြီးအဖုံးကို ဖွင့်လိုက်၏။

"ယူလိုက်တော့"

ခါးကုန်းကြီးသည် ဒရိုင်ဘာအမိန့်ရသည်နှင့် ကားနောက်ဖုံးထဲမှ အထုပ်ကြီးတစ်ထုပ်ကို မနိုင်မနင်း ဆွဲထုတ်လိုက်၏။ အထုပ်ကြီးက အနက်ရောင် ပလတ်စတစ်အိတ် ရှည်မျောမျောကြီး ဖြစ်၏။

ဒရိုင်ဘာသည် ထိုအထုပ်ကို ခါးကုန်းကြီး၏ပခုံးပေါ် မ,တင်ပေးလိုက်၏။

"ရပြီလား"

"ဟုတ်ကဲ့"

"ဒါဆို သွားမယ်"

ဒရိုင်ဘာသည် ကားနောက်ဖုံးကို ပြန်ပိတ်လိုက်ပြီး ခါးကုန်းကြီးနောက်မှ ခပ်သုတ်သုတ်လိုက်ခဲ့၏။

သူတို့နှစ်ယောက်သည် ကုန်းမြင့်ပိုင်းဘက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြ၏။ လရောင်ဝိုးတဝါး သာနေသည်မို့ သစ်ပင်ကြီးငယ်တို့၏ မှိုင်းမှိုင်းမတ်မတ်အသွင်ကို မြင်နေရ၏။ တစ်ချက်တစ်ချက် တောအုပ်အနောက်ဘက်မှ ခွေးအ,များ၏ အော်သံကို ကြားနေရ၏။

သူတို့နှစ်ဦး ဝင်ရောက်ခဲ့သည့်နယ်မြေ၌ လက်ဝါးကပ်တိုင်များ ထိုးထိုးထောင်ထောင် ပေါ်ထွက်နေ၏။ နှစ်ယောက်သား ကုန်းမြင့်ပိုင်းသို့အရောက်တွင် ရှေ့မှ ကုန်းကုန်းကွကွသွားနေသော ခါးကုန်းကြီးက ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်၏။

"ရောက်ပြီလား"

"ရောက်ပြီလေ၊ ကျုပ်တူးထားတဲ့ကျင်းက ဟိုမှာပဲ"

www.burmeseclassic.com



"နက်ရဲ့လား"

"နက်ပါဗျာ၊ လူသုံးလေးယောက် အသာကလေး မြှုပ်လို့ရတယ်"

"ဟာ - စကားမရှည်နဲ့၊ ခင်ဗျား လုပ်စရာရှိတာလုပ်ပေတော့။ ရော့- ဟောဒီမှာ ပိုက်ဆံ၊ သေသေချာချာလုပ်နော်။ ပြီးရင် ခင်ဗျားလည်း ဒီမှာမနေနဲ့တော့။ ကျုပ်ပြောတာ ကြားလား"

"ကြားပါတယ်၊ ဒီကိစ္စကို ဘယ်သူမှ မသိစေရပါဘူး"

"ကိုင်း- လုပ်စရာရှိတာ မြန်မြန်လုပ်ဗျာ။ အချိန်မရတော့ဘူး"

"ကောင်းပါပြီ"

ခါးကုန်းကြီးသည် ပခုံးပေါ် ထမ်းတင်လာသည့် အမည်းရောင် ပလတ်စတစ်အိတ် ရှည်မျောမျောကြီးကို ကျင်းနားရောက်သည်နှင့် ကျင်းထဲပစ်ချလိုက်၏။ ထို့နောက် ကျင်းနှုတ်ခမ်းဘေး အသင့်ချထားသော ဂေါ်ပြားကိုယူကာ မြေသားများကို ကျင်းထဲကော်ချလိုက်၏။ ဒရိုင်ဘာသည် ခါးကုန်းကြီးလုပ်ပုံကို စောင့်ကြည့်နေ၏။

မိနစ်ပိုင်းအကြာတွင် ကျင်းတစ်ခုလုံး မြေသားများနှင့် ပြည့်နက်သွားခဲ့၏။ ပြီးသွားသည်နှင့် လက်ဝါးကပ်တိုင်ဟောင်းတစ်ခုကို မြေပုံပေါ် စိုက်ထူလိုက်ပြီး လက်နှစ်ဖက်တွင် ပေကျံနေသော မြေသားမြေမှုန့်များကို ခါထုတ်ရင်း ဒရိုင်ဘာဘက် လှည့်ကြည့်လိုက်၏။

"ပြီးပါပြီ"

"သေချာရဲ့လား"

"စိတ်ချပါဗျာ၊ ကျွန်တော့်နာမည် မောင်အိုပါ။ မသေချာရင် ဘာမှမလုပ်ဘူး"

"ဟုတ်ပြီ၊ ဒါဆို ကျုပ်ပြောတဲ့အတိုင်းသာ လုပ်ပေတော့"

"ဟုတ်ကဲ့"

"ကိုင်း - ဒါဆို ကျုပ်သွားမယ်။ ဒီကိစ္စကို ခင်ဗျားခေါင်းထဲက မေ့ပစ်လိုက်ပေတော့။ ဖြစ်နိုင်ရင် ခင်ဗျား ဒီနယ်မြေကို ခြေတစ်လှမ်း မလှမ်းလေနဲ့။ လှမ်းလို့ကတော့ . . ."

"စိတ်ချပါ"

ဒရိုင်ဘာလုပ်သူသည် သုဘရာဇာမောင်အိုကို ပြောဆိုပြီးနောက် သချိုင်းမြေထဲမှ ထွက်လာခဲ့၏။ ကားနားရောက်တော့ ကားနောက်ခန်းမှပုဂ္ဂိုလ်ကြီးကို ရိုရိုသေသေ ဦးညွှတ်ပြီး ပြောလိုက်၏။

"အားလုံးပြီးသွားပါပြီ ဆရာကြီး"

"ဟိုကောင်ကိုကော မင်း သေသေချာချာ ပြောလိုက်ရဲ့လား"

"ပြောပြီးပါပြီ ဆရာကြီး"



"ကောင်းပြီလေ၊ ဒါဆို သွားကြမယ်"

"ဟုတ်ကဲ့"

ဒရိုင်ဘာသည် ကားနောက်ခန်းတွင် ထိုင်နေသော ပုဂ္ဂိုလ်ကြီး၏အမိန့်ရသည်နှင့် ကားပေါ် တက်လိုက်ပြီး စက်နှိုးလိုက်၏။ ထိုအချိန် ဗောအုပ်ဘက်မှ ရိပ်ခနဲပျံသန်းလာသော ငှက်ကြီးတစ်ကောင်က ကားရှေ့အဖုံးပေါ်သို့ လွှားခနဲ နားခိုလာ၏။

"ဟင် - ဘယ်ကငှက်ကြီးလဲကွ"

"မသိဘူး ဆရာကြီး"

"ဟာ - မောင်းစမ်းကွာ"

"ဟုတ် . . . ဟုတ်ကဲ့"

"ဂစ် . . . ဂစ် . . . ဂီး . . . ဂ"

ငှက်ကြီးက ကားစက်နှိုးသံကြားသည်နှင့် ကားရှေ့မှန်ကို လွှားခနဲ တိုးဝင်လာကာ အတောင်ပံနှစ်ဖက်ကို ဖြန့်ပိတ်ထားသဖြင့် ဘာမှမမြင်ရ။ ဒရိုင်ဘာသည် စီယာတိုင် ဘယ်ညာကွေ့ချလိုက်ရ၏။ ကားက တောင်လူးမြောက်လူးဖြစ်သွားသလို ငှက်ကြီးလည်း ဂီးခနဲ အော်သံကြီးပေး၍ ပျံထွက်သွားလေတော့၏။

ထိုအခါမှ သူတို့လာရာလမ်းသို့ ပြန်လှည့်ကာ ကုန်းမြင့်ပေါ်မှ ကွေ့ပတ်ဆင်းခဲ့လေ၏။ လမ်းတစ်လျှောက်လုံး၌ နှစ်ယောက်စလုံး စကားတစ်ခွန်းမျှမပြော။ အသံဗလံက တိတ်ဆိတ်နေ၏။ အမှောင်ထုက လရောင်နှင့် ထွေးလုံးနေ၏။ ထူးဆန်းသည်မှာ စောစောက သူတို့မောင်းထုတ်ခဲ့သော ငှက်ကြီးက သူတို့ကားနောက်မှ တောင်ပံတဖျပ်ဖျပ်ခတ်၍ လိုက်လာခြင်းပင်။

ကားကို အရှိန်မြှင့်ပြီးမောင်းနှင်လာခဲ့ရာ သူတို့နေထိုင်သည့် အိမ်ကြီးရှိရာ တောင်ကုန်းဆီသို့ ရောက်လာ၏။ ကွေ့ကွေ့ကောက်ကောက် ဖောက်ထားသောလမ်းကလေးကို ကွေ့ပတ်တက်ရင်း နှစ်ထပ်တိုက်ရှေ့ ပေါ်တီကိုအောက်တွင် ရပ်လိုက်ကြ၏။

ထိုအချိန် နောက်မှလိုက်လာသော ငှက်ကြီးသည် ပေါ်တီကို ပေါ်တွင်နားလိုက်ပြီး တဂီးဂီးနှင့် အသံပေးလိုက်သဖြင့် ဒရိုင်ဘာဖြစ်သူက မော့ကြည့်လိုက်၏။

"ဟာ - စောစောက ငှက်မည်းကြီး"

"ဟေ"

"ဟို . . . ဟိုမှာလေ"

"ဟာ - ဒီကောင်ကြီး ဘာကြောင့်လိုက်လာပါလိမ့်၊ မင်း အပေါ် တက်ပြီး ရိုက်ပစ်စမ်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒရိုင်ဘာသည် ကားနောက်ခန်းမှပုဂ္ဂိုလ်ကြီး အမိန့်ရသည်နှင့် တွေ့ရာတုတ်တစ်ချောင်းဆွဲကာ အိမ်ကြီးအပေါ်ထပ်သို့ ပြေးတက်သွားပြီး အပေါ်ထပ်ရောက်သည်နှင့် ပေါ်တီကိုအမိုးဖြစ်သော လသာဆောင်ဘက်သို့ အသာထွက်ခဲ့၏။ လက်ထဲက တုတ်ကိုလည်း တဆဆ လုပ်နေ၏။

ထိုအချိန် ငှက်မည်းကြီးသည် လသာဆောင်ရှေ့ဘက် အုတ်နံရံပေါင်တွင် နားနေ၏။ ဒရိုင်ဘာသည် ငှက်ကြီးနားသို့ အသာတိုးကပ်သွားပြီး လက်ထဲကတုတ်နှင့် ငှက်၏ဦးခေါင်းကို အနောက်မှ ရိုက်ချလိုက်၏။

"ဝှစ် . . . ဝှစ် . . ."

"ဂီး . . . ဂီး . . . ဝဲ"

"ကဲဟာ . . . ကဲဟာ"

"ဂစ် . . . ဂီး . . ."

"အောင်မယ်လေးဗျ အား . . ."

တုတ်သံကြားလိုက်သည်နှင့် ငှက်ကြီးက အုတ်ပေါင်ပေါ်မှ တလွှားလွှား ပျံထွက်သွား၏။

ထို့နောက် ဒရိုင်ဘာဆီသို့ အရှိန်အဟုန်ပြင်းစွာ ထိုးဆင်းလာပြီး တောင်ပံကြီးကို တဖျပ်ဖျပ် ရိုက်၍ ဝါးလုံးထိုး ဝင်ရောက်တိုက်ခိုက်လေ၏။ ဒရိုင်ဘာကလည်း ခေါင်းငုံ့လိုက်၊ နောက်ကို ခုန်ရှောင်လိုက်လုပ်ရင်း လက်ထဲကတုတ်နှင့် တယမ်းယမ်းလုပ်နေ၏။ ထိုစဉ် ငှက်ကြီးက ဒရိုင်ဘာ၏မျက်နှာကို တောင်ပံနှစ်ဖက်နှင့် ပိတ်ရိုက်ပြီး နှုတ်သီးကောက်ကောက်ကြီးနှင့် ထိုးဆိတ်လေရာ ဒရိုင်ဘာ၏ ညာမျက်လုံးကို ဆိတ်မိသွားလေ၏။

ရုတ်တရက်မို့ ဒရိုင်ဘာခမျာ ကျယ်လောင်စွာ အော်ဟစ်ရင်း နောက်တဆုတ်ဆုတ်နှင့် ထွက်ပြေးသွားလေ၏။ ထိုအချိန်တွင် ကားနောက်ခန်းတွင် ထိုင်နေသောပုဂ္ဂိုလ်ကြီးသည် ကားထဲမှ ထွက်လာကာ အိမ်ထဲဝင်ခဲ့ပြီး အိမ်နံရံ၌ချိတ်ထားသော နှစ်လုံးပြူးသေနတ်ကို ထုတ်၍ အိမ်အပေါ်ထပ်သို့ အပြေးဝင်ခဲ့၏။

"အား - လုပ် . . . လုပ်ပါဦး၊ မျက်စိကန်းပါပြီဗျာ"

"ဖယ်စမ်း၊ ခွေးမသားငှက်ဆိုး . . . တွေ့ပြီပေါ့ကွာ"

ပုဂ္ဂိုလ်ကြီးသည် နှစ်လုံးပြူးသေနတ်မောင်းကို ပြောင်းခနဲရိုက်တင်လိုက်ပြီး ပေါ်တီကိုအမိုးဘက်သို့ထွက်ခဲ့၏။ သူ လသာဆောင်ဘက်သို့ ရောက်လာချိန်တွင် ငှက်ကြီးကို မမြင်ရတော့။ ဟိုဟိုဒီဒီရှာ

BURMESE CLASSIC .com



ရင်း တောက်တခေါက်ခေါက် လုပ်နေ၏။ နောက်ဆုံး အခန်းထဲပြန်ဝင်လာရာ ဒရိုင်ဘာဖြစ်သူခမျာ မျက်လုံးတစ်ဖက်ကို လက်နှင့်ပိတ်ပြီး ခုန်ဆွခုန်ဆွအော်ဟစ်နေ၏။ ဒရိုင်ဘာခမျာ နာကျင်လွန်းလှသဖြင့် တအီးအီးနှင့် ညည်းညူနေ၏။ ဆရာကြီးက ဒရိုင်ဘာကို အတင်းဆွဲခေါ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပြီး ဆေးထည့်၍ ပတ်တီးစည်းပေးလိုက်၏။

"ဘယ်လိုတုံးကွ၊ သက်သာရဲ့လား"

"ကျွန်တော့်မျက်စိတစ်လုံးတော့ ဆုံးပါပြီ ဆရာကြီးရယ်"

"မင်းကလည်းကွာ၊ လက်ထဲမှာလည်း တုတ်ပါရဲ့သားနဲ့ ရိုက်ပစ်လိုက်ရင် ပြီးရောပေါ့ကွ"

"ရိုက်တာပဲ ဆရာကြီးရယ်၊ သူက အပေါ်ကို ပျံတက်သွားပြီး ကျွန်တော့်ဆီကို တဲ့တိုးကြီးဝင်လာတာဗျ။ အား . . . ကျွတ် ကျွတ် ကျွတ်"

"စိတ်မပူနဲ့တော့၊ ငါဆေးထိုးထားတယ်။ ကိုင်း - တန်းလျားပြန်လို့ရပြီလား၊ ငါလိုက်ပို့ရမလား"

"ရပါတယ် ဆရာကြီး"

"နေပါဦးကွ၊ မသွားခင် တစ်ခွက်တစ်ဖလားတော့ သောက်သွား။ တော်ကြာ ကိုက်နေဦးမယ်"

"ဟုတ်ကဲ့"

"မင်းထိုင်ပါကွာ၊ ခင်မှုန်တို့လူစုလည်း အိပ်ကြပြီ ထင်တယ်"

"ဟုတ်တယ် ဆရာ၊ တန်းလျားဘက်မှာ မီးရောင်မမြင်ရတော့ဘူး"

"ကိုင်း - ဒါဆို ငါဘာသာငါပဲ ပြင်တော့မယ်"

ဆရာကြီးဆိုသူသည် အိမ်နောက်ခန်းသို့ ဝင်လာကာ ရေခဲသေတ္တာဖွင့်၍ ဝီစကီတစ်လုံးနှင့် အသားခြောက်များယူ၍ ဧည့်ခန်းသို့ ပြန်ထွက်လာ၏။

"သောက်စမ်းကွာ၊ ကြိုက်သလောက်သောက်။ ပြီးတော့ မင်းကို ငါပေးစရာလည်း ရှိတယ်"

"ဗျာ - ဘာပေးမလို့လဲ ဆရာကြီး"

"မင်းသုံးဖို့စွဲဖို့ပေါ့ကွာ၊ ကိုင်း- သောက်ဦး"

ဒရိုင်ဘာသည် ဝီစကီတစ်ခွက် ငုံ့သောက်လိုက်ပြီး အသားခြောက်တစ်ဖတ်မြည်းလိုက်၏။ ထိုးဆေးတန်ခိုးကြောင့် မျက်လုံးမှာ နာကျင်မှုတွေ ပျောက်သွားခဲ့၏။ လူလည်း နေသာထိုင်သာရှိလာ၏။ ထိုအချိန်တွင် ဆရာကြီးဆိုသူသည် အခန်းထဲမှထွက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ပိုက်ဆံတစ်ထပ်ကို သူ့ရှေ့ပုံပေးလိုက်၏။

"ဟာ - များလှချည်လား ဆရာကြီးရဲ့"

"မင်းက ငါ့တိစ္ဆကို ကူညီခဲ့တာလေ၊ ဒါကြောင့် သုံးဖို့ပေးရတာ ပေါ့ကွာ။ ပြီးတော့ မင်းရွာပြန်ဦးမယ်ဆို။ ဟောဒီပိုက်ဆံတွေ ယူသွား၊ မင်းတို့လင်မယား ရင်းနှီးစားလို့ဖြစ်တာပေါ့"

"ကျေးဇူးပါပဲ ဆရာကြီးရယ်။ ပြီးတော့ ဟိုငှက်ကြီးကို သတိထားနော် ဆရာကြီး၊ သူက သချိုင်းက လိုက်လာတာဆိုတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲ"

"အိုကွာ- ပူစရာမလိုပါဘူး၊ ဒီတစ်ခါလာရင် ရိုက်သတ်လိုက်ရုံပေါ့ကွာ"

ဆရာတပည့်နှစ်ယောက် စကားတပြောပြောနှင့် သောက်စားလိုက်ကြ၏။ ဝီစကီတစ်ပြားလုံး ကုန်လုနီးပါးမှ နှစ်ယောက်သား ထိုင်ရာက ထလိုက်ကြ၏။ ဒရိုင်ဘာသည် အိမ်ထဲမှ ထွက်လာသည်အထိ ငှက်ကြီး၏ရန်ကို ကြောက်နေဆဲ၊ ထိုအချိန် အိမ်ဝင်းထဲရှိ သရက်ပင်အိုကြီးပေါ်မှ ငှက်မည်းကြီးက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်ကိုတော့ မသိပါချေ။ ဒရိုင်ဘာသည် ဟိုဟိုဒီဒီကြည့်ပြီး တန်းလျားဘက်သို့ ပြန်သွားလေတော့၏။

... လေဟာသကြောင့်

ဂုဏ်ရှိန်နှင့်သား

မာနကျော့ကြွပ်ဆင်လာခဲ့ကြ၏။

ထိုအခါတွင်

နှင်းပွင့်ဆိုသော မိန်းမချောလေးသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မိခင်ကြီးကိုကြည့်ရင်း နှင်းဖြူ ကြေကွဲနေရ၏။ တစ်ချိန်က ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း၊ ဒေါင်းတည်မောင်းတည် သွားလာလေ့ရှိသော မိခင်ကြီး။ ဖခင်ကွယ်လွန်သွားသည့်အချိန်မှစ၍ မိခင်ကြီးခမျာ သားသမီးလေးယောက်နှင့် ဝရုန်းသုန်းကား ဖြစ်ခဲ့ရ၏။ ယောကျာ်းတစ်ယောက်လို ကျပန်းအလုပ်ကို လုပ်ကိုင်ခဲ့၏။ အားနှင့်မာန်နှင့် လှုပ်ရှားခဲ့၏။

ဖခင်ဆုံးစဉ်က နှင်းဖြူ၏အသက်မှာ ဆယ်နှစ်ကျော်ကျော်သာ ရှိသေး၏။ မိခင်နှင့်အတူ တတ်နိုင်သမျှ ဝိုင်းဝန်းလုပ်ကိုင်ခဲ့၏။ မိခင်ကြီးကတော့ သူတို့မောင်နှမလေးယောက်ကို ဘာတစ်ခုမှမခိုင်း။ အတန်းပညာကိုသာ ကြိုးစားသင်ကြားရန် ဆုံးမခဲ့၏။

မိခင်ကြီးသည် အကြော်လည်းကြော်ရောင်းဖူး၏။ ဈေးတောင်းခေါင်းရွက်ပြီးလည်း အရပ်ထဲလည်၍ ရောင်းခဲ့ဖူး၏။ အိမ်ပေါက်စေ့လိုက်ပြီးလည်း အဝတ်လျှော်၊ ထမင်းချက်အလုပ်များကို လုပ်ကိုင်ခဲ့၏။ ထိုသို့ မနားတမ်း လုပ်ကိုင်ခဲ့၍လည်း အသက်အရွယ်ရလာသောအခါ မိခင်ခမျာ အကြောအခြင်တွေကအစ မကောင်းလေတော့ ယခုအခါ အိပ်ရာထဲ တရှောင်ရှောင် ဖြစ်နေချေပြီ။ နှင်းဖြူမှာ အရွယ်ကလေးရလာပြီမို့ အတန်းကျောင်းမှထွက်ကာ သူဌေးအိမ်တစ်အိမ်တွင် အလုပ်ဝင်လုပ်ခဲ့၏။

ထိုအလုပ်ကိုရခဲ့သည်မှာလည်း တစ်ရပ်တည်းနေ မြင့်မိုရ်ကြောင့် ဖြစ်လေ၏။ မြင့်မိုရ်နှင့် နှင်းဖြူက ဘဝတူတွေ ဖြစ်၏။ မြင့်မိုရ်မှာတော့ မိခင်မရှိတော့။ ဖခင်ဖြစ်သူကလည်း ခြေတစ်ဖက်မကောင်းလှ။ သို့သော် ကျောက်သွေးပညာမှာ ထိပ်တန်း။



ကျောက်မျက်ရတနာကုမ္ပဏီတစ်ခု၏ ကျောက်သွေးဆရာဖြစ်၏။ မြင့်မိုရ်ကို ဖခင်ဖြစ်သူ ဦးရွှေမြက ကျောက်သွေးပညာကို လက်ထပ်သင်ပေးခဲ့၏။ မြင့်မိုရ်တစ်ယောက် အပတ်တကုတ် ကြိုးစားသင်ယူခဲ့ရာ သုံးနှစ်ခန့်အကြာတွင် ကျောက်သွေးပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့လေ၏။

နောက်ဆုံး ဖခင်လုပ်ကိုင်ခဲ့သည့် 'ရတနာကောင်းကင်' မည်သောကုမ္ပဏီကြီးတွင် ကျောက်သွေးဆရာအဖြစ် လုပ်ကိုင်ခဲ့လေ၏။

မြင့်မိုရ်မှာ အသောက်အစား ကင်းသလို လူပုံကလည်း မွန်မွန်ရည်ရည်ရှိလှ၏။ ရုပ်ရည်ကလည်း ယောကျာ်းပီသသောအသွင်ရှိ၏။ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်း၊ မျက်လုံးတောက်တောက်နှင့် ကြည့်ကောင်းလှသောဟန်ပန်ရှိ၏။ ထို့ပြင် အနုပညာမျက်စိရှိသူဖြစ်၍ သူ့လက်ထဲရောက်လာသည့် ကျောက်ရိုင်းတစ်လုံးသည် နာရီပိုင်းအတွင်း အကွက်အသွေး လှပသော ကျောက်ကလေးတစ်လုံး ဖြစ်လာနိုင်၏။ သူဌေးကိုယ်တိုင်ကလည်း မြင့်မိုရ်လက်ရာဆိုလျှင် အမြဲတမ်း ချီးမွမ်းလေ့ ရှိ၏။

ကျောက်သွေးအလုပ်ရုံကို သူဌေး၏ အိမ်ဝင်းထဲ ဖွင့်လှစ်ထား၏။ ကျောက်သွေးအလုပ်သမား ခုနစ်ယောက်ခန့်ရှိပြီး မြင့်မိုရ်က ကျောက်သွေးဆရာတစ်ဦး ဖြစ်၏။ ဖခင်ဖြစ်သူမှာ အရွယ်ရလာသည်နှင့် မျက်လုံးတွေလည်း မကောင်းလှတော့၍ ကျောက်သွေးအလုပ်ကို ရပ်ထားလိုက်ရ၏။

မြင့်မိုရ်သည် ဖခင်၏လက်ရာကို မီသူဖြစ်၍ သူဌေး၏ ယုံစားခြင်းခံရသူ ဖြစ်၏။ ထို့ကြောင့်လည်း နှင်းဖြူကို သူ့အလုပ်ထဲ ဆွဲခေါ်ခဲ့လေ၏။ နှင်းဖြူနှင့်သူက ဘဝချင်းတူကြသလို တစ်ယောက်နှင့်တစ်ယောက်လည်း နားလည်မှု ဖေးမကူညီမှုများနှင့် နေထိုင်ခဲ့ကြ၏။ မိခင်ကြီး မကျန်းမမာဖြစ်နေစဉ် မြင့်မိုရ်က ဆေးဝါးကအစ ဝယ်ခြမ်းလာတတ်၏။ ငွေကြေးလည်း ပေးကမ်းထောက်ပံ့တတ်၏။ နှင်းဖြူက သူများဆီကပစ္စည်းကို စိုးစိမျှ မယူချင်သော်လည်း အခြေအနေက ကျဉ်းထဲကျပ်တည်းဖြစ်နေသည်မို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ခံစားခဲ့ရလေ၏။ သူ့အမူအရာကို မြင့်မိုရ်က ရိပ်မိနေ၏။ ထို့ကြောင့်လည်း နှစ်ယောက်သားဆုံမိသည်နှင့် မြင့်မိုရ်က အားပေးစကား ပြောဆိုခဲ့လေ၏။

"နှင်းဖြူရယ်၊ အစ်ကိုက မင်းကို စေတနာဖြူဖြူနဲ့ ကူညီခဲ့တာပါကွာ။ ဘာဖြစ်လို့ မျက်နှာလေး ညှိုးငယ်နေရသလဲ။ မင်းအဲဒီလို ဖြစ်နေတော့ အစ်ကိုလည်း စိတ်မကောင်းဘူး"

www.burmeseclassic.com



"အစ်ကိုရယ်၊ နှင်းဖြူလေ ဘယ်သူ့ဆီကမှ အကူအညီမယူချင်ပါဘူးရှင်။ နှင်းဖြူကြောင့် တစ်ဖက်သား ဒုက္ခရောက်မှာကိုလည်း မလိုလားပါဘူး အစ်ကိုမြင့်မိုရ်ရယ်။ နှင်းဖြူဘဝနဲ့ နှင်းဖြူ . . ."

"တော်တော့ နှင်းဖြူ။ နှင်းဖြူရဲ့စကားတွေက သူစိမ်းဆန်လွန်းလှတယ်။ အစ်ကိုနဲ့ နှင်းဖြူဟာ တစ်ရပ်တည်းနေ၊ တစ်ရေတည်းသောက်ခဲ့ကြတဲ့ ဘဝတူတွေပါဗျာ။ ဒီတော့ တစ်ယောက်အခက်အခဲရှိရင် တစ်ယောက်က ကူညီကြရမှာပဲလေ။ ဘာဖြစ်လို့ သူစိမ်းဆန်ချင်ရတာလဲ နှင်းဖြူရယ်"

"နှင်း . . . နှင်းဖြူ ဒီလိုသဘောမျိုးပြောတာ မဟုတ်ပါဘူးရှင်။ နှင်းဖြူ သူများဆီက ဥစ္စာပစ္စည်းကို အလကားမလိုချင်ပါဘူးရှင်။ ပြီးတော့လေ နှင်းဖြူက နှင်းဖြူလုပ်အားနဲ့ရလာတဲ့ ပိုက်ဆံကိုပဲ လိုချင်တာ"

"ဪ - ဒီလိုကိုး"

နှင်းဖြူ၏ရိုးရှင်းလှသော စကားကြောင့် မြင့်မိုရ်သည် နှင်းဖြူ၏ မျက်နှာဝင်းစိုစိုကလေးကို ကြည့်ကာ စိတ်မကောင်းဖြစ်ခဲ့ရ၏။ နှင်းဖြူ၏အလှက အနေစုတ်ပေမယ့် ရွှေထုပ်သည့် မြပဝါအလားပင်။ အသားအရေကအစ စံကားဝါနှစ်ရောင် ရောယှက်ရစ်သန်းနေ၏။ ပန်းနုရောင် နှုတ်ခမ်းနှစ်လွှာကလေးမှာ ပွင့်လုလု နှင်းဆီငုံလေးအသွင်နှယ်။

မြင်သူတိုင်းကို ယစ်မူးသွားစေနိုင်သောအလှရိပ်များကို နှင်းဖြူ ပိုင်ဆိုင်ထား၏။ သို့သော် နှင်းဖြူ၏ မျက်လုံးအစုံမှာ အမြဲတမ်း စိတ်အားငယ်မှု၊ ကြေကွဲမှုများ၊ ရှုတ်ရှဲ့မှုများ ဖုံးလွှမ်းနေသည်ကို မြင့်မိုရ် လက်မခံချင်။ ထို့ကြောင့်လည်း နှင်းဖြူနှင့်တွေ့တိုင်း အားပေးစကား ပြောဆိုခဲ့လေ၏။

ယခုလည်း အလုပ်လုပ်ချင်လှသည်ဟု ဆိုလာသဖြင့် မြင့်မိုရ် အံ့ဩနေရ၏။

"နှင်းဖြူက ဘာအလုပ်လုပ်ချင်တာလဲ"

"အို - နှင်းဖြူ လုပ်အားနဲ့ရင်းရမယ့်အလုပ်ဆို ဘာမဆိုလုပ်ပါမယ် အစ်ကိုမြင့်မိုရ်ရယ်။ ပြီးတော့ ကျောင်းပညာချည်းပဲ အားကိုးလို့မဖြစ်ဘူး။ အမေကလည်း အိပ်ရာထဲ တရှောင်ရှောင်၊ နှင်းဖြူအောက်မှာ ညီမလေးနှစ်ယောက်နဲ့ မောင်လေးတစ်ယောက်က ရှိသေးတော့ နှင်းဖြူ ကိုယ့်ဖို့ချည်းပဲ ကြည့်လို့မဖြစ်ဘူး။ နှင်းဖြူကို အလုပ်ရအောင် ကူညီပါလား အစ်ကို



မြင့်မိုရ်ရယ်၊ နှင်းဖြူ အစ်ကိုကျေးဇူးကို မမေ့ပါဘူး"

"နေဦး၊ ကိုယ်တို့ သူဌေးအိမ်မှာ နှင်းဖြူ အလုပ်လုပ်မလား။ အဲဒီမှာ ထမင်းဟင်း ဝိုင်းချက်ရမယ်။ ကိုယ် သူဌေးကတော်ကို ပြောပေးမယ်"

"လုပ်ပါ့မယ် အစ်ကိုမြင့်မိုရ်ရဲ့ နှင်းဖြူ သမ္မာအာဇီဝအလုပ်ဆို ဘာအလုပ်ပဲ လုပ်ရလုပ်ရ လုပ်ရဲတယ်။ အစ်ကို ပြောပေးပါ"

နှင်းဖြူ လိုလိုချင်ချင်ပြောလာတော့လည်း မြင့်မိုရ် ပေးပြီးသားကတိကို မဖျက်ချင်တော့။ ထို့ကြောင့်လည်း သူဌေးကတော်ထံပြောရ၏။ သူဌေးကတော်ကလည်း သူ့စကားကို ဝမ်းသာအားရ လက်ခံခဲ့လေ၏။

"အို - ခေါ်ခဲ့စမ်းပါ ငါ့မောင်ရယ်။ ငါ့မောင်က စကားပြောတာ တည်ကြည်လေးနက်တာမို့ အစ်မတို့က ယုံပြီးသားပါ။ ခေါ်ခဲ့ပါကွယ်၊ ငါ့မောင်စကားကြောင့် အစ်မတို့ကလည်း စေတနာရှိပြီးသားပါကွယ်"

သူဌေးကတော်၏စကားကြောင့် နှင်းဖြူကို သူဌေးအိမ်သို့ခေါ်သွားခဲ့၏။ နှင်းဖြူခမျာ ခံ့ညားထည်ဝါလှသော အိမ်ကြီးထဲကို ရောက်သွားတော့ သူ့မျက်စိထဲ နတ်ဘုံနတ်နန်းကြီးထဲ ရောက်သွားသလိုပင်။

သူဌေးကတော်ဆိုသူကလည်း အသားကလေး နုဖတ်ကာ အလွန်မှ ချောမောလှ၏။ အသားအရေကအစ ကြွေရုပ်ကလေးနှယ် ဝင်းပနေ၏။ ပြုံးလိုက်သည့်အခါမှာလည်း သွားကလေးတွေက ပုလဲလုံးလေးတွေ သီထားသလို ထင်ရ၏။ မျက်လုံးအစုံကလည်း စိန်ပွင့်ကလေးတွေ တဖျပ်ဖျပ်လက်နေသလိုပင်။ သူ့ကိုမြင်တော့ ကျက်သရေရှိလှသောအပြုံးနှင့် နွေးနွေးထွေးထွေး ကြိုဆိုခဲ့လေ၏။

"ညီမလေးနာမည်က နှင်းဖြူတဲ့လား။ နာမည်နဲ့လိုက်ပါ့ကွယ်။ ညီမလေးရဲ့ အသွင်အပြင်ကိုကြည့်ပြီး ခိုင်းတောင် မခိုင်းရက်ပါဘူးကွယ်"

"ခိုင်းပါ မမရယ်၊ နှင်းဖြူလုပ်ပါ့မယ်။ ထင်းခွဲရေခပ်ကအစ လုပ်ပါ့မယ်ရှင်"

"ဟုတ်ပြီ၊ ဒါဆိုလည်း မအေးမိတို့နဲ့တွဲပြီး လုပ်ကြပေါ့။ ပြီးတော့ နှင်းဖြူတို့ မမတို့ အိမ်ဝင်းထဲမှာပဲနေလို့ရတယ်။ တန်းလျားသုံးလေးလုံးမှာ လူမရှိသေးဘူးကွယ့်"

"ဟုတ်ကဲ့ နေပါ့မယ်၊ ခုလည်း သူများအိမ်မှာကပ်နေရတာပါ။ မမထားမယ်ဆို နေပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဖြူသာ မမတို့အပေါ် သစ္စာရှိရှိနဲ့ လုပ်ကိုင်ပေးရင် မမက ဒါထက် ချီးမြှင့်မှာပေါ့"

"ကျေးဇူးပါပဲ မမရယ်"

နှင်းဖြူမှာ အလုပ်အကိုင် ရလိုက်ပြီမို့ ဝမ်းသာကြည်နူး၍မဆုံးနိုင် ဖြစ်နေ၏။ မြင့်မိုရ်ကို ကျေးဇူးတင်စကား ပြောလိုက်ရသည်မှာ အမော၏။ ထိုနေ့ည နှင်းဖြူတို့အိမ်တွင် ဟင်းထမင်းချက်ပြုတ်ပြီး မြင့်မိုရ်ကို ကျွေးမွေးခဲ့၏။ မြင့်မိုရ်က ချက်ပြုတ်စရိတ်ကို ထုတ်ပေးခဲ့သဖြင့် ဝက်သားနီချက်၊ ပဲကြီးနှပ်၊ ငါးပိကြော်နှင့် အရသာရှိရှိ စားသောက်ခဲ့ကြ၏။

နှင်းဖြူ၏သူငယ်ချင်း မြရီနှင့် လှရီတို့လည်း ပါသဖြင့် ဝိုင်းကမြိုင်ဆိုင်လှ၏။ နှင်းဖြူ့ခမျာ ထိုနေ့ညကလေးကို အပျော်ကြီးပျော်ခဲ့၏။ မိခင်ကြီးမှာလည်း သမီး၏သတင်းကြောင့် ထူထူထောင်ထောင် ဖြစ်လာကာ သူတို့နှင့်အတူ ဝင်ရောက်စားသောက်ခဲ့၏။

မြင့်မိုရ်သည် နှင်းဖြူပျော်နေသည့်ပုံကလေးကိုကြည့်ပြီး သူပါ အပျော်တွေ ကူးဆက်ခဲ့ရ၏။

သို့နှင့် နောက်တစ်နေ့ နံနက်ခင်းမှစ၍ သူဌေး၏ခြံဝင်းထဲသို့ ပြောင်းရွှေ့ခဲ့ကြ၏။ တန်းလျားပေါ်တွင် သားအမိတစ်တွေ လုံလုံခြုံခြုံနေရသည်မို့ ကြည်နူးမဆုံးနိုင်ဖြစ်နေကြ၏။ သူဌေးကတော်ကလည်း သူတို့မိသားစု လိုအပ်တာမှန်သမျှ ချီးမြှင့်ပေးကမ်းခဲ့၏။

သူဌေးဆိုသူကိုတော့ တစ်ခါမျှ မမြင်ဘူး။ သူတို့လူစု သူဌေးနေထိုင်သည့် တိုက်ကြီးအနောက်ဘက် ထမင်းချက်တဲကလေးထဲတွင် ချက်ပြုတ်ခဲ့ကြရ၏။ အိမ်ကြီးပေါ် အကြောင်းမရှိဘဲ တက်ခွင့်မရှိ။

ထမင်းချက်တဲက ခိုင်ခံ့လှပြီး ထင်းရုံကြီးကို တဲအနောက်ဘက်တွင် တည်ဆောက်ထား၏။ တဲထဲတွင် မီးဖိုသုံးလုံးက မီးမပြတ်။ ချက်ရ၊ ပြုတ်ရသည်မှာလည်း နားသည်မရှိ။

ပြောရလျှင် သူဌေး၏ခြံဝင်းကြီးက သုံးဧကနီးပါးခန့် ကျယ်ဝန်းလှပြီး ကျောက်သွေးစက်ရုံ၊ အလုပ်သမားတန်းလျားများလည်း တည်ဆောက်ထား၏။ ကျောက်သွေးစက်ရုံတွင် အလုပ်သမား ဆယ်ကျော်ကျော်ခန့်ရှိ၏။

နှင်းဖြူတို့သည် သူဌေးအိမ်အတွက် ချက်ပြုတ်၊ ပြီးလျှင် အလုပ်သမားများအတွက်ပါ ဆက်၍ ချက်ပြုတ်ရလေ၏။ နှင်းဖြူတို့ ထမင်းချက်အဖွဲ့တွင် နှစ်ဖွဲ့ခွဲထား၏။ တစ်ဖွဲ့က အဝယ်တော်အဖွဲ့ ဖြစ်ပြီး တစ်ဖွဲ့က အချက်အပြုတ်အဖွဲ့ ဖြစ်လေ၏။

သူဌေး၏ အိမ်ဝင်းထဲတွင်လည်း ကားအဝင်အထွက်တွေက





များလှ၏။ မျက်နှာဖြူအချို့ကိုလည်း တွေ့ရ၏။ အချိန်အခါမှာ အင်္ဂလိပ်မင်းတို့ အုပ်စိုးစဉ် အချိန်အခါဖြစ်၍ မြို့ပေါ်တွင်လည်း မျက်နှာဖြူများကို မကြာခဏ မြင်တွေ့နေရလေ၏။

သူဌေး၏အသွင်ကို သဲသဲကွဲကွဲမမြင်ရသော်လည်း မျက်နှာဖြူများနှင့် တပူးတွဲတွဲ သွားလာနေသည်ကိုတော့ ရိုးတိုးရိပ်တိပ် တွေ့ရ၏။ နှင်းဖြူသည် ထမင်းချက် မကြွေတို့လူစုနှင့် ချက်ရပြုတ်ရသည်မှာ ကြည်နူးလှ၏။ ထို့ပြင် ပညာလည်းရသည် ဆိုရချေမည်။

မကြွေက ချက်ပြုတ်ကြော်လှော်သည့်နေရာတွင် ကျွမ်းကျင်နိုင်နင်းလှ၏။ လုပ်ကိုင်ရာတွင်လည်း သန့်သန့်ပြန့်ပြန့် လုပ်တတ်ကိုင်တတ်သူ ဖြစ်၏။ စနစ်ကျလှသူလည်း ဖြစ်၏။ မီးဖိုချောင်ထဲရှိ ကျွန်းစင်ကြီးပေါ်၌ မကြွေက သရက်သီးချဉ်၊ မရန်းသီးချဉ် စသည်ဖြင့် ချဉ်ရည်စိမ်ထားသည့် ပုလင်းကလေးတွေက အစီအရီ။ ငါးရံ့ခြောက်၊ ငါးအူချောင်း၊ ဝက်ပေါင်ခြောက်၊ အမဲခြောက်၊ ဆိတ်သားခြောက် စသည်ဖြင့် ကိုယ်တိုင်လုပ်ထားသည့် အသားအခြောက်တွေလည်း ရှိ၏။

ရေခဲသေတ္တာထဲတွင်လည်း အရွက်စိမ်းစိမ်း၊ အသီးစိမ်းစိမ်းများ သိုလှောင်ထား၏။ သူဌေးကတော်က မီးဖိုချောင်သို့ လာသည်မရှိ။ မကြွေက ချက်ပြုတ်ပြီးသားကို အိမ်ကြီးဆီသို့ သယ်ပို့ပေးရ၏။ မကြွေမှာ ဟင်း၊ ထမင်းချက်ရာမှာလည်း အစပ်အဟပ်တည့်လှ၏။

အစပ်ဟင်းချက်လျှင် အချိုချက်ကလေးကလည်း ပါ၏။ အအီဟင်းချက်လျှင် အချဉ်ဟင်းကလေးလည်း ပါ၏။ အရသာစုံလင်လှသည်မို့ နှင်းဖြူအတွက် ထမင်းဟင်းချက်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့လေ၏။

မြင့်မိုရ်နှင့်လည်း မတွေ့၊ တွေ့ချင်လို့ သွားပြန်တော့ မြင့်မိုရ်က ကျောက်သွေးခန်းက မထ။ တစ်ယောက်တည်း ကျောက်တွေနှင့် အလုပ်ရှုပ်နေတတ်၏။

တစ်ရက်တွင် သူဌေးကတော်၏မွေးနေ့ပွဲ ကျင်းပခဲ့၏။ သူဌေးကတော်အမည်က သစ္စာဝတ်မှုန်။ မွေးနေ့ပွဲတွင် ပုလဲနှစ်ရောင်ဖဲသားဝတ်စုံကို ထက်အောက်ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံး စိန်ရတနာတွေ တဖျပ်ဖျပ် ဝင်းလက်နေ၏။

ဧည့်သည်တွေကလည်း မျက်နှာဖြူပရိသတ်တွေ များလှ၏။ နှင်းဖြူတို့လူစုမှာ မီးဖိုချောင်ထဲက ထွက်ရသည်မရှိ။ ဧည့်သည်များ အတွက် ကြက်ဆင်သားကို ဒိန်ချဉ်နှင့်စိမ်ကာ ဥရောပအစားအစာ အဖြစ် ချက်ပြုတ်ရ၏။ ပေါင်မုန့်ကြက်ဥ၊ မုန်လာဥ၊ ပုစွန်ထုပ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် အရသာမျိုးစုံလှ၏။ တဖွဲဖွဲရောက်လာသည့် ပရိသတ်ကြီးတလည်း လက်ဆောင် တစ်ပွေ့တစ်ပိုက် ယူလာခဲ့၏။ မြင့်မိုရ်တို့အလုပ်ရုံလည်း ပိတ်ထားရ၏။ မြင့်မိုရ်က သူတို့ ထမင်းချက်ဖို့ကြီးနားလာကာ နှင်းဖြူနှင့် စကားစမြည်ပြောဆိုခဲ့၏။

"မောနေပြီလား နှင်းဖြူ မျက်နှာမှာလည်း ချွေးသီးချွေးပေါက်ကလေးတွေတွဲလို့၊ အစ်ကို ဘာလုပ်ပေးရမလဲဟင်"

"ရပါတယ် အစ်ကိုရယ်၊ အစ်ကိုကလည်း အလုပ်ရုံထဲက နားရတယ်မရှိဘူး"

"ဟုတ်တယ် နှင်းဖြူ နိုင်ငံခြားပို့ဖို့ အပ်ထည်တွေကလည်းများတယ်လေ။ ပြီးတော့ စိန်ထည်တွေချည်းပဲဆိုတော့ ထိုင်ခုံက ထလို့မဖြစ်ဘူး နှင်းဖြူရဲ့။ ခုလည်း သူဌေးကတော် မွေးနေ့မို့ အလုပ်ရုံပိတ်ထားရပေမယ့် သူဌေးလိုချင်တဲ့နေ့ ရပ့်မလားတောင် စိတ်ပူနေရတာ"

"ဒါထက် ကိုမြင့်မိုရ်၊ ထမင်းစားတော့မလား"

"မစားသေးပါဘူး နှင်းဖြူရယ်၊ နှင်းဖြူတို့ ချက်ပြုတ်ပြီးသွားပြီလား"

"ဟုတ်ကဲ့ - လောလောဆယ်တော့ ပြင်ဆင်ပြီးသွားပြီ၊ ဘာကိစ္စရှိလို့လဲ အစ်ကိုမြင့်မိုရ်"

"ဒီလို နှင်းဖြူရဲ့၊ အစ်ကို နှင်းဖြူကို ပေးစရာရှိလို့လေ"

"ဟင်-ဘာများလဲ အစ်ကိုမြင့်မိုရ်"

မြင့်မိုရ်သည် ဝတ်ဆင်လာသည့် အညိုရောင် သက္ကလတ်ကုတ်အင်္ကျီထဲ လက်နှိုက်ကာ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်၏။ ရုတ်တရက်မို့ နှင်းဖြူ အံ့ဩနေ၏။ အိတ်ထဲမှ ထွက်လာသည့်အရာကရတနာထည့်သည့် ကတ္တီပါဘူးလေး ဖြစ်၏။

"ဒီမှာကြည့်ပါဦး"

ဘူးအဖုံးလေးကို ဖွင့်ပြလိုက်ရာ အလွန်မှ လက်ရာမြောက်လှသော ကျောက်စိမ်းလက်စွပ်ကလေးတစ်ကွင်းကို တွေ့လိုက်ရ၏။ ကျောက်စိမ်းအသားပေါ်တွင် ပန်းပွင့်ကလေးတစ်ပွင့်ကို ထုဆစ်ထား၏။ လက်ရာက မြောက်လှ၏။

"အို - လှလိုက်တာ အစ်ကိုမြင့်မိုရ်ရယ်၊ ဒါ အစ်ကိုမြင့်မိုရ်ကိုယ်တိုင်လုပ်ထားတဲ့လက်စွပ်လား"

"ဟုတ်တယ် နှင်းဖြူ ဒါ အစ်ကို့လက်ရာလေ။ ဒီလက်စွပ်ကလေးကို သူဌေးက အစ်ကို့အတွက် လက်ဆောင်ပေးခဲ့တာ"

"တော်တော်တန်ကြေးရှိမှာပဲနော်"



"ဟုတ်တယ် နှင်းဖြူ ဒီကျောက်စိမ်း အရေအသွေးကောင်းတယ်။ ပြီးတော့ အကြောလည်းတင်းတယ်။ လိုချင်တဲ့ပုံကိုလည်း ကောင်းကောင်းဖော်လို့ရတာမို့ အစ်ကို့စိတ်ကြိုက် ပုံဖော်ခဲ့တာလေ"

"လှလိုက်တာ အစ်ကိုရယ်"

"အဲဒါကြောင့် အစ်ကို နှင်းဖြူကိုပေးဖို့ယူလာတာလေ။ ရော့- နှင်းဖြူယူလိုက်"

"အို"

"အစ်ကို စေတနာဖြူဖြူစင်စင်နဲ့ ပေးတာပါ နှင်းဖြူ ယူလိုက်ပါ။ ဒါ အစ်ကို့ရဲ့ အမှတ်တရလက်စွပ်ကလေးပါ"

"အစ်ကိုရယ်၊ နှင်းဖြူ မယူရက် . . ."

"ယူပါ နှင်းဖြူရယ်၊ နှင်းဖြူရဲ့ ဖြူသွယ်သွယ်လက်ကလေးတွေနဲ့ လိုက်ဖက်မှာ သေချာပါတယ်။ ရော့ရော့- ဝတ်လိုက်စမ်းပါ"

"အို"

မြင့်မိုရ်က ဇွတ်တရွတ် ပေးနေသည်မို့ နှင်းဖြူ အားတုံ့အားနာနှင့်ယူပြီးဝတ်ကြည့်လိုက်၏။ မြင့်မိုရ်သည် နှင်းဖြူလက်ကလေးကိုကြည့်ကာ အကြည်နူးကြီး ကြည်နူးနေ၏။

"လှလိုက်တာဗျာ၊ နှင်းဖြူလက်ကလေးတွေကြောင့် လက်စွပ်ကလေးက ပိုပြီး လှသွားပြီ။ ဝတ်ထားလိုက်စမ်းပါ နှင်းဖြူရာ၊ အဲဒီလက်စွပ်ဝတ်ရင် လာဘ်ကောင်းတယ်၊ ကျန်းမာရေးလည်းကောင်းတယ်လို့ အယူရှိကြတယ်။ ယူထားလိုက်ပါ နှင်းဖြူ အစ်ကို့ရဲ့အမှတ်တရမို့ နှင်းဖြူအမြဲ ဝတ်ထားစေချင်တယ်"

မြင့်မိုရ်၏စကားများကြောင့်လည်း နှင်းဖြူ ရင်ခုန်ခဲ့ရ၏။ မြင့်မိုရ်၏ စူးရဲရဲမျက်လုံးများကို နှင်းဖြူ ရဲရဲမကြည့်ဝံ့။ ကြည့်မိတော့လည်း ရင်တွေခုန်နေသဖြင့် ခေါင်းငုံ့ပြီး လက်စွပ်ကလေးကို ကြည့်နေမိ၏။

ထိုစဉ် မြင့်မိုရ်က မီးဖိုဆောင်ကြီးဘေးမှ ထွက်ခွာသွားခဲ့လေ၏။ နှင်းဖြူမှာ ယခုထိ ရင်ခုန်နေရဆဲ။ သူ့နံဘေးနားသို့ မသက်ခိုင်ရောက်လာသည်ကိုပင် သတိမထားမိ။ မသက်ခိုင်က သူတို့နှင့်တစ်ဖွဲ့တည်းသား။ စကားကို အမြဲတမ်း ဟောင်ဖွာဟောင်ဖွာ ပြောဆိုတတ်၏။ အစအနောက်ကလည်း သန်လှ၏။

"မိနှင်းဖြူ"

"ဟင် - မမသက်"

"ဟင်းဟင်း . . . ငါမြင်တယ်နော်၊ မြင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမြင်တာတုံး မမသက်ရဲ့"

"ယေးစမ်း ဒီလက်"

"ဟင်"

"တွေ့ပြီ ဟင်း. . . ဒါ ဟိုကောင်လေးပေးသွားတဲ့ ချစ်သက် လက်ဆောင်ကလေးပါလား"

"အို - မမသက်ကလည်း"

"ငါပြောတာ မဟုတ်လို့လားဟဲ့။ ကောင်မလေးနော်၊ တစ်ယောက်တည်း ကျိတ်ဝမ်းသာမနေနဲ့"

"အို - မဟုတ်ပါဘူး မမသက်ရယ်၊ သူက ကျွန်မကို စေတနာဖြူဖြူစင်စင်နဲ့ ပေးတာပါ။ အဲဒီစကားကိုတော့ ယုံပါ မမသက်ရယ်။ ကျွန်မတို့ ရိုးရိုးသားသား ခင်မင်ခဲ့ကြတာပါ"

"ဟင်းဟင်း. . . ငါ့ကို မလိမ်နဲ့နော်"

"မလိမ်ပါဘူး မမသက်ရယ်၊ နှင်းဖြူ အမှန်အတိုင်းပြောတာပါ။ ပြီးတော့ နှင်းဖြူကို သူက ဒီမှာ အလုပ်သွင်းပေးခဲ့တာလေ။ သူ့ကြောင့် နှင်းဖြူတို့မိသားစု အေးအေးလူလူ နေနိုင်ခဲ့တာပါ။ သူက သူတော်ကောင်းပါ၊ တစ်မျိုးမထင်ပါနဲ့"

"ထားပါတော့လေ၊ ငါကလည်း ညည်းကို ရိုက်ပြီးမမေးပါဘူး။ အဲဒီ ကိုမြင့်မိုရ်က တော်တော် ယောက်ျားပီသတဲ့လူပဲနော်။ ပြီးတော့ ပုံစံက တော်တော် အနုပညာဆန်တာပဲ။ ခေါင်းပေါ်က ဆံပင်တွေကလည်း လှိုင်းကလေးတွေလို ကွေးကွေးကောက်ကောက်နဲ့။ သူက တယောထိုးတာ နှင်းဖြူ သိလား"

"ရှင်- အစ်ကိုမြင့်မိုရ်က တယောထိုးတယ်"

"ဟုတ်တယ်၊ တစ်ခါတစ်ခါ အလုပ်ရုံဘက်က တယောသံကို ကြားရတယ်။ အဲဒါသွားကြည့်တော့ သူတစ်ယောက်တည်း တယောထိုးနေတာ တွေ့ရတယ်။ လက်သံကလည်း ကောင်းပါ့ကွယ်"

မြင့်မိုရ်၏တယောသံကို သူတစ်ခါမှ မကြားဘူး။ ကဗျာဆန်လှသော မြင့်မိုရ်ကို နှင်းဖြူ အသေအချာ နားမလည်နိုင်။ သို့သော် မြင့်မိုရ်၏ ပြောသမျှဆိုသမျှ ဟန်ပန်အမူအရာတို့သည် အနုပညာဆန်လွန်းလှသည်ဟုတော့ နှင်းဖြူ တွေးမိ၏။

တစ်ခါတစ်ရံ အလုပ်ရုံထဲ တစ်ယောက်တည်းထိုင်ပြီး စာအုပ်ထူထူကြီးတွေ ဖတ်နေသည်ကိုလည်း တွေ့ဖူး၏။ စာတွေရေးနေသည်ကို မြင်ခဲ့ဖူး၏။ ယခုတော့ တယောပါထိုးတတ်တယ်ဆိုသဖြင့် သူ့ရင်ထဲ ထူးထူးဆန်းဆန်း ခံစားနေရ၏။





ယခုလည်း သူကိုယ်တိုင် ထုဆစ်ပုံဖော်ခဲ့သည့် ကျောက်စိမ်းလက်စွပ်ကလေးကိုကြည့်ပြီး ကြည်ကြည်နူးနူး ခံစားနေရ၏။ ထိုစဉ် သူ့နံဘေးတွင် ရပ်နေသော မသက်ခိုင်က နောက်လိုက်၏။

"သတိရနေပြီလား နှမလေးရဲ့"

"အို - မမသက်ကလည်း"

"ကောင်မလေးနော်၊ မရိုးတော့ဘူး"

"မပြောပါနဲ့ မမရယ်၊ ကိုင်း- လုပ်စရာရှိတာ သွားလုပ်ကြစို့"

စကားစဖြတ်လိုက်ပြီး မီးဖိုထဲဝင်ခဲ့၏။ ချက်ပြုတ်ပြီးသွားပြီမို့ လိုအပ်သမျှကို ခူးခပ်ပေးနေရ၏။ မွေးနေ့ပွဲ ပြီးဆုံးသွားသောအခါ သူ့ဌေးကတော် ရောက်ရှိလာပြီး သူတို့ကို ဘောက်ဆူးတွေ ပေးခဲ့၏။

နှင်းဖြူသည် မိခင်ကြီးအတွက် ဟင်းထမင်းများကို ချိုင့်ထဲထည့်ကာ တန်းလျားဘက်သို့လာခဲ့၏။ သူရောက်ရှိသွားချိန်တွင် အတော်ကလေး မှောင်မိုက်နေပြီဖြစ်ပြီး မီးအိမ်ကလေးပင် မီးရောင်တလဲ့လဲ့နှင့် ဖြစ်နေချေပြီ။

အိမ်ပေါ်အရောက်တွင် မိခင်ကြီး၏ စကားသံကို ကြားလိုက်ရ၏။

"နှင်းလေးလား"

"ဟုတ်တယ် မေမေ၊ မေမေ ဆာနေပြီလား"

"မဆာပါဘူးကွယ်၊ သမီး ညီမလေးတွေကလည်း သမီးကို မျှော်နေကြတာ"

"ကိုင်း- လာကြ၊ စားရအောင်။ သမီး ဟင်းတွေ၊ ထမင်းတွေ ပါလာတယ်။ စားရအောင် မေမေ"

"အေးကွယ်၊ ညီမလေးတွေ ခေါ်လေ"

"ဟုတ်ကဲ့"

သူတို့မိသားစု တစ်စားပွဲတည်းထိုင်ကာ လက်ရည်တစ်ပြင်တည်း စားသောက်လိုက်ကြ၏။ မိခင်ကြီးမှာ ကျန်းမာရေး အတော်ကလေး ကောင်းလာသည့်ပုံပင်။ အသားအရေကအစ သွေးရောင်လွှမ်းလာ၏။ တစ်ချိန်က မိခင်ကြီး၏အသွင်မှာ ပိန်ခြောက်ခြောက်၊ ဖြူဖပ်ဖပ်။ ယခုတော့ အရင်ပုံစံနှင့်တခြားစီ ဖြစ်နေပြီမို့ နှင်းဖြူဝမ်းသာရ၏။

စားသောက်နေကြစဉ် အငယ်မက သူ့လက်မှ ကျောက်စိမ်းလက်စွပ်ကလေးကို မြင်သွား၏။

"ဟယ်- လှလိုက်တာ မမရယ်၊ အဲဒီလက်စွပ်က မမသက်ဦး လားဟင်။ ဘယ်သူပေးတာလဲ မမ။ မမ လက်ကလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိပ်လိုက်တာပဲနော်"

"ဟို. . . ဟို၊ ဟိုဒင်း. . ."

"ဘာလဲ မမရဲ့"

"သူငယ်ချင်းပေးတာပါကွယ်"

"လှလိုက်တာ၊ တော်တော် တန်ဖိုးကြီးမှာပဲနော်"

"ဟုတ်တယ်၊ နွေဦးပြောတာ ဟုတ်တယ်။ မိုးဦး ခုမှမြင်မိတယ်"

"ကဲကဲ - စားမယ့်ဟာစားကြ"

ညီမနှစ်ယောက်ကို 'ငေါက်သာငေါက်လိုက်ရသော်လည်း သူ့စိတ်ထဲ ပီတိသောမနဿတွေ ဝေခဲ့ရ၏။ အိပ်သည်အထိ သူ့စိတ်ထဲ အစွဲလမ်းကြီး စွဲလမ်းခဲ့ရလေ၏။

ထိုအချိန် မြင့်မိုရ်တစ်ယောက် နှင်းဖြူကို ကျောက်စိမ်းလက်စွပ်ကလေး လက်ဆောင်ပေးခဲ့ရသဖြင့် ရင်ထဲ တသသ ခံစားနေရ၏။ သူ့ရင်ထဲ နှင်းဖြူနှင့်ပတ်သက်ပြီး ဟိုတစ်ချိန်ကတည်းက ခံစားနေရ၏။ နှင်းဖြူနှင့်ဆုံမိတိုင်း သူ့ရင်ထဲ လှိုင်းထခဲ့ရ၏။ နှစ်ဦးသားဆုံမိတိုင်းလည်း သူ့ရင်ထဲကဆန္ဒကို မဖွင့်ဟရဲ၊ အမြဲတမ်း မျိုသိပ်ခဲ့ရ၏။

နှင်းဖြူကို ချစ်တယ်လို့ တစ်ခွန်းတစ်ပါဒမျှ မပြောရဲ။ နှင်းဖြူထံမှ ချစ်တယ်ဆိုသော အဖြေမရဘဲ မုန်းတယ်ဆိုသော အဖြေကိုသာရခဲ့လျှင် သူ့ဘဝ ကမ္ဘာပျက်သလို ခံစားရမည်ကို တွေး၍ အကြောက်ကြီးကြောက်ခဲ့ရ၏။ ထို့ကြောင့်လည်း နှင်းဖြူကို တစ်ဖက်သတ်အချစ်နှင့်သာ အချစ်ကြီးချစ်ခဲ့ရ၏။

ယခုလို လက်ဆောင်ပေးလိုက်ရသည်ကိုပင် သူ အကြိမ်ကြိမ်စဉ်းစားခဲ့ရ၏။ နှင်းဖြူ ငြင်းပယ်လိုက်မှာကို သူ ရင်အထိတ်ကြီးထိတ်ခဲ့ရ၏။ နှင်းဖြူထံမှ အမုန်းစကားကို သူ မကြားဝံ့။ နှင်းဖြူမုန်းသွားမှာကိုလည်း အစိုးရိမ်ကြီး စိုးရိမ်ခဲ့မိ၏။

ကျောက်စိမ်းလက်စွပ်ကလေးက သူ့ဘဝသမိုင်းဟု ဆိုရချေမည်။ စိတ်ကူးရိပ်များစွာကို ချစ်ခြင်းမေတ္တာနှင့် ရောစွက်ဖြည့်ဆည်းပြီး အချိန်ယူ ထုဆစ်ခဲ့ရသော လက်စွပ်ကလေး။ နှင်းဖြူလက်ခံလိုက်သည်မို့ ဝမ်းအသာကြီးသာနေ၏။

သူ့အကြောင်းကို တစ်စွန်းတစ်စ သိနေသူက ငယ်သူငယ်ချင်းသံချောင်း။ သူတီးတိုးပြောပြလိုက်တော့ သံချောင်းက အားပါးတရရယ်မောခဲ့၏။

"ဟား ဟား ဟား၊ မင်းကလည်း သူ့ရဲဘောကြောင်လိုက်တာ။ ချစ်တာပဲ ပြစ်မှုကျူးလွန်တာမှ မဟုတ်ဘဲ မြင့်မိုရ်ရာ။ ပြော





စရာရှိရင် ပြောချလိုက်ပေါ့ကွာ"

"ဟာ - ငါမပြောရဲဘူး။ သူ မချစ်ရင်နေပါစေ၊ မုန်းသွားမှာတော့ ငါအရမ်းကြောက်တယ်ကွာ"

"ဒါဆို မင်းက အဲဒီလိုပဲ တစ်သက်လုံးနေသွားမှာလားကွ။ မဟုတ်သေးပါဘူးကွာ၊ မင်းရဲ့ဖွင့်ဆိုချက်က မြုံတုံတုံနဲ့။ ငါတော့ အားမရဘူး"

"နေပါစေကွာ၊ ငါနဲ့ နှင်းမှုန်ကြားမှာ ကြည်လင်နေတဲ့ ဆက်ဆံမှုတွေ လှိုင်းထသွားမှာ ကြောက်တယ်။ ဒါပေမယ့် ငါပေးခဲ့တဲ့ လက်စွပ်ကလေးကို နှင်းဖြူ လက်ခံလိုက်တာတော့ ငါဝမ်းသာလို့ မဆုံးဘူးကွာ"

"ဒါဆိုရင် မင်းတို့အိမ်မှာ ငါထမင်းစားပြီးမှ ပြန်မယ်။ ပြီးတော့ ငါ့ကို တယောထိုးပြီး သီချင်းဆိုပြကွာ"

"ဟာ - ငါ အရပ်ထဲမှာ တယောမထိုးချင်ဘူးကွာ"

"မြင့်မိုရ်ကလည်းကွာ၊ ဘာဖြစ်သတုံးကွ။ မင်းကို ဘယ်သူက တရားစွဲမှာလဲ။ နေရာတကာမှာ ရှက်ကြောက်နေတာ တို့ယောကျ်ားတွေအလုပ် မဟုတ်ဘူးကွ။ လုပ်စမ်းပါကွာ၊ မင်း ငါ့ကို တစ်လောက ဆိုတီးပြခဲ့တဲ့ 'နှင်းမဲ့ည' ဆိုတဲ့ သီချင်းလေကွာ။ အဲဒါ မင်းကိုယ်တိုင်ရေးခဲ့တဲ့သီချင်း မဟုတ်လား"

"ဟို- အဲဒါ . . ."

"လုပ်ပါကွာ၊ ငါက ကြားချင်လွန်းလို့ပါ"

သံချောင်း အမွှတိုက်တွန်းနေသဖြင့် နောက်ဆုံးတွင်တော့ သိမ်းဆည်းထားသည့် တယောသေတ္တာလေးကိုထုတ်ကာ ကိုယ်တိုင်ရေးစပ်သီကုံးခဲ့သည့် 'နှင်းမဲ့ည' သီချင်းလေးကို ကြေကြေကွဲကွဲ တမ်းတမ်းတတနှင့် သီဆိုလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

... တိုတောင်းလှသော ဘဝထဲတွင်
အိပ်မက်သည်
ဘဝအတွေ့ မေ့မနိုင်ပါဟု
ဆိုကြချေမည် ...

## အခန်း (၂)

မြင့်မိုရ် ကချင်ပြည်နယ်ဘက်သို့ ခရီးထွက်သွားလေပြီဟု ကြားလိုက်ရတော့ နှင်းဖြူ၏ရင်ထဲ တင်းတင်းကျပ်ကျပ်ကြီး ခံစားလိုက်ရ၏။ သွားတာတောင် နှုတ်ဆက်မသွားသည်မို့ မချင့်မရဲဖြစ်နေမိ၏။

ဘာဖြစ်လို့များ မပြောမဆိုထွက်သွားရတာပါလိမ့်။ ဒီကတော့ အိမ်ကိုများ ရောက်လာလေမလားလို့ မျှော်လိုက်ရတာ အမော။ ညညဆိုရင် အိမ်ရှေ့မှဖြတ်သွားသည့် လူသူအရိပ်အယောင်ကိုပင် မြင့်မိုရ်လေလားဟု စိတ်ထဲက ထင်မှတ်မိ၏။

မျှော်လင့်ရင်းနှင့်သာ မိုးတွေချုပ်ခဲ့ရ၏။ မျှော်သူကတော့ ပေါ်မလာပါချေ။ ယခုတော့ မသက်ခိုင်ထံမှ ကြားလိုက်ရသည့် သတင်းကြောင့် သူ့ရင်ထဲ ငိုချင်စိတ်ပင် ဖြစ်ခဲ့ရ၏။ သို့သော် သူ့ရင်ထဲမှ အဖြစ်ကို မသက်ခိုင်သိမှာစိုးနေသဖြင့် မျိုသိပ်ခဲ့ရ၏။

"ဘယ်လိုလဲ နှင်းကလေးရဲ့၊ မမသက်စကားကြောင့် ငိုချင်နေပြီလား"

"အို - မမသက်ကလည်း အဲဒီလိုတော့ . . ."

"သိပါတယ် နှင်းကလေးရယ်၊ မမသက်လည်း ငယ်ရာက ကြီးလာတာပဲအေ။ တို့ယောကျ်ား ကိုမြတ်စံ နယ်ကိုသွားတုန်းက ငါမှာ ကျိတ်ကျိတ်ပြီး ငိုလိုက်ရတာ"

"အို"

"ဒါရှက်စရာ မဟုတ်ပါဘူးကွယ်၊ ချစ်တာပဲ အပြစ်ကျူးလွန်တာမှ မဟုတ်ဘဲ။ ချစ်စရာရှိတာ ချစ်လိုက်ပေါ့"

"မမသက်နော်၊ ပြောလေကဲလေပဲ"

"ဘာလဲ- ဒါဆို နှင်းကလေးက မြင့်မိုရ်ကိုမချစ်ဘူးလား မနှင်း

www.burmeseclassic.com



ဘူးဆိုရင်လည်း ရှင်းရှင်းပြတ်ပြတ်သာပြော။ သူ့ကိုချစ်ချင်တဲ့ လူတွေက တစ်ပုံကြီး"

"ရှင်"

"အဟုတ်ပြောတာ နှင်းကလေးရဲ့။ တစ်လောက ညည်းတို့ရပ်ကွက်ထဲက သီတာဝေဆိုတဲ့ ကောင်မလေးလေ၊ နှင်းကလေး သိသားပဲ"

"ဟို-- ဦးကြီးခင်မောင်ရဲ့သမီး"

"ဟုတ်ပါ့၊ သူက မောင်မြင့်မိုရ်ကို တစ်ဖက်သတ်ကြိုက်နေတာ။ ငါနဲ့လည်း ရင်းနှီးနေတော့ ငါ့ကိုအတင်းအောင်သွယ်ခိုင်းနေတယ်နော်"

"ဘုရား. . . ဘုရား၊ မိန်းကလေးဘက်က စ,ရတာတော့ ကောင်းပါ့မလဲ မမသက်ရယ်"

"ဟဲ့- ခက်ပါ့ နှင်းကလေးရယ်၊ ကြိုက်မရှက်ငိုက်မရှက်ဆိုတဲ့ စကား ရှိသားပဲဟဲ့။ ချစ်တာကြိုက်တာပဲ အဆန်းလုပ်လို့ကွယ်၊ သူရောကိုယ်ရော လူပျိုအပျိုတွေပဲ။ ဘယ်လိုလဲ၊ ငါ သီတာဝေနဲ့ ဆက်ပေးလိုက်ရမလား"

"ရှင်"

မသက်ခိုင်၏စကားကြောင့် သူ့ရင်ထဲ အောင့်သီးအောင့်သက် ခံစားလိုက်ရ၏။ မြင့်မိုရ်ကို တစ်ယောက်ယောက် သိမ်းပိုက်သွားမှာကို အစိုးရိမ်ကြီး စိုးရိမ်နေမိ၏။ ဖြစ်နိုင်လျှင် မြင့်မိုရ်ကို သူတစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်လှ၏။ သို့သော် မြင်းကမလှုပ် ခုံက လှုပ်ရမည့်အဖြစ်မို့ နှင်းဖြူ့ရင်ထဲ မချိတင်ကဲ ဖြစ်ခဲ့ရ၏။

"ဘယ်လိုတုံးလို့"

"အို - နှင်းဖြူ ဘာမှမပြောပါရစေနဲ့ မမသက်ရယ်၊ သူက နှင်းဖြူ့ကို ရှိတယ်တောင် မထင်ဘူးလေ"

"ဟဲ့ - ဘယ်လို"

"ဟုတ်တယ်လေ၊ ခုလည်း ကချင်ပြည်နယ်ဘက်ထွက်သွားတာ တစ်ခွန်းတစ်ပါဒတောင် ပြောမသွားဘူး။ အဲဒီကတည်းက သူ နှင်းဖြူ့ကို ခေါင်းထဲမှာမရှိဘူးလို့ ပြောရတာပေါ့"

"ဩော်- ဒီလိုကိုး။ ထားပါတော့လေ၊ ငါပြောချင်တာကတော့ မောင်မြင့်မိုရ်ကို သူဌေးက တအားယုံတာ။ ခုလည်း ကချင်ပြည်နယ်ဘက်မှာ ကျောက်စိမ်းတွေဝယ်ဖို့ လွှတ်လိုက်တာလေ"

"ဒါဆို ဘာဖြစ်လို့ နှင်းဖြူ့တို့ကို နှုတ်မဆက်ဘဲ ထွက်သွားတာ





လဲ၊ နှင်းဖြူကတော့ သူ့ကို ညတိုင်းမျှော်နေရတာ"

"ဘာ - ညတိုင်းမျှော်နေတယ်"

"ဟို. . . ဟိုဒင်းလေ"

"ဟင်းဟင်း. . . ငါ့ကို မညာစမ်းပါနဲ့အေး။ ဒီတစ်ခါ ပြန်လာရင် မြင့်မိုရ်ကို လက်ဆွဲပြီး နင့်ရှေ့ ငါခေါ်လာပြမယ်"

"အို - မမသက်ကလည်း"

မသက်ခိုင်၏စကားကြောင့် နှင်းဖြူခမျာ ခေါင်းလေးတငုံ့ငုံ့ ဖြစ်နေ၏။ သူ့ရင်ထဲမှာတော့ မသက်ခိုင်၏စကားတွေက ပျားရည်လို ချိုမြနေသည်ဟုပင် ခံစားနေရလေ၏။

* * *

တစ်ရက်တွင် မကြွေ ဖျားနာနေသည်မို့ ချက်ပြုတ်ထားသည့် ဟင်းထမင်းများကို ငွေလင်ပန်းကြီးထဲထည့်ကာ အုပ်ဆောင်းပြီး အိမ်ကြီးဘက်သို့ ထွက်ခဲ့၏။

သူ့ရင်ထဲမှာတော့ တထိတ်ထိတ်။ သူဌေးအိမ်ရိပ်ကိုတောင် မနင်းဘူးသည်မို့ အထိတ်ထိတ်အလန့်လန့် ခံစားနေရ၏။ ခြေလှမ်းတွန့်ဆုတ် တွန့်ဆုတ်နှင့် နောက်ဖေးပေါက်မှ တံခါးဖွင့်၍ဝင်ခဲ့၏။

နောက်ဖေးခန်းပင်လျှင် နင်းရက်စရာမရှိ။ အသုံးအဆောင်ပစ္စည်းများကအစ လင်းလက်ဝင်းပနေ၏။ အိမ်ကြီးထဲအရောက် ဧည့်ခန်းလှေကားကြီးပေါ်မှ လူတစ်ယောက် ဆင်းလာသည်ကို သတိထားမိလိုက်၏။

"ထမင်းလာပို့တာလား"

"ရှင် - ဟုတ်. . . ဟုတ်ကဲ့ပါရှင့်"

"ဩော် - အေးအေး။ လူသစ်ထင်တယ်၊ မင်းကို ငါတစ်ခါမှ မတွေ့ဖူးဘူးပါလား"

"ရှင် - ဟုတ်ကဲ့၊ ရောက်တာတော့ သုံးလလောက်ရှိပါပြီရှင့်"

"နာမည်ဘယ်သူတုံး"

"နှင်းဖြူပါရှင်"

"ဟုတ်လား၊ နာမည်လေးက ကဗျာဆန်လိုက်တာ။ ငါ့ကို ရဲရဲကြည့်ပါဦးကွ၊ မင်းကလေးကို ကိုက်မစားပါဘူး။ ငါ့နာမည် ကျော်စွာနေမင်း"

"ရှင်"

ဩဇာသံအပြည့်နှင့်ပြောလာသည့်လူကို ရဲရဲတောင်မကြည့်ဝံ့။ အမိန့်သံပါပါနှင့် ပြောလာသည်မို့ မရဲတရဲနှင့် ကြည့်လိုက်မိ၏။ သက်သုံးဆယ်ကျော် အရွယ်ခန့်ရှိပြီး ရုပ်ရည် အဟိတ်အဟန်က



www.burmeseclassic.com

www.burmeseclassic.com



အစ ခံ့ညားမာကျောလှ၏။ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ရှိသလို ပင်။ သူ့ကို ပြုံးစစနှင့်ကြည့်ပြီး ပြောလိုက်၏။

"မင်းကလေးက အတော့်ကို လှတာပဲ။ မင်းက ထမင်းချက် လား"

"ဟုတ်ပါတယ်ရှင့်"

"ဟင်း ဟင်း ဟင်း၊ မင်း ကျောက်သွေးစက်ရုံဘက်မှာ လုပ်မ လား"

"ရှင်- ကျွန်မ အဲဒါတွေ နားမလည်ဘူးရှင့်"

"နောက်တော့ တတ်လာမှာပေါ့။ ထမင်းချက်ဘဝနဲ့ မင်းရုပ် မင်းရည်က မတန်ပါဘူး။ ဒါမှမဟုတ် တို့အိမ်ပေါ်မှာ အလုပ် လုပ်ပါလား"

"ရှင်- ဟို. . . ဟိုဒင်း ကျွန်မ . . ."

"ဘာမှထပ်မပြောနဲ့၊ မနက်ဖြန်ကစပြီး ငါတို့ အိမ်ကြီးပေါ် တက်ခဲ့။ အိမ်ရဲ့ဝေယျာဝစ္စတွေ လုပ်ရမယ်။ ငါပြောတာကြား လား"

"ဟုတ်. . . ဟုတ်ကဲ့"

"အေး - လခလည်း တိုးပေးမယ်။ နေတာက တန်းလျားမှာ လား"

"ဟုတ်ကဲ့"

"ဟုတ်ပြီ၊ မင်းလိုအပ်တာမှန်သမျှ မစိန်တုတ်ကိုပြော။ မစိန် တုတ်. . . မစိန်တုတ်"

"ရှင်- လာပါပြီ သူဌေး"

သူ့အသံကြောင့် အမျိုးသမီးကြီးတစ်ဦး အိမ်နောက်ဘက်ခန်း မှ အပြေးထွက်လာ၏။ အိမ်ကြီး၏အရှင်သခင်ဖြစ်သော ကျော်စွာ နေမင်းရှေ့တွင် ကြောက်ကြောက်ရွံ့ရွံ့နှင့် ရပ်နေ၏။

ကျော်စွာနေမင်းသည် နှင်းဖြူကို စူးစူးရဲရဲ စိုက်ကြည့်ရင်း မှာစရာရှိတာမှာကြားပြီး အိမ်ကြီးအပေါ်ထပ်သို့ တက်သွား၏။ နှင်းဖြူခမျာ မှင်တက်မိနေ၏။ တစ်ယောက်တည်း မတုန်မလှုပ်ရပ် နေ၏။ ထိုစဉ် မစိန်တုတ်က သူ့လက်ကိုဆွဲ၍ အိမ်နောက်ဖေး ထမင်းစားခန်းထဲ ခေါ်သွား၏။

"သမီးက နှင်းဖြူတဲ့လား"

"ဟုတ်ကဲ့ပါ ကြီးတုတ်"

"အေး - သမီးရောက်လာတော့ ကြီးတုတ်အတွက် အဖော်ရပြီ ပေါ့ကွယ်။ သူဌေးမင်းက တအား သဘောကောင်းတာကွယ့်၊



ဘောက်ဆူးပေးရင်လည်း ရက်ရက်ရောရောပေးတာ၊ ပြီး တော့ အဝတ်အစားကအစ ဝယ်ပေးတာ။ သမီးတော့ ကံ ကောင်းပြီလို့သာ မှတ်ပေတော့"

"ရှင် - ဟို သမီးက ထမင်းချက်ရတော့ . . ."

"အို - အဲဒါတွေ မေ့ပစ်လိုက်ပါအေ။ ဒီကိစ္စ ရာထူးတိုးသွားတာ အေ့။ ဒီအိမ်ကြီးပေါ်ကို တော်ရုံလူ တက်ခွင့်ရှိတာ မဟုတ်ဘူး"

"ရှင်"

"ဟုတ်တယ် သမီးရဲ့၊ သူဌေးက ခွင့်ပေးပြီဆိုလို့ကတော့ ငါ့ သမီး အဆင်ပြေပြီသာမှတ်ပေတော့"

ကြားလိုက်ရသော စကားလုံးတွေက သူ့အတွက် မယုံနိုင်စရာ ပင်။ သူဌေးမင်း ကျော်စွာနေမင်း၏အသွင်ကိုကြည့်ပြီး တအံ့တဩ ဖြစ်ခဲ့ရ၏။ သူ့စိတ်ထဲ သူဌေးမင်းကို ငါးဆယ်ကျော် ခြောက်ဆယ် ကျော်ခန့်ဟု ထင်မြင်ခဲ့၏။

ယခုတော့ ရုပ်ရည်သန့်ပြန့်ခံ့ညားလှသောအသွင် ရှိသည်မို့ စိတ်ထဲ အအံ့ဩကြီး အံ့ဩခဲ့ရ၏။ သူ့ကို ဖော်ဖော်ရွေရွေ ရင်းရင်း နှီးနှီး ဆက်ဆံလာသည်မို့ စိတ်ထဲ မယုံမရဲ ခံစားခဲ့ရလေ၏။

ထမင်းချက်တဲဘက်သို့ရောက်တော့ မသက်ခိုင်ကို တီးတိုး ပြောပြလိုက်၏။ သူ့စကားကြောင့် မသက်ခိုင် ဝမ်းသာအရဖြစ်နေ ၏။

"ငါဝမ်းသာလိုက်တာ နှင်းဖြူရယ်၊ အဲဒီအိမ်ပေါ်ကို တော်ရုံလူ မတက်ရဲဘူးကွယ့်။ ပြီးတော့ သူက တအား ချမ်းသာလွန်း တော့ ဘယ်သူ့ကိုမှယုံတာမဟုတ်ဘူး။ ညည်းတော့ ကံကောင်း ပြီပေါ့"

"အို - ကျွန်မ အဲဒီအိမ်ကြီးပေါ် မသွားရဲပါဘူး မမရယ်"

"ဘယ်လိုပြောတာလဲ၊ အဲဒါ နတ်မ,တာဟဲ့။ သူဌေးက တအား ရက်ရောတာ။ သူ့လိုလားတဲ့သူဆိုရင် လိုလေသေးမရှိအောင် ထောက်ပံ့တာကွယ့်"

"မလိုချင်ပါဘူး မမရယ်"

"ဩော် - ခက်ပါ့ကွယ်၊ ဘာမှ တွေးမကြည့်နဲ့ မျက်စိမှိတ်သာ လုပ်လိုက်ပါအေ။ နေဦးဟဲ့၊ သူဌေးကတော်ကို ငါ အခုတော့ မတွေ့တာကြာပြီ"

"ဟိုခပ်ချောချောမမလေး နာမည်က. . ."

"သစ္စာဝတီမှန်လေ၊ နာမည်နဲ့လိုက်အောင်လှတဲ့ သူဌေး ကတော်ပဲ။ အသားအရေကအစ ရွှေရည်ရွှေသားလို ဝင်းနေ

www.burmeseclassic.com

www.burmeseclassic.com



တာဟဲ့။ မတွေ့တာ တစ်ပတ်လောက်ရှိနေပြီ"

"ဟုတ်လား"

"ဒါတွေ ထားလိုက်ပါတော့။ ကဲ- ညည်းလုပ်စရာရှိတာကို ဆက်သာလုပ်ပေတော့။ ဘာမှကို ငြင်းမနေနဲ့။ လောကကြီးမှာ အခွင့်ကောင်း အခါကောင်းဆိုတာ ရခဲပါဘိ"

မသက်ခိုင်က အတင်းတိုက်တွန်းနေသော်လည်း နှင်းဖြူခမျာ ရင်တဖိုဖိုဖြစ်နေရ၏။ သို့နှင့် နောက်တစ်နေ့ နံနက်ခင်းအရောက်တွင် သူဌေးမင်းနေထိုင်ရာ အိမ်ကြီးပေါ်သို့ ထိတ်ထိတ်လန့်လန့် တက်ခဲ့ရ၏။

သူ့ကို ပြုံးပြုံးရွှင်ရွှင်နှင့် ဆီးကြိုနေသူက မစိန်တုတ်။

"ငါဖြင့် မျှော်လိုက်ရတာအေ၊ လာမှလာပါ့မလားလို့။ လာလာ- ကြီးကြီးနဲ့အတူ နောက်ဖေးခန်းသွားရအောင်"

"ဟုတ်. . . ဟုတ်ကဲ့"

မစိန်တုတ်ကို မြင်လိုက်ရသဖြင့် စိတ်ထဲ ပေါ့ပါးသွားခဲ့ရ၏။ နှစ်ယောက်သား နောက်ဖေးခန်းထဲထိုင်ကာ စကားစမြည်ပြောခဲ့ကြ၏။

"ဒီမှာတော့ အလုပ်သိပ်မရှိပါဘူး သမီးရယ်။ သန့်ရှင်းရေးအလုပ်၊ ထမင်းဟင်း ခူးကျွေး၊ ဘုရားစင် ရှင်းလင်း၊ ဒါလောက်ပါပဲကွယ်။ ဒီကိစ္စတွေ ကြီးတုတ်လုပ်မှာပါ။ ကြီးတုတ်နဲ့ ဝိုင်းပြီးလုပ်ရုံပါပဲ"

"ဟုတ်ကဲ့ရှင့်"

"ကြောက်စရာလည်း မလိုပါဘူးကွယ်။ သူဌေးက စေတနာကောင်းပါတယ်။ ဒါပေမယ့် ခုတစ်လော သူဌေး အတော်ကလေး စိတ်တိုနေပုံပဲ။ ကြီးကြီးထင်တာတော့ အလုပ်ကိစ္စကြောင့် ဖြစ်မှာပါ။ သိပ်လည်း မစိုးရိမ်ပါနဲ့ကွယ်၊ စိတ်ဆိုးလည်း ခဏပေါ့"

"ဟုတ်ကဲ့၊ နှင်းဖြူ တတ်နိုင်သမျှ ကြီးတုတ်နဲ့ ဝိုင်းလုပ်ပါ့မယ်။ ကြီးတုတ်ကသာ သမီးကိုသင်ပေးပါ"

"အေးပါကွယ်၊ ကိုင်း- ဒါဆို အိမ်ကြီးအပေါ်တက်ပြီး ဘုရားပန်းတွေ လဲကြရအောင်"

"ဟုတ်ကဲ့"

သူတို့နှစ်ဦး နောက်ဖေးခန်းမှထွက်ကာ ကျွန်းလှေကားကြီးပေါ်သို့ တက်ခဲ့ကြ၏။ လှေကားလက်တန်းကအစ ပေါ်လစ်ရောင်ပြောင်လက်နေ၏။ အပေါ်ထပ်သို့အရောက်တွင် ပရိတ်တရားတော်



များ ရွတ်ဖတ်နေသည့်အသံကိုကြားလိုက်ရသဖြင့် သူတို့နှစ်ယောက် ဘုရားခန်းထဲမဝင်ဘဲ အိမ်ကြီးအပေါ်ထပ်ကို ရှင်းလင်းနေ၏။

"အဲဒါ သူဌေးကလေး ဘုရားရှိခိုးနေတယ်လေ"

"ဟုတ်လား"

"ဘုရားရှိခိုးရင် တစ်နာကျော်ကျော်လောက် ကြာတာကွယ့်။ သူက တရားပါထိုင်တာ"

"ဟုတ်လား"

ဒေါ်စိန်တုတ်၏စကားကြောင့် သူဌေးမင်း ကျော်စွာနေမင်းအပေါ် ကြည်ညိုသွားခဲ့မိ၏။ အချိန်အနည်းငယ်အကြာတွင် ကြေးစည်ထုသံ၊ အမျှဝေသံများ ကြားလိုက်ရပြီး ကျော်စွာနေမင်း ထွက်လာ၏။

သူ့ကိုတွေ့တော့ ချိုသာသောအပြုံးနှင့် ပြောလိုက်၏။

"နှင်းဖြူ ရောက်နေပြီလား"

"ဟုတ်ကဲ့ သူဌေးမင်း၊ ဘုရားပန်းတွေလဲမလို့ပါ"

"ဪ - ဟုတ်တာပေါ့၊ ကဲကဲ- ပြီးတော့ အစ်ကိုကြီး အိပ်ခန်းထဲလည်း လှည်းကျင်းပေးပါဦး"

"ဟုတ်ကဲ့"

ကျော်စွာနေမင်းသည် သူ့ကို စူးရဲသောအကြည့်များနှင့် ကြည့်ရင်းပြောလိုက်ပြီး အောက်ထပ်သို့ ဆင်းသွား၏။ သူတို့နှစ်ဦး ဘုရားခန်းထဲဝင်ကာ ဘုရားပန်းလဲလိုက်ပြီး အမှိုက်သရိုက်များ ရှင်းလင်းလိုက်ကြ၏။

ဘုရားကျောင်းဆောင်ကြီးမှာ ပန်းများ၊ သစ်သီးများနှင့် ဝေဆာနေပြီး ဘုရားဆင်းတုတော်ကြီးမှာလည်း ညာဏ်တော်အမြင့် လေးပေနီးပါးခန့် ရှိ၏။ ရဟန္တာ ရုပ်တုများ၊ သာသနာပြုပုဂ္ဂိုလ်များ၏ ရုပ်လုံးရုပ်ကြွများကိုလည်း ပွဲထိုး၍ ကိုးကွယ်ထား၏။ အမွှေးနံ့သာကလည်း တစ်ခန်းလုံး မွှေးကြိုင်နေ၏။

ဘုရားခန်းထဲ ရှင်းလင်းပြီးသောအခါ ကျော်စွာနေမင်း၏ အခန်းထဲသို့ ဝင်ခဲ့ကြ၏။ ပြင်ဆင်ခြယ်သထားသည်မှာလည်း မတို့ရက် မထိရက်စရာပင်။

ဖဲမွေ့ရာကြီးကလည်း သန့်ပြန့်တောက်ပနေ၏။ ခုတင်ဘေးတွင် မတ်ရပ်မီးတိုင်ကလေးရှိပြီး မီးတိုင်လေးဘေးတွင် စာအုပ်စင်ကြီးရှိ၏။ စာအုပ်စင်ရှေ့တွင် စာရေးစားပွဲရှိပြီး ဖတ်လက်စ စာအုပ်များ တင်ထား၏။

အခန်းထောင့်တွင် မီးခံသေတ္တာကြီးနှစ်လုံး ရှိ၏၊ နံရံဝတ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



လည်မှာလည်း ပိုးသားရောင်ဆေးသား သုတ်လိမ်းထား၍ မျက်စိအေးလှ၏။ ခုတင်ခြေရင်းဘက်နံရံတွင် တောတောင်သဘာဝကို ရိုက်ကူးထားသော ဓာတ်ပုံပိုစတာကြီးတစ်ပုံ ချိတ်ဆွဲထား၏။

ကြမ်းပြင်ပေါ်တွင် မှိုင်းခဲကော်ဇောကြီး ခင်းထား၏။ မြင်မြင်သမျှအားလုံးက အဟိတ်အဟန့်ကြီးလှ၏။ နှင်းဖြူသည် ဒေါ်စိန်တုတ်နှင့်အတူ အိပ်ခန်းထဲကိုရှင်းလင်းပြီးနောက် အောက်ထပ်သို့ဆင်းခဲ့ကြ၏။

ထိုအချိန် သူဌေးမင်း ကျော်စွာနေမင်းသည် ဧည့်ခန်းထဲရှိ ထိုင်ခုံပေါ်ထိုင်ကာ စာအုပ်တစ်အုပ် ဖတ်ရှုနေ၏။ သူတို့နှစ်ဦး ထမင်းစားခန်းထဲဝင်ကာ ကျော်စွာနေမင်းအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ရ၏။

မနက်စာအဖြစ် ပေါင်မုန့်၊ နွားနို့၊ ဒိန်ခဲ၊ ကြက်ဥကြော် စသည်ဖြင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးရ၏။ တစ်အောင့်အကြာတွင် ထမင်းစားခန်းထဲသို့ သူဌေးမင်း ဝင်လာ၏။ ဦးဆုံး သူ့ကို တစ်ချက်ကြည့်ရင်း ပြုံးပြလိုက်၏။

"အဆင်ပြေရဲ့လား"

"ပြေပါတယ်ရှင့်"

"အခက်အခဲရှိရင် အစ်ကိုကြီးကို ပြောနော်။ သုံးဖို့စွဲဖို့လည်း ပေးရမှာပေါ့"

ပြောပြောဆိုဆိုနှင့် ထိုင်ခုံတွင်ဝင်ထိုင်လိုက်၏။ အဖြူရောင် ပဝါလေးကို ရင်ဘတ်ပေါ်ဖုံးကာ လည်တိုင်တွင် စည်းလိုက်ပြီး မနက်စာကို စားသောက်လိုက်၏။ နှင်းဖြူနှင့် ဒေါ်စိန်တုတ်တို့နှစ်ဦးသည် ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေရ၏။

ကျော်စွာနေမင်းသည် ကြက်သားရိုးစ်ကို ခက်ရင်းနှင့်ထိုးကာ ပေါင်မုန့်နှစ်ချပ်ကြားတွင်ညှပ်ပြီး စားလိုက်၏။ ထို့နောက် နွားနို့ပျစ်ပျစ်တစ်ခွက်ကို တစိမ့်စိမ့်သောက်ရင်း နှင်းဖြူကို လှမ်းကြည့်လိုက်၏။

"မင်းက ဒီကို ဘယ်သူ့အဆက်အသွယ်နဲ့ ရောက်လာတာလဲ"

"ဟိုဒင်း ကိုမြင့်မိုရ်နဲ့ . . ."

"ဩော် - မြင့်မိုရ်ကြောင့် ဒီကိုရောက်လာတာကိုး။ ကောင်းပါတယ်၊ မြင့်မိုရ်ဟာ သစ္စာရှိတဲ့ ကျောက်သွေးပညာရှင်တစ်ဦးပါ။ သူခေါ်လာတာဆိုတော့ ငါတို့အတွက် ပိုပြီးလုံခြုံတာပေါ့ကွာ။ ဒီအိမ်ကြီးပေါ်မှာ မင်း လွတ်လွတ်လပ်လပ်နေနိုင်တယ်။ လိုချင်တာရှိရင်လည်း ငါ့ကိုတိုက်ရိုက်ပြောနိုင်တယ်။ ဘာမှကြောက်စရာမလိုဘူး"





"ဟုတ်ကဲ့ရှင်"

"ဒေါ်စိန်တုတ်"

"ရှင် - သူဌေးမင်း"

"ဒါတွေ သိမ်းလိုက်တော့။ နှင်းဖြူ မင်းငါနဲ့ အပေါ်ထပ်ကို လိုက်ခဲ့"

"ရှင် - ဟုတ်ကဲ့"

သူဌေးမင်း၏စကားကြောင့် သူ့ရင်ထဲ တုန်လှုပ်သွားခဲ့၏။ ဒေါ်စိန်တုတ်ကိ မျက်စပစ်ပြနေသဖြင့် နောက်မှလိုက်ခဲ့ရ၏။ အိမ်ကြီးအပေါ်ထပ်သို့အရောက်တွင် ကျော်စွာနေမင်းသည် မီးခံသေတ္တာကိုဆွဲ၍ အထဲမှ ပိုက်ဆံတစ်ထပ်ကိုထုတ်ကာ သူ့ကိုလှမ်းပေးလိုက်၏။

"ရော့ - ဟောဒါ မင်းအတွက်၊ အဝတ်အစား ဝယ်ဝတ်ဖို့။ ဖြစ်နိုင်ရင် အကောင်းဆုံးအဝတ်အစားတွေကိုဝတ်ပါ။ တို့အိမ်ပေါ်မှာ လူကြီးလူကောင်းတွေ အမြဲ လာတာသွားတာရှိတော့ တို့တစ်အိမ်လုံး လှလှပပပဲ ဖြစ်စေချင်တယ်။ ပြီးတော့ မင်းမှာက အမေပဲ ရှိတော့တာဆို"

"ဟုတ်ပါတယ်ရှင်"

"မင်းအမေက နေမကောင်းဘူးဆို"

"ဟုတ်ကဲ့"

"အေး - ဒါဆို ဆေးဖိုးဝါးဖိုးပါ ပေးလိုက်မယ်။ အဓိက မင်း ငါ့ကိုလုပ်ပေးရမှာက ငါထမင်းစားခန်းထဲဝင်လာရင် မင်းအမြဲရှိနေစေချင်တယ်။ ငါ့အိပ်ရာတွေ၊ စာအုပ်စာတမ်းတွေကိုလည်း အမြဲရှင်းလင်းပေးစေချင်တယ်"

"စိတ်ချပါရှင်"

"ဟုတ်ပြီ၊ မင်းသွားတော့။ ဒီမှာနေတာကို မင်းဘာမှကြောက်စရာမလိုဘူး၊ ကြားလား"

"ကြားပါတယ်ရှင်"

ကျော်စွာနေမင်းသည် နှင်းဖြူ၏ ကိုယ်လုံးလှလှလေးကို ဝေ့ဝိုက်ကြည့်ရင်း အခန်းထဲမှ ထွက်သွားခိုင်းလိုက်၏။ နှင်းဖြူကိုကြည့်ရင်း သူ့ရင်ထဲ အေးဆေးတည်ငြိမ်စွာ စီးဆင်းနေသော စမ်းချောင်းကလေးကို တွေ့လိုက်ရသလိုပင်။

သို့တည်းမဟုတ် ကိုယ်ပိုင်အလှကလေးနှင့် ဖူးပွင့်စအောင်ရှိုင်းပန်းကလေးတစ်ပွင့်ကို မြင်လိုက်ရသလို ခံစားခဲ့ရ၏။ အရှင်းဆုံးပြောရလျှင် သူကျင်လည်ခဲ့သော ပတ်ဝန်းကျင်တွင် အလှပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



စွာ စုဝေးဖွဲ့စည်းနေတတ်၏။ အရောင်မျိုးစုံ လင်းလက်တောက်ပနေသော အလှတောကြား သူ ကြည်နူးခဲ့၏။ ပျော်ရွှင်ခဲ့၏။ ယစ်မူးခဲ့၏။ ထိုအလှများသည်သာ ဘဝတစ်ခုဟု ရည်စူးခဲ့၏။ ယခုတော့ သူမမြင်ဘူးသော ပန်းရိုင်းကလေးတစ်ပွင့်ကို အမှတ်မထင် မြင်တွေ့လိုက်ရသည်မို့ စိတ်အတွေးများ ဆူပွက်ခဲ့ရ၏။

ရိုးရိုးရှင်းရှင်းကလေးနှင့် တစ်ဖက်သားကို ကျွမ်းထိုးမှောက်ခုံဖြစ်သွားစေနိုင်သော အလှကလေးပါလားဟု သူ့ရင်ထဲ အခံစားကြီးခံစားခဲ့ရ၏။ ယခုလည်း သူ့အတွက် ပေးလိုက်ကမ်းလိုက်ရသည်မို့ စိတ်ထဲ အပျော်ကြီးပျော်နေမိ၏။

အမှန်မတော့ သူဇနီးသည် သစ္စာဝတ်မှုန်၏ အလှကလည်း ဘယ်သူမှ မယှဉ်သာသောအလှဟု ထင်မြင်ခဲ့၏။ ခြေဖမိုးလေးကအစ ဖောင်းရွှဖူးအိနေသောအလှကလေး။ သစ္စာဝတ်မှုန်၏ စကားသံ၊ သစ္စာဝတ်မှုန်၏ လှုပ်ရှားမှု၊ သစ္စာဝတ်မှုန်၏ အပြုံး၊ သစ္စာဝတ်မှုန်၏ အကြည့်၊ သူ၏ အပြုအမူမှန်သမျှ သူ့ရင်ထဲ ဂန္ဓဝင်ပန်းချီကားတစ်ချပ် ကြည့်နေရသလိုပဲ ခံစားခဲ့ရ၏။ ငြိမ်သက်ခြင်း၊ ပူလောင်ခြင်း၊ ယစ်မူးခြင်းများစွာကို လွှမ်းခြုံထားသော သစ္စာဝတ်မှုန်။ သူကိုပဲ ကျော်စွာနေမင်း ကမ္ဘာထင်ခဲ့၏။

သို့သော် သစ္စာဝတ်မှုန်သည် အလွန့်အလွန် လှပသော မြွေမင်းသမီးဟုပင် တင်စားလိုက်ချင်၏။

သူမရင်ထဲ မာနတွေ ရှိ၏။ ဒေါသတွေ၊ လောဘတွေရှိ၏။ မနာလိုဝန်တိုမှုရှိနေ၏။ ကြောက်စရာကောင်းလှသော မာယာတွေရှိနေ၏။ သူ့ကို သားကောင်တစ်ကောင်ကို ထင်မြင်ခဲ့သော သစ္စာဝတ်မှုန်။ အမြဲတမ်း သံသယစိတ်နှင့် ကြည့်ခဲ့သည်မို့ စိတ်ထဲ ကျဉ်းကျပ်ကျပ်ခံစားခဲ့ရ၏။

ယခုတော့ သူ့အလိုကို ဖြည့်ဆည်းမပေးနိုင်ခဲ့သဖြင့် စိတ်ဆိုးပြီး မိခင်ကြီးအိမ်သို့ ပြန်သွားသည်မှာ တစ်ပတ်ကျော်ခန့်ရှိပြီ ဖြစ်၏။

သစ္စာဝတ်မှုန်၏စိတ်က အသိရခက်လှ၏။ အိမ်ကြီးပေါ်တွင် မိန်းမချော မိန်းမလှပုံလေးများကို ချိတ်၍မရ။ သူက ပန်းချီအနုပညာကို ဝါသနာပါသူဖြစ်၍ မိန်းမချောလေးကို ပန်းချီဆွဲလျှင် ထိုပန်းချီကားချပ်ကို သူ့အလစ်တွင် ဖျက်ဆီးပစ်တတ်၏။

သုခမြိုင်ဆိုသော အိမ်ကြီးပေါ်တွင် သူ့ပုံတူပန်းချီကားများ၊ ဓာတ်ပုံများသာ တစ်အိမ်လုံး လွှမ်းမိုးထားခဲ့၏။ ပထမတော့ စိတ်ထဲ ကျေနပ်မိသလို ဖြစ်ခဲ့သော်လည်း ကြာတော့ သူ့ရင်ထဲ ရိုးအီလာ၏။

သစ္စာဝတ်မှုန်မှတစ်ပါး အခြားအခြားသော အလှရိပ်ကလေး





များကို ခံစားချင်၏။ တပ်မက်ချင်၏။ ယစ်မူးချင်၏။ သစ္စာဝတ်မှုန်ကြောင့် သူ့ဘဝဆန္ဒများ နှစ်မြုပ်ကွယ်ကန်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။ ထိုအခါ သူ့လိုလားမှုကို သစ္စာဝတ်မှုန်က ပိတ်ဆို့လာခဲ့၏။ ဟန့်တားလာခဲ့၏။ နောက်ဆုံး သူတို့နှစ်ဦး မျက်နှာချင်းဆိုင်ကာ ကြောက်စရာကောင်းလှသော ပဋိပက္ခများ ပေါက်ဖွားလာခဲ့ပြီး သစ္စာဝတ်မှုန် အိမ်ပေါ်မှဆင်းသွားခဲ့ပြီ ဖြစ်၏။

ယခုတော့ သစ္စာဝတ်မှုန်ထက်သာသော ပန်းရိုင်းကလေးတစ်ပွင့်ကို တွေ့လိုက်ရပြီမို့ သူ့အကြည်နူးကြီး ကြည်နူးနေရပြီ ဖြစ်၏။ အမှန်အတိုင်းပြောရလျှင် သူက အလှမှုဆိုးကြီးတစ်ဦး ဖြစ်ချင်သည်။ ယခုလည်း နှင်းဖြူ၏အလှကလေးကို အကဲခတ်ရင်း တစ်ယောက်တည်း ပီတိဖြစ်နေမိလေ၏။

ထိုအချိန်တွင် နှင်းဖြူတစ်ယောက် အိမ်ကြီးပေါ်မှ ရင်ကလေးတဖိုဖိုနှင့် ဆင်းလာခဲ့ပြီး ဒေါ်စိန်တုတ်ကို ပြောပြနေ၏။ ဒေါ်စိန်တုတ်က ပြုံးစိစိလုပ်ကာ ဝမ်းသာအားရ ဖြစ်နေ၏။

"မြင်ပြီမဟုတ်လား နှင်းဖြူရဲ့။ သူဌေးက လူတစ်မျိုး၊ ကြီးတုတ်အမြင်ပြောရရင် အရမ်းကဗျာဆန်လှတဲ့လူ။ တစ်အိမ်လုံးလှပနူးညံ့နေမှ ကြိုက်တာကွယ့်။ ခုလည်း နှင်းဖြူကို လှစေချင်လို့ပေါ့။ သူဌေးအကြိုက်တော့ လုပ်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ ကြီးတုတ်ရယ်။ ဒါပေမယ့် နှင်းဖြူသဘာဝအတိုင်းပဲနေချင်တာ"

"ဘယ်ဟုတ်မှာလဲအေ၊ တောမှာနေတော့လည်း တောစရိုက်၊ မြို့မှာနေတော့လည်း မြို့စရိုက်ဖြစ်အောင် နေတတ်ရမှာပေါ့။ တောင်တွေမြောက်တွေ မလုပ်ပါနဲ့ကွယ်၊ သူဌေးကလေး ဆန္ဒရှိတဲ့အတိုင်း ဝတ်စမ်းပါအေ"

"ဩော် - ဒါထက် ကြီးတုတ်ကို မေးရဦးမယ်"

"ဘာများတုံးကွယ့်"

"ဟိုလေ၊ အဲဒီ သူဌေးအခန်းရဲ့ ဘေးအခန်းကြီးက ပိတ်ထားတယ်နော်။ ပြီးတော့ တစ်သက်လုံးမဖွင့်ရ ဆိုတဲ့စာလည်း ရေးထားတယ်နော်"

"ဟဲ့ဟဲ့- တိုးတိုးပြောပါ နှင်းကလေးရဲ့။ ကောင်မလေး၊ ယောင်လို့များ သွားမဖွင့်နဲ့နော်။ အဲဒီအခန်းရှေ့ကလျှောက်ရင်တောင် သူဌေးက ကြိုက်တာမဟုတ်ဘူး"

"ရှင်"

"ကိုင်းကိုင်း- လုပ်စရာရှိတာ လုပ်ရအောင်။ ကိုယ်နဲ့မဆိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေ မေးမြန်းမနေပါနဲ့"

"ဟုတ်ကဲ့"

ဒေါ်စိန်တုတ်၏အသွင်က အတော်ကလေး တုန်လှုပ်သွားပုံပင်။ ထို့ကြောင့်လည်း မေးလက်စ စကားကို ဖြတ်လိုက်ပြီး အိမ်ကြီးတစ်ခုလုံးကို ဝိုင်းဝန်းရှင်းလင်းခဲ့ကြ၏။ ထိုသို့ လုပ်ကိုင်ပေးပြီးသည်နှင့် သူဌေးမင်းအတွက် စားသောက်ဖွယ်ရာများ ပို့ပေးခဲ့ရ၏။

သွားတိုင်းလည်း ကျော်စွာနေမင်း သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ကာ သူ့အလှကို ချီးမွမ်းခန်းဖွင့်ခဲ့သည်မို့ စိတ်ထဲ ကသိကအောက် ခံစားခဲ့ရ၏။ ညနေစောင်းမှ အိမ်ကြီးပေါ်မှ ပြန်ခဲ့ရ၏။

ကျော်စွာနေမင်း ပေးလိုက်သည့် ပိုက်ဆံကို မိခင်ကြီးလက်ထဲ အပ်လိုက်၏။ မိခင်ကြီးမှာ လက်ထဲရောက်လာသော ပိုက်ဆံအထပ်လိုက်ကိုကြည့်ပြီး ဝမ်းသာအားရဖြစ်နေ၏။

"အို - များလှချည်လား သမီးရဲ့"

"ဟုတ်တယ် မေမေ၊ သူဌေးက သမီးကို အဝတ်အစားဝယ်ဖို့ ပေးလိုက်တာ။ပြီးတော့ မေမေ့အတွက် ဆေးဖိုးလည်းပါတယ်"

"ကျေးဇူးတင်စရာပဲကွယ်၊ ကိုင်း - ဒီပိုက်ဆံတွေ သမီးပဲသိမ်းထားလိုက်ပါ"

"အို - မေမေပဲ ယူထားပါ"

"မယူပါဘူး သမီးရယ်။ ဟုတ်တာပေါ့၊ သူဌေးအိမ်ပေါ်မှာ အလုပ်လုပ်ရတော့လည်း ကောင်းကောင်းမွန်မွန် လှလှပပ ဝတ်စားရမှာပေါ့ကွယ်"

မိခင်ကတော့ သူဌေးမင်းအပေါ် ကျေးဇူးအတင်ကြီး တင်နေ၏။ ညီမလေး၊ မောင်လေးတွေကလည်း သူယူလာသည့် ပိုက်ဆံထုပ်ကြီးကြည့်ပြီး ဝမ်းသာအားရဖြစ်နေ၏။ သူတို့ဘဝက ခြေမဲ့လက်မဲ့ အခြေအနေမှ လာခဲ့ကြသည်မို့ ချမ်းသာခြင်းကို အလိုရှိကြသည်မှာ သဘာဝပဲဟု စိတ်ထဲတွေးကာ မိသားစုအတွက် စိတ်မကောင်းဖြစ်ရလေ၏။

သို့နှင့် သူတို့မိသားစု ညဉ့်ဦးပိုင်းတွင် ဝိုင်းဖွဲ့ စားသောက်လိုက်ကြ၏။ ပြီးနောက် ညီမလေးတို့က စာကြည့်ခန်းထဲဝင်ကာ စာကျက်နေကြ၏။ နှင်းဖြူသည် အမေ့ဘေးနားထိုင်ကာ ခြေဆုပ်လက်နယ် ပြုလိုက်၏။

"သမီးရယ်၊ သမီးဟာ မိဘကျေးဇူးသိတဲ့ သမီးလေးမို့ နတ်ကောင်းနတ်မြတ်တွေက ကူညီကြတာပဲကွယ့်"

"မေမေရယ် သူဌေးက ကြောက်စရာကြီး"





"တင် - ဘာဖြစ်လို့လဲ"

"ဟိုလေ သမီးကိုကြည့်ရင်လေ စားတော့ဝါးတော့မတတ်ဘဲ"

"အိုကွယ်- ဟုတ်ရဲ့လား သမီးရဲ့"

"သမီးတော့ အဲဒီလိုပဲထင်တယ်"

"ယောကျ်ားတွေပဲ သမီးရယ်၊ ငါ့သမီးကလည်း တအားလှတာကိုး။ ဒီတော့ ပုထုဇဉ်သဘာဝကိုတော့ တားဆီးလို့ ဘယ်ရမှာလဲကွယ်"

"မေမေကလည်း"

"ဟင်းဟင်း- အရေးကြီးတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့ပဲ သမီးရဲ့။ သဘာဝသဘောတွေကိုလည်း သမီးနားလည်အောင် ကြိုးစားရမှာပေါ့ကွယ်။ ကိုင်းကိုင်း- တော်ပြီ သမီးလေးရေ၊ မေမေ အိပ်တော့မယ်။ ငါ့သမီးလေး ကျန်းမာချမ်းသာပါစေကွယ်"

မိခင်ကြီးက သူ့ကို မေတ္တာပို့ပြီး အိပ်ရာဝင်သွားခဲ့၏။ နှင်းဖြူသည် မိခင်ကြီးကို ခြင်ထောင်ချပေးလိုက်ပြီး အိပ်ခန်းထဲမှ ထွက်ခဲ့၏။ အိမ်ဦးခန်းမှနာရီကိုကြည့်လိုက်တော့ ညဆယ်နာရီထိုးခဲ့လေပြီဖြစ်၏။

ထို့ကြောင့်လည်း သူ့အိပ်ခန်းထဲသို့ဝင်ခဲ့ပြီး ခုတင်ပေါ် လှဲချလိုက်၏။ သူ့စိတ်ထဲ သတိတရရဖြစ်နေမိသည်မှာ မြင့်မိုရ်ပင်။ မြင့်မိုရ်ကို စိတ်ထဲမကျေမနပ်ဖြစ်မိ၏။ မပြောမဆိုဘဲ ထွက်သွားသည်မို့ ကျွဲမြီးတို့ချင်သည်မှာ အမှန်ပင်။ သို့သော် မြင့်မိုရ်၏ကောင်းမှုကြောင့် သူတို့မိသားစုဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သည်မို့ စိတ်ထဲ မမုန်းရက်ပါချေ။ မြင့်မိုရ်၏အကြည့်များ၊ ကူညီဖေးမမှုများကိုလည်း သူ့ရင်ထဲ တသသ ခံစားနေရ၏။

သူတို့နှစ်ဦးဘဝက နီးလျက်နှင့်ဝေးနေသလိုပင် ခံစားခဲ့ရ၏။ နောက်ဆုံး မြင့်မိုရ်အကြောင်းကို တစိမ့်စိမ့်တွေးရင်း မေ့ခနဲ အိပ်ပျော်သွားခဲ့၏။

အပြင်ဘက်တွင် သုခမြိုင်ခြံကြီးတစ်ခုလုံးက မှောင်မိုက်နေ၏။ လရောင်က တိမ်ညိုတိမ်မည်းကြား မြုပ်လိုက်ပေါ်လိုက် ဖြစ်နေ၏။ ထိုအချိန် ခြံကြီးအရှေ့ဘက်မှ ငှက်မည်းကြီးတစ်ကောင် အသံပေး၍ ပျံသန်းလာ၏။

"ဂီး . . ဂီး ဂစ်ဂစ်"

"ဂီး . . . ဂီး ဂစ်ဂစ်"

အော်သံက ဆူဆူလောင်လောင်။ ထိုအသံကြောင့် သူဌေးမင်း



www.burmeseclassic.com

www.burmeseclassic.com


နေထိုင်သော အိမ်ကြီးမှာ မီးရောင်တွေ လင်းခနဲ ဖြစ်လာ၏။ ငှက်မည်းကြီးသည် တကီးကီးအော်သံပေးပြီး အိမ်ကြီး၏ ပေါ်တီကို အမိုးပေါ်တွင် ခိုနားလိုက်လေ၏။

... ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုရှိသောသူသည်
ဘဝ၏ အောင်မြေကို
ကျရှုံးနိမ့် ကိုးဆယ်ကိုးပါး
နင်းဖြီးသား ဖြစ်ချေ၏ ...


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရုတ်တရက် ကြားလိုက်ရသည့်အသံကြောင့် ကျော်စွာနေမင်း အိပ်ရာထဲမှ လူးလဲထလိုက်၏။

"ဂီး ဂီး ဂီး ဂီး. . . ."

"ဟာ - ဒီကောင်ကြီး လာပြန်ပြီ"

ငှက်မည်းကြီးမှန်း သိလိုက်ရသဖြင့် အိပ်ခန်းနံရံတွင် ချိတ်ထားသော ငှက်ကြီးတောင်ဓားကို အလျှင်အမြန် ဆွဲဖြုတ်လိုက်ပြီး လသာဆောင်ဘက်သို့ စမ်းတဝါးဝါးထွက်ခဲ့၏။

ထိုအချိန် ငှက်မည်းကြီးသည် လသာဆောင်အမိုးနံရံပေါ်တွင် ရပ်ကာ တောင်ပံတဖျပ်ဖျပ်ခတ်၍ တဂီးဂီး အော်ဟစ်နေ၏။ ကျော်စွာနေမင်းသည် လသာဆောင်ဘက်သို့ အရောက်တွင် နံရံအမှောင်ဘက်သို့ကပ်ကာ ဓားကို တဆဆလုပ်လာ၏။ ငှက်မည်းသည် ဟိုဟိုဒီဒီကြည့်ရင်း တဂီးဂီးနှင့် အော်ဟစ်နေ၏။

သူသည် ငှက်ကြီးနှင့် လက်တစ်ကမ်းသာသာသို့ ရောက်လာ၏။ ထိုအခါ အောက်ကိုစိုက်ပြီး ယူလာသော ငှက်ကြီးတောင်ဓားကို အသာမ,ပြီး ငှက်ကြီး၏လည်ပင်းတည့်တည့်သို့ ဖြတ်ခုတ်ချလိုက်၏။

"ကိုင်းဟာ"

"ဂီး. . . ဂီး ဂစ်ဂစ်"

"ဟာ - လွတ်သွားပြီ"

"ဂီး ဂီး ဂီး"

ငှက်မည်းကြီးကလည်း မြန်လှ၏။ ဓားသွား ဝဲခနဲ တက်လာသည်နှင့် တိုက်အောက်ဘက်သို့ တစ်ဟုန်ထိုး စိုက်ဆင်းသွား၏။ သူခုတ်လိုက်သည့် ဓားချက်က လေကိုသာခုတ်မိသဖြင့် တောက်တ





ခေါက်ခေါက် ဖြစ်နေ၏။

ထိုအချိန် အောက်ဘက် ဆိုက်ဆင်းသွားသော ငှက်မည်းကြီးသည် သစ်တိုပင်ကြီးပေါ် နားလိုက်ပြီး တဂီးဂီး အသံပေးလိုက်၏။ ကျော်စွာနေမင်းသည် ဓားကို တဆဆလုပ်ရင်း ပေါက်ကွဲနေ၏။

ငှက်မည်းကြီးသည် သစ်တိုပင်ပေါ်မှနေ၍ ကျော်စွာနေမင်းကို ကြည့်နေ၏။ ငှက်မည်းကြီး၏ မျက်လုံးအစုံက ဝင်းလက်နေ၏။

တစ်အောင့်အကြာတွင် ငှက်ကြီးပျံထွက်သွား၏။ ကျော်စွာနေမင်းသည် လသာဆောင်ပေါ်မှရပ်ကာ ခြံထဲကို စိုက်ကြည့်နေ၏။ ထိုစဉ် တဖျပ်ဖျပ်မြည်သံပေးကာ ငှက်မည်းကြီးက သူ့နောက်ကျောမှဝင်၍ တိုက်ခိုက်လေ၏။

"ဟာ - လာပြန်ပြီ၊ ကဲဟာ"

"ဂစ် ဂစ် ဂီး. . ."

"ကဲဟာ"

"ဂစ် ဂစ်. . ."

ရုတ်တရက် ဝါးလုံးထိုးဝင်လာသော ငှက်မည်းကြီးကို ငှက်ကြီးတောင်ဓားနှင့် လိုက်ခုတ်ပစ်လိုက်၏။ ငှက်ကြီးကလည်း အရှောင်အတိမ်းမြန်လှပြီး လစ်လျှင်လစ်သလို ထိုးဆိတ်သွားတတ်၏။

နောက်ဆုံး ကျော်စွာနေမင်း၏စိတ်ထဲ ကြက်သီးမွေးညင်းများထလာ၏။ ငှက်ကြီးကို ဘယ်လိုမှ ခုတ်မရသည့်အပြင် သူ့ကို ထိုးဆိတ်သွားသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် အိမ်ခန်းထဲ ဝင်ပြေးကာ တံခါးကို အလျှင်အမြန် ပိတ်လိုက်ရ၏။

အိပ်ခန်းထဲပြန်ရောက်လာသည်အထိ စိတ်တွေက ယောင်ချာချာ ဖြစ်နေ၏။ ထိုစဉ် အိပ်ခန်းအနောက်ဘက်မှ ငှက်မည်းကြီး၏ အသံကို ကြားလိုက်ရပြန်၏။ ပြတင်းတံခါးပေါက်ကိုမဖွင့်ရဲ။ အခန်းထဲဝင်လာလျှင် ပို၍ ရှုပ်ထွေးသွားနိုင်သည်မို့ ငြိမ်သက်နေရ၏။

ငှက်မည်းကြီးက တစ်အိမ်လုံးပတ်ပြီး တဂီးဂီးနှင့် အော်ဟစ်နေ၏။ ငှက်ကြီး၏အသံကြောင့် တန်းလျားတွင် အိပ်ပျော်နေသော နှင်းဖြူတို့ မောင်နှမတစ်သိုက် နိုးလာ၏။

"ဘာသံကြီးလဲ"

"ငှက်ဆိုးအော်သံ ထင်တယ်"

"ဟုတ်မယ်၊ ကြောက်စရာကြီး"

"ကြည့်ရအောင်"

သူတို့မောင်နှမတစ်စု အိမ်ဘေးပြတင်းတံခါးကို ဖွင့်ကြည့်လိုက်ကြ၏။ လရောင်က ကွက်တိကွက်ကျား။ အိမ်ကြီးဘက်ဆီ



www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်လိုက်တော့ လရောင်တိုးတဝါးအောက်တွင် တဂီးဂီးအသံပေး၍ ပျံသန်းရစ်ဝဲနေသော ငှက်ကြီးကို တွေ့လိုက်ရ၏။

"ဟယ် - ဟို . . . ဟိုမှာ"

"ဟင်"

"တာ - ငှက်မည်းကြီးဗျ"

"ဟုတ်ပါ၊ ကြောက်စရာကြီး"

"ဘာငှက်ကြီးလဲ"

"ငှက်ဆိုးကြီး ဖြစ်မှာပေါ့။ ဘာကြောင့် လာအော်နေတာလဲ မသိဘူး"

"ဟဲ့ - တံခါးပိတ်လိုက်တော့"

"မကောင်းဆိုးဝါး ငှက်ကြီးများလား မသိဘူး"

"တံခါးပိတ်လိုက်ကြပါ"

နှင်းဖြူ အတန်တန်ပြောမှ ညီမဖြစ်သူက တံခါးပိတ်လိုက်၏။ သူတို့လူစု အိပ်ရာထဲဝင်သွားသည်အထိ ငှက်ကြီးက တဂီးဂီး အော်မြည်နေဆဲ။ သူတို့မောင်နှမတွေ ကြောက်ရွံ့နေကြသလို အိမ်ကြီးအပေါ်ထပ်ရှိ သူဌေးမင်းကျော်စွာနေမင်းလည်း မအိပ်နိုင်ပါချေ။

ငှက်ကြီး၏အော်သံက သန္တာနစည်ထဲသို့ ဆူးအပ်များနှင့် ဆွနေသလိုပင်။ နောက်ဆုံး စောင်ကို ခေါင်းမြီးခြုံပြီး အိပ်လိုက်မှ ငှက်သံပျောက်သွားခဲ့၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ကျော်စွာနေမင်းသည် အိပ်ရာထဲမှ လူးလဲထကာ လသာဆောင်သို့ ထွက်ခဲ့၏။ ငှက်ကြီးကို အရိပ်အယောင်ပင် မမြင်ရ။ ဒေါ်စိန်တုတ် ရောက်လာတော့ ငှက်မည်းကြီးအကြောင်းကို ဒေါ်စိန်တုတ်က ပွစိပွစိနှင့် ပြောလေ၏။

"ကျွန်မလည်း ကြားလိုက်မိတယ် သူဌေးမင်း။ တစ်ညလုံး အိပ်လို့မပျော်ဘူး။ စိတ်ထဲ ကြောက်လိုက်တာ။ ဒါကြောင့် တစ်ညလုံး ဂုဏ်တော်တွေပဲ ထိုင်ရွတ်နေတာ"

"ဒေါ်စိန်တုတ်လည်း ကြားလိုက်တာကိုး"

"ဟုတ်တယ်၊ သူဌေးမင်းကော ကြားမိလား"

"ကြားတယ်ဗျ၊ အိမ်ကိုပတ်ပြီးအော်နေတာ"

"ဘုရား . . . ဘုရား ငှက်ဆိုးထိုးတာများလား"

"အယူမသီးစမ်းပါနဲ့ဗျာ၊ ကိုင်း- လုပ်စရာရှိတာ သွားလုပ်။ နှင်းဖြူကော မလာသေးဘူးလား"

"ရောက်နေပါပြီ သူဌေးမင်းရဲ့"

"ဒါဆို ကျွန်တော့်အတွက် နွားနို့နဲ့ ကြက်ဥကြော် ပို့ခိုင်းလိုက်





ဗျာ။ ညက ကျွန်တော်လည်း အိပ်မပျော်ဘူး"

"ဟုတ်ကဲ့"

ဒေါ်စိန်တုတ်သည် နောက်ဖေးသို့ အလျင်အမြန် ဝင်သွားကာ သူဌေးအတွက် စားဖို့သောက်ဖို့ ပြင်ဆင်လိုက်၏။ နှင်းဖြူကို တစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်၏။

"နှင်းဖြူရေ၊ ဟောဒါတွေ သူဌေးလေးဆီ ပို့လိုက်ပါဦး"

"ဟုတ်ကဲ့ ကြီးတုတ်၊ ပေးပေး"

နှင်းဖြူသည် မနက်စာများကို သယ်ကာ အိမ်ကြီးအပေါ်ထပ်သို့ တက်ခဲ့၏။ ကျော်စွာနေမင်းသည် နှင်းဖြူ၏မျက်နှာ ဝင်းဝင်းစိုစို ကလေးကို မြင်ရသောအခါ စိတ်ထဲ ကြည်ကြည်လင်လင် ဖြစ်သွားရ၏။

"ကျေးဇူးပဲ နှင်းဖြူရယ်"

"ဟုတ်ကဲ့"

"ညက ဘာသံတွေကြားသေးလဲ"

"ရှင် - ဟို ငှက်မြည်သံ ကြားလိုက်ရတယ်ရှင့်။ သူဌေးကလေးတို့ အိမ်အမိုးမှာ တရစ်ဝဲဝဲလုပ်နေတာ၊ နှင်းဖြူ သေသေချာချာ မကြည့်ရဲဘူး"

"ကြောက်စရာမလိုပါဘူးကွာ၊ ပြီးတော့ သူဌေးလို့ မခေါ်စမ်းပါနဲ့။ အစ်ကိုကြီးလို့ပဲ ခေါ်ပါ"

"ရှင် - ဟုတ် . . . ဟုတ်ကဲ့ အစ်ကိုကြီး"

"ကဲ - နှင်းဖြူ လုပ်စရာရှိတာသွားလုပ်ပေတော့"

"ဟုတ်ကဲ့"

နှင်းဖြူသည် စားသောက်ဖွယ်ရာများကို စားပွဲပေါ် ချလိုက်ပြီး အခန်းထဲမှ ခပ်သွက်သွက် ပြန်ထွက်ခဲ့၏။ အပြင်ဘက်သို့အရောက်တွင် ပိတ်ထားသောတံခါးကို တစ်ချက်လှမ်းကြည့်ပြီး ကျွန်းလှေကားပေါ်မှ ဆင်းလာခဲ့၏။

ထိုအချိန်တွင် အိမ်ကြီး၏ပေါ်တီကိုအောက်သို့ မာစီဒီးကားအနက်ကြီးတစ်စင်း ထိုးစိုက်ကာ ကားပေါ်မှ သူဌေးကတော် သစ္စာဝတ်မှုန် ဆင်းလာသည်ကို မြင်လိုက်ရ၏။ နှင်းဖြူသည် အိမ်မကြီးတံခါးကို အလျင်အမြန် သွားဖွင့်ပေးလိုက်၏။

သစ္စာဝတ်မှုန်သည် တံခါးလာဖွင့်ပေးသော နှင်းဖြူကိုကြည့်ပြီး အံ့သြနေ၏။

"ဟင်- မင်း . . . မင်း ဒီအိမ်ပေါ် ဘာလာလုပ်တာလဲ"

"ဟို . . . ဟို ကျွန်မ . . ."

www.burmeseclassic.com

www.burmeseclassic.com



"အို - ရှုပ်ရှုပ်ယှက်ယှက်၊ ဘယ်မှာလဲ ဒါလင်"

"ဟို. . . ဟို"

"ဖယ်စမ်းပါ"

သစ္စာဝတ်မှုန်သည် သူ့ကို အတင်းတွန်းဖယ်ပြီး ဧည့်ခန်းထဲ ဝင်သွား၏။ ထိုအချိန် ကျော်စွာနေမင်း အိမ်ကြီးပေါ်မှဆင်းလာ၏။ သစ္စာဝတ်မှုန်သည် ကျော်စွာနေမင်းကို မှုန်ကုပ်ကုပ်နှင့် လှမ်းကြည့်ရင်း ပြောလိုက်၏။

"ဒါလင်၊ သူက ဒါလင်ခေါ်ထားတာလား"

"ဟုတ်တယ်လေ။ မင်းသွားနေတော့ အိမ်မှာလူလိုနေပြီကွ၊ ဒါကြောင့် ခေါ်ထားတာ။ ဘာဖြစ်လို့တုံး"

"အို - သူက ထမင်းချက်ပဲဟာ ထမင်းချက်တဲမှာပဲ နေပါစေ"

"ခက်တာပဲ သစ္စာရယ်၊ လုပ်မယ့်လူများတော့ သစ္စာလည်း သက်သာတာပေါ့။ ခုဆို ကိုယ်တို့အိပ်ခန်းကို သူကိုယ်တိုင် ဝင်ရှင်းပေးထားတာ"

"အို - မလိုချင်ဘူး၊ ပြန်လွှတ်လိုက်"

"သစ္စာကလည်းကွာ၊ နေရာတကာ ကိုယ့်စိတ်ကိုယ့်ဆန္ဒချည်းပဲ မလုပ်ပါနဲ့"

"ဒါလင် ဘယ်လိုပြောလိုက်တာလဲ"

"ကိုယ်ပြောတာ ရှင်းပါတယ်ကွာ၊ တစ်ခါတစ်ခါ ကိုယ့်စိတ်တိုင်းကျကလေးတော့ လုပ်ပါရစေ"

"ဟင်"

ကျော်စွာနေမင်း၏အသံကြောင့် သစ္စာဝတ်မှုန် မကျေမချမ်းဖြစ်သွား၏။ နှင်းဖြူကိုလည်း မျက်စောင်းတထိုးထိုးလုပ်နေသဖြင့် နှင်းဖြူ ကြာကြာမနေရဲတော့ဘဲ အိမ်နောက်ဖေးခန်းထဲ ဝင်ပြေးခဲ့ရ၏။

"ဒါလင်နော်၊ သစ္စာက ရှုပ်ရှုပ်ယှက်ယှက်လုပ်တာမကြိုက်ဘူး"

"ကိုယ်ဘာရှုပ်လို့လဲကွာ၊ နှင်းဖြူဆိုတဲ့ကောင်မလေးက ရိုးရိုးအေးအေးမို့ ကိုယ် ဒီမှာခန့်လိုက်တာပါ။ ပြီးတော့ မြင့်မိုရ်ခေါ်လာတဲ့သူဆိုတော့ အိမ်ထွင်းရေးကိစ္စတွေ စိတ်ချရတာပေါ့"

"အို - သစ္စာမကြိုက်ဘူး၊ လုံးဝ မကြိုက်ဘူး"

"ဘာကိုမကြိုက်တာလဲ သစ္စာရဲ့"

"သူက သစ္စာထက် ပိုလှနေသလိုပဲ"

"သစ္စာကလည်းကွာ၊ သူဘာသာသူလှတာ ဘာဖြစ်လဲကွ။ မင်းတစ်ယောက်တည်းပဲ လှချင်နေတာလား"





"ဟုတ်တယ်၊ ဒီအိမ်ကြီးပေါ်မှာ သစ္စာထက်လှတဲ့လူကို မမြင်ချင်ဘူး"

"ခက်ပါ့ သစ္စာရယ်။ ဘာလဲ၊ ကိုယ်နဲ့နှင်းဖြူနဲ့ ငြိစွန်းသွားမှာကို စိုးရိမ်လို့လား"

"ဟုတ်တယ်"

"ဒါ သက်သက် ကိုယ့်သိက္ခာကို မင်းစော်ကားလိုက်တာပဲ။ ဘာဆိုင်လဲ သစ္စာရယ်၊ သူဘာသာသူလှတာ ကိုယ်နဲ့ဘာဆိုင်လို့လဲ"

"အို - ယောကျ်ားတွေက ယုံရတာမဟုတ်ဘူး"

"မင်း အဲဒီလိုတော့ မရမ်းနဲ့ သစ္စာ၊ ကိုယ် မင်းကို စကားကုန်ပြောခဲ့ပြီးပြီလေ"

"မယုံဘူး၊ ယောကျ်ားတွေရဲ့စကားကို လုံးဝ မယုံဘူး"

"တော်စမ်းကွာ၊ မင်း ငါ့ကိစ္စ ဘာမှဝင်မစွက်နဲ့။ နှင်းဖြူကို ငါခေါ်ခန့်ထားတာ မင်းဘာမှမစွက်ဖက်နဲ့"

"ဟင် - ဒါလင် ဘယ်လိုပြောလိုက်တာလဲ"

"ကိုယ်ပြောပြီးပြီကွာ၊ ဒီကိစ္စ ရေးကြီးခွင့်ကျယ် မလုပ်စမ်းပါနဲ့။ မင်းကိုပြောနေရတာနဲ့ ကိုယ်လည်း ကုမ္ပဏီသွားဖို့ နောက်ကျနေပြီ။ ဒီကနေ့ မြင့်မိုရ်တို့လူစု ပြန်လာမှာကွ။ ငါ့မှာ လုပ်စရာတွေအများကြီး"

ကျော်စွာနေမင်း၏ ခပ်တင်းတင်း ပြောလာသည့်စကားကြောင့် သစ္စာဝတ်မှုန်လည်း ရင့်နှုတ်ပိတ်ပြီး အိမ်ကြီးပေါ်တက်သွားခဲ့၏။ သူတို့နှစ်ဦး၏စကားကို ခိုးကြောင်ခိုးဝှက် နားထောင်နေသူက ဒေါ်စိန်တုတ်။

ကြားလိုက်ရသည့်စကားကြောင့် နှင်းဖြူအတွက် စိုးရိမ်တကြီးဖြစ်သွားခဲ့ရ၏။ နောက်ဖေးခန်းသို့ ပြန်အရောက်တွင် တုန်တုန်လှုပ်လှုပ်ထိုင်နေသော နှင်းဖြူကိုကြည့်ပြီး ပြောလိုက်၏။

"နှင်းကလေး၊ မမသစ္စာ ပြန်ရောက်လာပြီနော်"

"ဟုတ်. . . ဟုတ်တယ် ကြီးတုတ်၊ သူက နှင်းဖြူ ရှိနေတာကို မကြိုက်သလိုဘဲ"

"ဟုတ်တယ်၊ သူက မိန်းကလေးချောချောလေးတွေ အိမ်ပေါ်ခေါ်တင်တာကို မကြိုက်ဘူးကွယ့်"

"ဒါဆို နှင်းဖြူ ဘာလုပ်ရမလဲဟင်၊ တော်ကြာ နှင်းဖြူကြောင့် သူတို့ ပြဿနာဖြစ်ကုန်ရင် အခက်ပဲ"

"သတိတော့ ထားနေရမှာပေါ့ကွယ်။ ဒါပေမယ့် မမသစ္စာက



www.burmeseclassic.com

www.burmeseclassic.com



သူဌေးမင်းရဲ့စကားကို မလွန်ဆန်နိုင်ပါဘူး။ အရေးကြီးတာ ဘာ လုပ်လုပ် သတိထားနေဖို့ အရေးကြီးတယ်။ မမသစ္စာက တခြားကိစ္စတွေမှာ သူဌေးကလေးထက်တော်ပေမယ့် သူ့ထက် လှတဲ့သူတွေ့ရင် တအားကို ငြူစူတာ"

"နှင်းဖြူက မလှပါဘူး ကြီးတုတ်ရယ်၊ သူ နှင်းဖြူကို . . ."

"ကြီးတုတ်မျက်စိထဲမှာတော့ နှင်းဖြူလောက်လှတဲ့မိန်းကလေး မတွေ့ဖူးဘူးကွယ့်။ ဒါကြောင့် ဟိုက မနာလိုဖြစ်တာပေါ့"

"အို - မဟုတ်တာဘဲ ကြီးတုတ်ရဲ့"

"အင်း - နှင်းကလေး မသိတဲ့အကြောင်းတွေ အများကြီးပါ ကွယ်။ ဒီအိမ်ကြီးရဲ့သမိုင်းကို ကြီးတုတ် အများကြီး သိတယ်။ ဒါပေမယ့် ကြီးတုတ်မပြောချင်ဘူး။ တတ်နိုင်ရင် ကိုယ့်အလုပ် ကိုယ်လုပ်တာပဲကောင်းပါတယ် နှင်းကလေးရယ်"

ဒေါ်စိန်တုတ်၏ စကားတွေက ပဟေဠိဆန်လွန်းလှသည်မို့ နှင်းဖြူ နားမလည်နိုင်အောင် ဖြစ်ခဲ့ရ၏။ သူဌေးကတော် သစ္စာဝတ်မှုန် ရောက်လာသည့်နေ့မှစ၍ နှင်းဖြူတစ်ယောက် အိမ်ကြီးပေါ်သို့ မတက်ရဲတော့။

စားသောက်ဖွယ်ရာများကို ဒေါ်စိန်တုတ်က ပို့ပေးရလေ၏။ သစ္စာဝတ်မှုန်သည် နှင်းဖြူကိုတွေ့လျှင် မျက်နှာထားဆိုးဆိုးကြီးနှင့် နေတတ်သဖြင့် နှင်းဖြူ ရှောင်တိမ်းနေရ၏။

ထိုအချိန်တွင် မြင့်မိုရ် ပြန်ရောက်လာသည်။ နှင်းဖြူ ဝမ်းအသာကြီးသာနေ၏။ ညနေစောင်း၍ အိမ်ကြီးပေါ်က ပြန်သည်နှင့် မြင့်မိုရ်နှင့်အတူ တန်းလျားဘက်သို့ ပြန်ခဲ့ကြ၏။

"သတိရလိုက်တာ နှင်းဖြူရာ၊ မသွားမဖြစ်လို့သာ သွားရတယ် နှင်းဖြူကို အစ်ကို သတိရလိုက်တာ"

"တော်ပါ၊ ခရီးထွက်တာတောင် နှင်းဖြူကိုအသိမပေးဘူး"

"ဩော်- အရေးကြီးလို့ ကမန်းကတန်းထွက်သွားရတာ နှင်းဖြူရဲ့။ ကိုယ်လည်း နှင်းဖြူကို ကြည့်သေးတယ်။ အလုပ်က တအားရှုပ်နေတာမို့ မနှုတ်ဆက်နိုင်ဖြစ်သွားရတာပါ"

"တော်ပါ၊ စကားတတ်တိုင်း မပြောပါနဲ့"

"နှင်းဖြူကလည်းကွာ၊ ဘာလဲ အစ်ကို့ကို စိတ်ဆိုးနေတာလား"

"ဆိုးတာပေါ့လို့"

"မဆိုးပါနဲ့ကွာ၊ အစ်ကိုတို့ဘဝကို အစ်ကိုတို့ မပိုင်ဘူးလေ။ သူဌေးက သွားဆိုသွားရုံပေါ့ နှင်းဖြူရယ်။ ကိုင်း - ဒါတွေထားပါဦး၊ ဘယ်လိုလုပ်ပြီး အိမ်ကြီးပေါ် ရောက်သွားခဲ့တာလဲ"





"မပြောချင်ပါဘူး အစ်ကိုမြင့်မိုရ်ရယ်"

"ဘာဖြစ်လို့လဲ နှင်းဖြူရဲ့၊ ကိုယ့်ကိုပြောစမ်းပါ။ မင်းရဲ့ကိစ္စတွေ သိထားမှဖြစ်မှာပေါ့"

"အိမ်ကျမှ ပြောတာပေါ့။ ဒီည အိမ်မှာ ထမင်းစားရမယ်နော်။ ထမင်းမစားဘဲပြန်ရင် နှင်းဖြူ ပြဿနာရှာမှာပဲ"

"ဟာ - နှင်းဖြူကလည်းကွာ"

နှင်းဖြူ နှုတ်ခမ်းကလေး စူတူတူနှင့်ပြောလိုက်တော့လည်း မြင့်မိုရ် မငြင်းသာ။ ထို့ကြောင့်လည်း နှင်းဖြူနေထိုင်ရာ တန်းလျား ဘက်သို့ လိုက်ခဲ့ရ၏။ မြင့်မိုရ်သည် နှင်းဖြူလက်မှ ကျောက်စိမ်း လက်စွပ်ကလေးကိုကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။

"ကိုယ်ပေးတဲ့ လက်စွပ်ကို မချွတ်ပါနဲ့နော်"

"မချွတ်ပါဘူး အစ်ကိုရယ်၊ အစ်ကို အမှတ်တရပေးထားတာ အမြဲတမ်း ဝတ်ထားမှာပေါ့"

"ဝမ်းသာလိုက်တာ နှင်းဖြူရယ်"

နှင်းဖြူ၏စကားကြားရတော့ သူ့ရင်ထဲ ဖိုဖိုလှိုက်လှိုက် ခံစားခဲ့ရ၏။ သူတို့နှစ်ဦး စကားတပြောပြောနှင့် လျှောက်ခဲ့ရာ တန်းလျား ဘက်သို့ ရောက်လာခဲ့ကြ၏။ နှင်းဖြူ၏မိသားစုက မြင့်မိုရ်ကိုတွေ့ တော့ ဝမ်းသာအားရနှင့် ပြောဆိုနှုတ်ဆက်ကြ၏။

ထို့နောက် ထမင်းစားပွဲကြီးချကာ ဟင်းထမင်းတွေ ပြင်ဆင် လိုက်၏။

"အစ်ကိုမြင့်မိုရ်ကြိုက်တဲ့ ငါးခေါင်းဟင်း ချက်ထားတယ်။ ပြီး တော့ ရှောက်သီးလည်း သုပ်ထားတယ်"

"ကောင်းလှချည်လား"

"ထိုင်လေ၊ အဝစားနော်"

"စားမှာပေါ့"

"ဟောဒါက ငါးခြောက်ထောင်းကြော်လေး"

"ဟင်းတွေစုံလို့"

"စားစမ်းပါ"

တစ်အိမ်လုံးက သူ့ကို စေတနာဗရပွနှင့် ကျွေးမွေးခဲ့၏၊ သူ့ ပန်းကန်ထဲသို့ နှင်းဖြူက ဟင်းတွေထည့်ပေးနေသဖြင့် မနည်းငြင်း လိုက်ရ၏။ ဟင်းက လိုက်ဖက်အောင် ချက်ပြုတ်ထားသဖြင့် ထမင်း မောက်မောက် နှစ်ပန်းကန်ခန့် ကုန်သွားခဲ့၏။

စားသောက်ပြီးသောအခါ နှင်းဖြူနှင့်သူ ဝရန်တာမှာထိုင်ပြီး စကားပြောခဲ့ကြ၏။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"နှင်းဖြူ"

"ဘာလဲ အစ်ကို"

"နှင်းဖြူကို အိမ်ကြီးပေါ် ဘယ်သူခေါ်တာလဲ"

"သူဌေးမင်းခေါ်လိုက်တာ"

"ဪ - ကိုကျော်စွာ ခေါ်လိုက်တာကိုး"

"ဟုတ်တယ် အစ်ကို၊ နှင်းဖြူ အဲဒီအိမ်ကြီးပေါ်မှာ မလုပ်ချင်ဘူး။ သူဌေးက ကြောက်စရာကောင်းသလို သူဌေးကတော်ကလည်း ကြောက်စရာကောင်းတယ်။ နေရထိုင်ရတာ တအားကို ကျဉ်းကျပ်တာပဲ"

"ကိုယ်နားလည်ပါတယ် နှင်းဖြူ ကိုကျော်စွာကလည်း '၄' မသေးဘူး။ ဘယ်လိုစိတ်နဲ့မှ ပြောတာတော့ မဟုတ်ဘူး။ အဲဒီလူဟာ မိန်းမချောလေးတွေဆိုရင် သားကောင်လို သဘောထားတတ်တယ်"

"ဘုရား. . . ဘုရား၊ နှင်းဖြူ ဘယ်လိုလုပ်ရမှာလဲ အစ်ကိုရယ်။ ပြီးတော့ သူဌေးကတော်က နှင်းဖြူကိုကြည့်ရင် မီးဟုန်းဟုန်းတောက်မတတ်ဘဲ"

"စိတ်ထဲမထားပါနဲ့ နှင်းဖြူရယ်၊ အရှင်းဆုံးပြောရရင် ဦးကျော်စွာနေမင်းဟာ သွေးအေးအေးနဲ့ ကြောက်စရာကောင်းတဲ့လူပဲ။ ဖြစ်နိုင်ရင် သူနဲ့ အဝေးဆုံး ရှောင်နိုင်လေ ကောင်းလေပဲ"

"အစ်ကို မြင့်မိုရ် သူ့အကြောင်း ဘယ်လောက်သိထားသလဲဟင်"

"မသိချင်စမ်းပါနဲ့ နှင်းဖြူရာ၊ တစ်ချိန်တော့ နှင်းဖြူကို အဲဒီလောကက အစ်ကိုဆွဲထုတ်ပါ့မယ်။ နှင်းဖြူ အစ်ကို့ကိုယုံပါ"

"ကျွန်မ အစ်ကိုမြင့်မိုရ်ရဲ့စကားကို ယုံပါတယ်။ အဲဒီအချိန်ကိုပဲ ကျွန်မ မျှော်နေပါ့မယ်"

မြင့်မိုရ်ထံမှ ကြားရသော စကားအချို့ကလည်း ပဟေဠိဆန်နေ၏။ စိတ်ထဲ ထူးထူးခြားခြား ခံစားရ၏။ အနားတွင် မြင့်မိုရ်ရှိနေသည်မို့ ကြောက်ရွံ့စိတ်များ လွင့်စဉ်သွားခဲ့လေ၏။

"အစ်ကို"

"ဘာလဲ နှင်းဖြူ"

"သရဲတစ္ဆေတို့ဘာတို့ကို အစ်ကို ယုံသလားဟင်"

"ဟာ - နှင်းဖြူကလည်း"

"နှင်းဖြူမေးတာကို ဖြေပါ"



"ဘာလဲ နှင်းဖြူက တစ္ဆေသရဲကို မြင်လို့လား"

"မြင်တော့ မမြင်ပါဘူး၊ ဒါပေမယ့် အစ်ကို့ကို ပြောစရာရှိတယ်"

"ဘာများတုံးကွာ"

"ဒီလို အစ်ကိုရဲ့. . ."

နှင်းဖြူသည် သုခမြိုင်ကြီးသို့ ညတိုင်း တဂစ်ဂစ်တဂီးဂီး အသံပေး၍ ရောက်လာလေ့ရှိသော ငှက်မည်းကြီးအကြောင်းကို ပြောပြလိုက်၏။

"ငှက်မည်းကြီး. . ."

"ဟုတ်တယ် အစ်ကို၊ ဝေးဝေးက လှမ်းကြည့်တာတောင် ငှက်ကြီးက အတော့်ကိုကြီးတာ။ ကြည့်ရတာ လင်းတငှက်မည်းကြီးလား မသိဘူး။ အဲဒီငှက်ကြီးက သုခမြိုင်ကို ညညဆိုရောက်လာလေ့ရှိတယ် အစ်ကိုရဲ့။ အော်လိုက်တဲ့အသံကြီးက အတော့်ကို ကျက်သရေမရှိဘူး"

"ဟုတ်လား၊ ငှက်ဆိုးကြီးများလား။ ဘာကြောင့် သုခမြိုင်ကို လာပါလိမ့်။ ဟုတ်ရဲ့လား နှင်းဖြူရယ်"

"ဪ - အစ်ကိုက မယုံဘူးလား၊ နှင်းဖြူ တကယ်ပြောတာနော်။ မယုံရင် မမေ့ကို မေးကြည့်"

"ယုံပါတယ် နှင်းဖြူရာ၊ ကိုယ်လည်း စဉ်းစားလို့ မရဘူး။ ဒါပေမယ့် အဲဒီနိမိတ်က မကောင်းတဲ့နိမိတ်ပဲ နှင်းဖြူ"

"ဟုတ်တယ်၊ နှင်းဖြူ စိတ်ထဲမှာတော့ သုခမြိုင်ကြီးဟာ တစ်ခုခုဖြစ်တော့မယ်ထင်တယ်"

"အို - ဘာပဲဖြစ်ဖြစ် သူတို့က သူဌေးတွေလေ၊ ဖြစ်လာသမျှကို ချမ်းသာမှုနဲ့ ပိတ်ဆို့ဖာထေးလို့ရတယ်။ အရေးကြီးတာ အဲဒီကိစ္စတွေကြားမှာ ကိုယ်တို့မပါဖို့လိုတယ်။ ကိုယ်ပြောတာ ကြားလား"

"ကြားပါတယ် အစ်ကိုရယ်"

မြင့်မိုရ်စကားတွေက လေးနက်လွန်းလှသဖြင့် နှင်းဖြူတွေဝေသွားခဲ့ရ၏။ သူ လူ့လောက၏အကြောင်းတွေကို ဘာမှ နားမလည်သေးပါလားဟု တွေးနေမိ၏။

လူတွေရဲ့အပြုံး။

လူတွေရဲ့အမုန်း။

လူတွေရဲ့ စေတနာမေတ္တာ။

လူတွေရဲ့ အတ္တ သို့တည်းမဟုတ် တစ်ကိုယ်ကောင်းဆန်မှု

www.burmeseclassic.com

www.burmeseclassic.com



များတို နှင်းဖြူ နားမလည်နိုင်၊ ကိုယ်မသိသေးသည့် အကြောင်းအရာများကြား နေထိုင်သွားလာရသည်မှာ ကိုယ့်ကိုယ်ကိုယ်ပင် မလုံခြုံချင်တော့။

သူတို့နှစ်ဦး အေးအေးလူလူ ပြောဆိုနေကြစဉ် တစ်ယောက်တည်း ဟျာယာခတ်နေသူက ကျော်စွာနေမင်းပင်။ အပြင်လောကကြီးတစ်ခုလုံး မှောင်မိုက်လာသည်နှင့်အမျှ သူ့စိတ်အာရုံတွေလည်း မှိုင်းပြုံသလို ခံစားလာရ၏။

လသာဆောင်ဘက်သို့ အထိတ်တလန့် ကြည့်မိသည်မှာလည်း အမော။ ဇနီးသည်က ထင်ရာပြောဆိုပြီး အိပ်စက်သွားပြီဖြစ်သော်လည်း သူ ခုထိ အိပ်၍မပျော်သေး။ သူ့နားထဲ စူးရဲရဲ အော်ဟစ်နေသည့် ငှက်သံကြီးကိုပဲ ကြားနေရ၏။

အကြိမ်ကြိမ်အခါခါ ရောက်လာပြီး အိမ်ကြီးပေါ် တရစ်ဝဲဝဲလုပ်နေသည်မို့ စိတ်ထဲ ကသိကအောက် ခံစားနေရ၏။

ယခုလည်း ကောင်းကင်ကြီးတစ်ခုလုံး မှောင်မိုက်လာသည်မို့ ဘေးပြတင်းတံခါးများကို ပိတ်လိုက်ရ၏။ စာကြည့်ခန်းထဲ တစ်ယောက်တည်းထိုင်ရင်း လျှို့ဝှက်စွာ သိမ်းဆည်းထားသော ဝီစကီပုလင်းကိုဖွင့်ပြီး တစ်ငုံ၊ နှစ်ငုံ သောက်လိုက်၏။

"ဟာ"

ရင်ထဲ မီးစကြီး ထိုးဆင်းသွားသလိုပင်။ ဒိန်ခဲတစ်ဖတ်ကို ခက်ရင်းနှင့်စိုက်ပြီး ပါးစပ်ထဲ ထည့်လိုက်၏။

တစ်အိမ်လုံးတိတ်ဆိတ်နေသော်လည်း သူ့နားထဲ ဆူဆူလောင်လောင်အသံများကို ကြားနေရသလိုပင်။

တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လိုက်ပြီး အိပ်ရာပေါ် လှဲအိပ်ချလိုက်၏။ ခေါင်းတစ်လုံး အာရုံတွေ ထွေးလုံးပတ်ချာလည်နေသလိုပင်။ မေ့ခနဲ အိပ်ပျော်သွားမလိုရှိတုန်း သူ့နားထဲ ငှက်မည်းကြီး၏မြည်သံကို ကြားလိုက်ရ၏။

အသံက နားမခံနိုင်ဖွယ်ပင်။ ငှက်ကြီးသည် ခြံဝင်းအရှေ့ဘက် ကောင်းကင်မှာ တောင်ပံတဖျပ်ဖျပ်ခတ်၍ ပျံလာ၏။ ငှက်ကြီး၏ နီတောက်တောက်မျက်လုံးအစုံက ဝင်းလက်နေ၏။

တောင်ပံခတ်သံတို့က မိုးခြိမ်းသံအလားပင်။ သူ ရဲရဲတောင်မကြည့်ဝံ့။ ထိုစဉ် ငှက်ကြီးသည် ခြံထဲသို့ အဟုန်ပြင်းစွာနှင့် ဝါးလုံးထိုးဝင်လာ၏။ ပေါ်တီကို လသာဆောင်အမိုးပေါ်သို့အရောက်တွင် တောင်ပံနှစ်ဖက်ကို ရုပ်သိမ်းပြီး နားလိုက်၏။

ငှက်ကြီးကို ကြည့်ရင်းကြည့်ရင်း သူ အကြီးအကျယ် ထိတ်လန့်



လာ၏။ စုတ်တီးစုတ်ဖွာ ဖြစ်နေသော ဦးခေါင်းပေါ်တွင် ဆံပင်ရှည်တွေ ကားထွက်လာ၏။ နှုတ်သီးမှာ တဖြည်းဖြည်း တိုဝင်သွား၏။

"ဟာ - ဘာကြီးလဲ"

"ဂိ... ဂိ"

"အောင်မလေး"

ကြည့်ရင်းကြည့်ရင်းနှင့် ငှက်မည်းကြီး၏ ခေါင်းတစ်ခုလုံးမှာ အဘွားအိုကြီးအသွင် ပေါက်လာ၏။ သူ့ကိုလည်း လက်ညှိုးတထိုးထိုး တစ်စုံတစ်ရာ ပြောနေသလိုပင်။ အတင်း ရုန်းကန်အော်ဟစ်သော်လည်း အသံထွက်မလာ။

ထိုစဉ် ငှက်မည်းကြီး တဖြည်းဖြည်း အဘွားအိုအသွင်ပြောင်းလဲသွားပြီး ထိုမှတစ်ဆင့် ရှုံ့တွန့်မဲ့ မျက်နှာကြီးပေါ်လာ၏။

"ဟာ - နေသော် ... သော်တာ... မင်း... မင်း ငှက်ကြီး"

"ဂီး... ဂီး ဂစ်ဂစ်"

"မလာနဲ့၊ ကြောက်တယ်။ မလာနဲ့"

ငှက်ကြီးက လူပုံသဏ္ဍာန်ပြောင်းလဲသွားပြီး သူ့အနားသို့ တုန်ချည့်တုန်ချည့်နှင့် လျှောက်လာ၏။ ကြည့်ရင်းကြည့်ရင်း မျက်လုံးထဲ သော်တာဝတ်မှုန်၏အသွင် ပကတိ ဖြစ်လာ၏။

ရှုံ့မဲ့ငိုကြွေးနေရာမှ တဟီးဟီး တဟားဟား အော်ဟစ်ရယ်မောလာ၏။ သူမ၏ပါးစပ်တစ်ခုလုံးလည်း သွေးစသွေးနတွေ ပေကျံနေ၏။ နောက်တဆုတ်ဆုတ်နှင့် ပြေးရန်ပြင်သော်လည်း ပြေး၍မရ။ သူ့ကို ကြိုးတွေနှင့် အထက်အောက် ချည်နှောင်ထားသလိုပင်။

ထိုစဉ် သော်တာဝတ်မှုန်က သူ့ကို လက်ညှိုးတထိုးထိုး၊ ပါးစပ်ကြီးတဖြဲဖြဲ လုပ်လာ၏။ ပါးစပ်ထဲမှ သွားကြီးတွေကလည်း ဝံပုလွေအိုကြီးတစ်ကောင်၏ အစွယ်ကြီးတွေအလား ချွန်မြည့်နေ၏။

သွေးညှီညှီညစ်ညစ်တွေက သွားစွယ်ကြီးတွေမှာ ပေကျံနေ၏။ ဆံပင်ကို ဖားလျားချထားပြီး ကိုယ်ပေါ်တွင် ငှက်မွေးညှိုညှိုများ ထိုးထိုးထောင်ထောင် ထွက်နေ၏။ အော်ရင်းဟစ်ရင်း အတင်းရုန်းကန်ပါသော်လည်း ရုန်း၍မရ။

"နင့်အတွက် နောက်ဆုံးနေ့ပဲ"

"ဟာ... ဟာ သော်တာ မလာပါနဲ့"

"ဂီး... ဂီး ဂါး ဂါး ..."

"မင်း... မင်း သေပြီလေ"

"ဂီး... နင့်ရဲ့ နောက်ဆုံးနေ့ပဲ"

"အား- ဖယ်... ဖယ် မလုပ်နဲ့၊ အောင်မလေး လုပ်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆင်၊ ဒါလင် ဘယ်လိုဖြစ်တာလဲ"
"ဟင် - တို တို သော်တာ. . ."
"အိပ်မက်ဆိုးတွေမက်ပြီး အော်နေတာ"
"တိုယ်. . . တိုယ် ကြောက်တယ်"
"ဒါလင် အရက်တွေ အရမ်းသောက်ပြီး အိပ်ပျော်သွားတာလေ"
"သော်တာ ကိုယ့်ဆီကို ငှက်ကြီးတစ်ကောင်လို ရောက်လာတယ်"
"ဒါလင်ကလည်း၊ ဘာတွေလျှောက်ပြောနေတာလဲ။ ကိုင်း-ထထ၊ တစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီ"
ကျော်စွာနေမင်းသည် ကိုယ်ပေါ်ခြုံထားသည့် စောင်ကြီးတွေကိုဖယ်ရှားပြီး အတင်းလူးလဲထလိုက်၏။ သူတစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသဖြင့် ကိုယ်ပေါ်မှအင်္ကျီကို ချွတ်လိုက်၏။
"ဟာ - ဘာ. . . ဘာတွေလဲ"
"ဟင် - ဒါ လက်သည်းရာတွေပါလား"
"ဒါ. . . ဒါ စောစောက သော်တာ ငါ့ကို ကုတ်ခြစ်တိုက်ခိုက်သွားတာ"
"အို - ဒါလင်ကလည်း မဟုတ်တာတွေပြောနေပြန်ပြီ။ ဒါလင့်ဘာသာ ဒါလင် ကုတ်ခြစ်မိတာ ဖြစ်မှာပေါ့။ မဟုတ်မဟုတ်တွေမပြောစမ်းပါနဲ့။ ဒါလင်ပြောတာနဲ့ သစ္စာတောင် ကြောက်လာပြီ"
"ဟုတ်တယ်၊ သူ. . . သူ တကယ်လာတာ ဖြစ်ရမယ်"
"အို - တော်ပါတော့၊ အိပ်ဆေးသောက်လိုက်ပါလား"
"ကိုယ့်ကို အရက်ယူပေး၊ မူးမှအိပ်ပျော်မှာ"
"ဒုက္ခပါပဲ။ ဒါဆို အောက်ထပ်ဆင်းယူလိုက်ဦးမယ်"
"မြန်မြန်သွားပါ သစ္စာရယ်"
သစ္စာဝတ်မှုန် အခန်းထဲမှ ထွက်သွားသည်အထိ သူ ကြောင်စီစီ ဖြစ်နေ၏။ ကိုယ်ပေါ်မှ ကုတ်ခြစ်ရာတွေကြည့်ပြီး အထိတ်တလန့်ဖြစ်နေ၏။ သစ္စာပြောသလို သူဘာသာကုတ်ခြစ်မိသလားသို့တည်းမဟုတ် သော်တာဝတ်မှုန်က ငှက်ယောင်ဖန်ဆင်းပြီး သူ့ဆီလာရောက်တိုက်ခိုက်သွားလေသလား။ စိတ်ထဲ ဇဝေဇဝါဖြစ်နေ၏။
ဘယ်လိုမှတွေး၍လဲမရ။ ထိုစဉ် လသာဆောင်ဘက်မှ တကွပ်ကွပ်မြည်သံကိုကြားလိုက်ရသဖြင့် ခုတင်ပေါ်မှ ရုတ်ခနဲ ထကာ လသာဆောင်ဘက်ထွက်သည့်တံခါးကို အသာဖွင့်ကြည့်လိုက်၏။





"ဟာ - ငှက်. . . ငှက်မည်းကြီး"
ရုတ်တရက် မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ အကြီးအကျယ် အံ့သြနေ၏။ လသာဆောင်တွင် တောင်ပံဖြန့်၍ တဂစ်ဂစ်လုပ်နေသော ငှက်ကြီး။ တံခါးမှ ကျွီခနဲ အသံထွက်လာသည်နှင့် ငှက်ကြီးက သူ့ဘက်သို့ မီးဝင်းဝင်းတောက်လုမတတ် မျက်လုံးများနှင့် ကြည့်လာ၏။
ကြောက်အားလန့်အားနှင့် တံခါးကို ချိုင်းခနဲမြည်အောင် ပိတ်ချလိုက်ပြီး ကျောနှင့်ကပ်ထားလိုက်မိ၏။ သူတစ်ကိုယ်လုံး ကြောက်စိတ်တွေ တဖွားဖွား။ ငှက်မည်းကြီးအသံကို သဲ့သဲ့ကြားနေရ၏။ ချောက်ချားတုန်လှုပ်မှုက ထိန်းသိမ်း၍မရ။ ဒူးတွေ တဆတ်ဆတ်တုန်နေ၏။ ထိုစဉ် အိပ်ခန်းထဲသို့ သစ္စာဝတ်မှုန် ပြန်ရောက်လာ၏။
"ဟင် - ဘာတွေဖြစ်နေတာလဲ ဒါလင်"
"ရှူး. . . ငှက်မည်းကြီး"
"အို - ဘယ်မှာလဲ"
"မကြည့်နဲ့၊ မင်းရောငါပါ ဒုက္ခရောက်သွားလိမ့်မယ်"
"ဒါလင်က အစွဲအလမ်းကြီးနေတာကိုး။ ဖယ်ပါဦး၊ သစ္စာကြည့်ချင်တယ်"
"ဟာ - မကြည့်နဲ့"
"ဖယ်စမ်းပါ"
"သစ္စာ. . . သစ္စာ"
သစ္စာဝတ်မှုန်သည် သူ့ကို အတင်းဖယ်ပြီး တံခါးကို အသာဟကြည့်လိုက်၏။
"ဂီး ဂီး ဂစ် . . ."
"အောင်မလေး"
"ဂွမ်း"
သူတံခါးအဖွင့် ငှက်မည်းကြီးက တစ်ဟုန်ထိုးဝင်ချလာကာ နှုတ်သီးနှင့်ဆိတ်၊ တောင်ပံကြီးနှင့် ရိုက်လိုက်သဖြင့် တံခါးကို အလျင်အမြန်ပိတ်ကာ နောက်သို့ သုံးလေးလှမ်းဆုတ်သွား၏။ တကယ်ကိုယ်တွေ့ကြုံလာသောအခါ သစ္စာဝတ်မှုန် သွေးမရှိတော့။ ကြောက်အားလန့်အားနှင့် ကျော်စွာနေမင်းကို အတင်းဖက်ထား၏။
"ကြောက်. . . ကြောက်တယ်"
"အဲဒါပြောတာပေါ့၊ တံခါးမဖွင့်ပါနဲ့ဆိုမှ မင်းက သွားဖွင့်တာကိုး"



www.burmeseclassic.com

"ဘယ်. . . ဘယ်က ငှက်ကြီးလဲ"

"တိုယ်လည်းမပြောတတ်ဘူးကွာ၊ ဒီငှက်ကြီးက ကိုယ်တို့ကိုမြင်တာနဲ့ အတင်းထိုးဆိတ် တိုက်ခိုက်ချင်တာ"

"ရှင် - သစ္စာ၊ သစ္စာကြောက်လိုက်တာ ဒါလင်ရယ်၊ တံခါးအသေအချာ ပိတ်ထားရဲ့လား"

"ပိတ်ထားပါတယ်ကွာ၊ လာလာ ဟိုမှာသွားထိုင်ရအောင်"

ပြောပြောဆိုဆိုနှင့် သစ္စာဝတ်မှုန်ကိုတွဲကာ စားပွဲတွင်ထိုင်လိုက်၏။ ကျော်စွာနေမင်းသည် ဝီစကီပုလင်းကိုဖွင့်ကာ သုံးလေးခွက်လောက် မော့ပစ်လိုက်၏။

သစ္စာဝတ်မှုန်ခမျာ ထိုအချိန်အထိကြောင်စီစီဖြစ်နေဆဲ။ ဘာပြောလို့ ပြောရမှန်းပင် မသိ။

"သစ္စာ၊ မင်းသိပ်ကြောက်နေသလား"

"ကြောက်တယ် ဒါလင်ရယ်၊ သူက ငှက်ကြီးယောင်ဆောင်ပြီးလာတာလား"

"အဲဒါတော့ ကိုယ်လည်းမပြောတတ်ဘူး။ အိပ်မက်ထဲမှာတော့အဲဒီငှက်ကြီးဟာ သော်တာမှ သော်တာပဲ"

"အို - ဘုရား. . . ဘုရား၊ ကယ်ပါဦး ဒါလင်ရယ်။ သစ္စာကြောက်လိုက်တာ"

"ကြောက်စရာမလိုပါဘူးကွယ်၊ ကိုယ်ရှိပါတယ်။ အိပ်ချင်အိပ်တော့၊ ကိုယ်အိပ်လို့မရဘူး။ ဝီစကီတစ်ခွက်နှစ်ခွက် ထပ်သောက်လောက်ဦးမယ်ကွာ"

"ဒါလင် ဘယ်မှမသွားနဲ့နော်၊ သစ္စာအိပ်ချင်ပြီ"

"အိပ်စမ်းပါကွာ၊ ကိုယ်ရှိပါတယ်"

သစ္စာဝတ်မှုန်တစ်ယောက် အတော်ကလေး ကြောက်ရွံ့သွားပုံရ၏။ ခုတင်ပေါ်တက်ကာ စောင်ကိုခေါင်းမြီးခြုံပြီး အိပ်ပစ်လိုက်၏။

ကျော်စွာနေမင်းမှာ ဝီစကီတစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေသော်လည်း သူ့နားထဲ ငှက်မည်းကြီး၏အသံကိုသာ ကြားနေရ၏။ နောက်ဆုံး သူ့နားစည်အုံတွေ ပေါက်ကွဲလုမတတ် ခံစားလာရသဖြင့် ခုတင်ခြေရင်းတွင် ချိတ်ထားသော နှစ်လုံးပြူးသေနတ်ကြီးကိုယူကာ လသာဆောင်တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်၏။

"ဒီတစ်ခါတော့ အပိုင်းပိုင်းအစစဖြစ်ပြီပေါ့ကွာ။ ဟား ဟား ဟား လာပြီကွာ လာပြီဟေ့"

ပါးစပ်က ထင်ရာမြင်ရာတွေ ပြောဆိုရင်း လသာဆောင်ဘက်



သို့ ထွက်လိုက်၏။ သေနတ်ထဲ ကျည်ထိုးလိုက်ပြီး ဖြောင်းခနဲ မြည်အောင် မောင်းတင်လိုက်၏။ ထို့နောက် ငှက်မည်းကြီးကို လှမ်းကြည့်လိုက်၏။

"ဟာ - ဘယ်လိုဖြစ်တာလဲ၊ ငှက်တွေ အများကြီးပါလား"

"ဂီး. . . ဂီး ဂစ်ဂစ်"

"ဂီး. . . ဂီး ဂစ်ဂစ်"

"ဟာ - ဘယ်လိုဖြစ်လို့ လေးငါးခြောက်ကောင် ဖြစ်လာကြတာလဲကွ။ အေး - သေချင်လို့လာကြတဲ့ငှက်ဆိုးတွေ တွေ့ကြပြီပေါ့ကွာ"

"ဂီး. . . ဂီး ဂစ်ဂစ်"

"အော်စမ်းကွာ။ မင်းတို့ပဲ အော်နိုင်မလား၊ ငါကပဲ သတ်နိုင်မလား ကြည့်ကြသေးတာပေါ့"

"ဂီး. . . ဂီး ဂစ်ဂစ်"

"ကိုင်းဟာ"

"ဒိုင်း. . . ဒိုင်း ဖြောင်း ဒိုင်း"

သူ့သေနတ်သံက တိတ်ဆိတ်နေသည့် ညဉ့်ယံကို ဖောက်ခွဲသွား၏။ ကျည်တစ်တောင့်ထွက်သွားတိုင်း ငှက်ကြီးတစ်ကောင် အပိုင်းအပိုင်း အစစဖြစ်သွားသည်ဟု ထင်မြင်ကာ အော်ဟစ်ရယ်မောလိုက်၏။

ကျည်ဆန်တွေ တစ်တောင့်ပြီးတစ်တောင့် ထိုးကာ တဒိုင်းဒိုင်းပစ်ခတ်နေသဖြင့် တန်းလျားဘက်မှလူတွေကလည်း ကြောက်အားလန့်အားနှင့် ထလာ၏။ နှင်းဖြူတို့ မိသားစုသည် ပြတင်းတံခါးများကိုဖွင့်၍ အိမ်ကြီးပေါ်သို့ လှမ်းကြည့်လိုက်၏။

လရောင်ရွှန်းလဲ့လဲ့အောက်တွင် ကျယ်လောင်စွာ ရယ်မောရင်း သေနတ်ကြီး တမြှောက်မြှောက်နှင့် တဒိုင်းဒိုင်းပစ်ခတ်နေသော သူဌေး နေမင်းကျော်စွာကိုတွေ့လိုက်ရ၏။ သူ့ရှေ့မှာ သတ္တဝါတစ်ကောင်တစ်မြီးမှလည်း မရှိ။ ဘယ်သူ့ကို ပစ်ခတ်နေမှန်းလဲမသိ။ ကျော်စွာနေမင်း၏ အပြုအမူများက မြင်သူတိုင်းအတွက်တော့ အတော်ကလေး ကြောင်စီစီနိုင်လှသဖြင့် တချို့ကလည်း ကျော်စွာနေမင်းကို စိတ်မှန့်ရဲ့လားဟုပင် ထင်မြင်နေကြတော့၏။

***

ၔ

www.burmeseclassic.com

... အမှန်တရားကို ဂုဏ်ဆိုင်ရန်
လူတွေ ခါးခါးသီးသီး ငြင်းပယ်ခဲ့ကြ၏။
ထိုအခါ အမှန်တရားက လူတွေကို နည်းမျိုးစုံနှင့်
ပျောင်းချက်ပေးရန် ကြိုးစားလာလေတော့၏ ...

## အခန်း (၄)

တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်ပြင်ကြီးကိုကြည့်ပြီး ဘရန်ဒီအရသာကို တစိမ့်စိမ့် ခံစားနေရသူကတော့ 'ရတနာအောင်' မော်တော်ပိုင်ရှင် စောဖေ ဖြစ်လေ၏။ လရောင် စိုစွတ်နေသော လှိုင်းကြက်ခွပ်ကလေးတွေကြည့်ရင်း သူ့စိတ်ထဲ အလွန်မှ လက်ရာမြောက်လှသော ညရှုခင်းပန်းချီကားကြီး ကြည့်နေရသလိုပင်။

သူ့နံဘေးတွင် အသားကင်လှီးဖြတ်နေသော ခင်ခင်အေးကိုပင် သတိမေ့နေ၏။ ဘရန်ဒီတန်ခိုးနှင့် သူကိုယ်သူ လောကနိဗ္ဗာန်ကြီးထဲ ရောက်နေသလားဟူ၍ပင် ထင်မြင်နေမိ၏။

ထိုစဉ် ခင်ခင်အေး၏စကားသံ ထွက်ပေါ်လာ၏။

"ဘာတွေပြုံးနေတာလဲ ကိုစောဖေရဲ့"

"ဟဲဟဲ- မင်းအတော်ညံ့တဲ့မိန်းမပဲကိုး"

"ဘာလဲ ကိုစောဖေရဲ့"

"ဟိုမှာကြည့်စမ်း"

"ဟင်- ဘာမြင်လို့လဲ၊ မြစ်ကြီးပဲဟာကို"

"ဟား ဟား ဟား အဲဒါပြောတာပေါ့ကွာ။ လရောင်ကြောင့် လှိုင်းကြက်ခွပ်ကလေးတွေ ပြေးလွှားနေတာ မမြင်ဘူးလား။ အဲဒါ သဘာဝပန်းချီကားတစ်ချပ်ပဲကွ။ ကြည့်စမ်းပါဦးကွာ၊ ဒီလောက် သာယာလှပတဲ့ညကို ငါတို့ အိပ်ပစ်လိုက်ရမှာ ဘယ်လောက် နှမြောစရာကောင်းလဲလို့ ဟား ဟား ဟား"

"ရှင်ကလည်း ကဗျာဆန်နေပြန်ပြီ"

"ဘာကွ၊ မင်းမှာ ခံစားတတ်တဲ့ အသည်းနှလုံး မရှိဘူးလား ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အို - သူ့ဘာသာသူ လာတာပဲ ကျွန်မတော့ မခံစားတတ်ပါဘူး"

"မင်း ခံစားတတ်တာ ပိုက်ဆံပဲ မဟုတ်လား။ အလကားမိန်းမ၊ မင်းဦးနှောက်ထဲမှာ ပိုက်ဆံတွေ၊ ရွှေငွေတွေပဲ ရှိတာယ်"

"တင်းတင်းဟင်း. . . ကိုစောဖေကလည်း မှန်တာတွေ ပြောနေပြန်ပြီ။ ခင်ခင်အေးတို့ဘဝ စိတ်ကူးယဉ်လို့ မရဘူးလေ။ ကိုယ့်ဘဝရှင်သန်ဖို့အတွက် ကိုစောဖေပြောတဲ့ လရောင်တွေ၊ လှိုင်းကြက်ခွပ်တွေက ထမင်းကျွေးတာ မဟုတ်ဘူး။ ပိုက်ဆံတသာ ထမင်းကျွေးတာ။ ပိုက်ဆံကသာ ရှင်သန်စေတာ"

"တော်စမ်းပါကွာ၊ ခင်ခင်ထွေးလောက်တောင် မခံစားတတ်တဲ့ မိန်းမ။ နောက်တစ်ခေါက် မင်းမလိုက်ခဲ့နဲ့တော့၊ ငါ ခင်ခင်ထွေးကိုပဲ ခေါ်တော့မယ်"

"ကိုစောဖေကလည်း ကျွန်မဆို တအားကို အပြစ်ပြောချင်တာပဲကိုး"

"တော်စမ်းပါကွာ၊ ကိုင်း - မင်းသွားအိပ်တော့။ ငါတစ်ယောက်တည်းသောက်ရင်းခံစားတော့မယ်။ မင်းအိပ်ချင်နေပြီ မဟုတ်လား၊ သွားတော့"

"ကျွန်မ ဘာလုပ်ပေးရဦးမလဲ"

"မလိုတော့ဘူး၊ ဘာမှမလိုတော့ဘူး။ သွားတော့ကွာ၊ တော်တော်စိတ်ပျက်စရာကောင်းတဲ့မိန်းမ။ ခင်ခင်ထွေးခေါ်လာရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

သူ ဆူဆူအောင့်အောင့်ပြောလိုက်တော့ ခင်ခင်အေးတစ်ယောက် မော်တော်အောက်ခန်းသို့ နှုတ်ခမ်းလေးစူပွစူပွလုပ်ပြီး ဆင်းသွား၏။ ခင်ခင်အေးမရှိတော့မှဘဲ ည၏အလှအပကို တဝကြီး ခံစားနိုင်ခဲ့လေ၏။

အမှန်မတော့ ခင်ခင်အေးနှင့် ခင်ခင်ထွေးမည်သော ညီအစ်မနှစ်ယောက်ကို သူ ပိုက်ဆံနှင့်သိမ်းပိုက်ခဲ့ခြင်း ဖြစ်၏။ သူတို့ညီအစ်မက ရွာမှာ အလွန်မှ ဆင်းရဲလှ၏။ သူ ရွာကို ပြန်လည်ရောက်ရှိသွားချိန်တွင် ညီအစ်မနှစ်ယောက်စလုံးမှာ ဖခင်ကြီးမရှိတော့သဖြင့် ရွာထဲ ကျပန်းအလုပ်လုပ်ပြီး ဘဝကို ရှင်သန်နေခဲ့ကြရ၏။ နှစ်ယောက်စလုံး၏အသွင်က ညိုတုတ်စုတ်၊ ထောင်ထောင်မောင်းမောင်းအသွင်ရှိ၏။

သူကလည်း မြို့ကပြန်ရောက်လာပေမယ့် ဘဝက တွယ်တာစရာမရှိ။ တစ်ချိန်က သူ့ဘဝလည်း ခင်ခင်အေးတို့ ညီအစ်မလို



ကုန်းကောက်စရာမရှိအောင် ဆင်းရဲခဲ့ရင်း ရွာအနောက်ထိပ် ထန်းတောထဲတွင် ထန်းရည်ချက်ရသူ ဖြစ်၏။ ထိုစဉ်က သူ့ဘဝအခြေအနေမှာ ပေကျံမည်းညစ်နေခဲ့၏။

ထမင်းကြမ်းခဲ၊ ငါးပိရည်၊ အရွက်ကြော်ကလေးနှင့်သာ တင်းတိမ်ခဲ့ရသောဘဝ။ ထိုအခြေအနေကြား ဒုက္ခတွေနှင့် နင်လားငါလား ဖြစ်ခဲ့ရ၏။ ထမင်းတစ်လုတ်အတွက် ရုန်းကန်ရသည်မှာလည်း မလွယ်တူ။

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး မြို့သို့ စွန့်စွန့်စားစား ထွက်ခဲ့ရာမှ ယခုတော့ ရွာပြန်လှခဲ့ပြီ ဖြစ်၏။ လက်ထဲမှာလည်း ငွေကြေးအပြည့်။ တစ်ချိန်က ချက်အရက်ကို နတ်သုဒ္ဓါလုပ်ခဲ့သောဘဝမှ ယခုတော့ ဘရန်ဒီ၊ ဝီစကီတွေနှင့် ဖြစ်နေချေပြီ။

အခြေအနေ တောင့်တောင့်တင်းတင်းနှင့် ပြန်လာသောအခါ ဦးဆုံး ရွာထဲမှာ အိမ်တစ်လုံးဝယ်လိုက်ပြီး လုပ်ငန်းအတွက် မော်တော်တစ်စင်းထောင်ခဲ့၏။ သူ၏ အပြောင်းလဲကြီး ပြောင်းလဲသွားသော အခြေအနေကို တစ်ရွာလုံး အံ့သြနေ၏။

ထိုအခါ ခင်ခင်အေးတို့ညီအစ်မကို ငွေနှင့်သိမ်းပိုက်ပစ်လိုက်ပြီး သူ့ဘဝက ရွာမှာ ခံ့ခံ့ညားညား ဖြစ်နေရချေပြီဟုဆိုရလေမည်။

ခင်ခင်အေးနှင့် ခင်ခင်ထွေးတို့မှာ အမွှာညီအစ်မဖြစ်သော်လည်း လူချင်းတူပေမယ့် စိတ်ဓာတ်ချင်းမတူ။ ခင်ခင်အေးက အစားမက်သည်။ အအိပ်မက်သည်။ ပိုက်ဆံမက်သည်။ ခင်ခင်ထွေးကတော့ သူ့လိုမဟုတ်။ လင်ယောကျ်ား စိတ်ချမ်းသာအောင်လည်း ပြုစုတတ်၏။ နားလည်မှု၊ ခံစားမှုလည်းရှိသဖြင့် ခင်ခင်ထွေးကိုသာ အချစ်ပိုခဲ့၏။

သို့သော် ခင်ခင်အေးက ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းလှပြီး ခင်ခင်ထွေးထက် စွဲမက်စရာကောင်းလှသည်မို့ ခင်ခင်အေးကိုလည်း မစွန့်ပစ်ရက်။ ယခုလည်း မြစ်ဘက်သို့ ခရီးထွက်မည်လုပ်တော့ ခင်ခင်အေး အတင်းပူဆာ၍ ခေါ်ခဲ့ရခြင်း ဖြစ်၏။

တစ်လမ်းလုံး စားလိုက်အိပ်လိုက်၊ မူလိုက်ချွဲလိုက်နှင့် နေတတ်သော ခင်ခင်အေးကို စိတ်တိုင်းမကျ ဖြစ်နေခဲ့၏။ ယခုလည်း သဘာဝအလှအပကို မခံစားတတ်သူမို့ သူ့အနားမှ နှင်ထုတ်ခဲ့ပြီး တစ်ယောက်တည်း မြစ်ပြင်ကို ငေးမောကြည့်ခဲ့၏။ ဘရန်ဒီအေးတစ်မှိန်မှိန်သောက်ပြီး ညရှုခင်းကို မြည်းရသည်မှာ နှိုင်းမရသော အရသာဟူ၍ပင် ခံစားခဲ့ရ၏။

ထိုသို့ တစ်ယောက်တည်း လရောင်လင်းလက်နေသည့် မြစ်

www.burmeseclassic.com

မြင်ထဲ ဆေးအောကြည့်နေစဉ် မြစ်ပြင်ဘက်မှ ငှက်မည်းကြီးတစ်ကောင် ဆောင်ဝံ တဖျပ်ဖျပ်ရိုက်ပြီး ပျံသန်းလာသည်ကို တွေ့လိုက်ရ၏။

"ဂီ . . ဂီး ဂစ်ဂစ်"

ငှက်မည်းကြီးတစ်ကောင်ကို တွေ့လိုက်သည်နှင့် သူ အတုန့်လှုပ်ကြီး တုန်လှုပ်သွားမိ၏။ ငှက်ကြီးသည် လှိုင်းကြက်ခွပ်တို့နှင့် တစ်တောင်သာသာအမြင့်မှ တဝဲဝဲ ပျံသန်းလာ၏။

မြင်တွင်းကိုကြည့်ရင်း စောဖေ ကြက်သီးမွေးညင်းထလာ၏။ ငှက်မည်းကြီးအသွင်က ကြည့်ရင်းကြည့်ရင်းနှင့် မျက်လုံးအစုံက မီးကျီးခဲများပမာ နီတောက်တောက်ကြီး ဖြစ်လာ၏။ နှုတ်သီးတွေ တိုသွားကာ နားရွက်ကြီးတွေ တကားကား ဖြစ်လာ၏။

ဘဖြည်းဖြည်း အဘွားအိုကြီးနှင့်တူလာသလိုပင်။ တိုပျပ်ပျပ် ပါးစပ်ကြီးနှစ်ခုက ပြဲအာလာကာ အစွယ်ကြီးတွေ ပေါ်လာ၏။ ရုတ်တရက်ကြည့်လျှင် အလွန်မှ ကြောက်စရာကောင်းလှသော တစ္ဆေသရဲကြီးတစ်ကောင်၏ မျက်နှာကြီးနှယ်ပင်။

အစွယ်ကြီးတွေ တပြုပြုနှင့် သူ့အနားသို့ ရောက်လာသဖြင့် ထိုင်ရာမှ အလျင်အမြန်ထလိုက်ရာ ခုံပေါ်မှ ပုံလျက်သား လဲကျသွား၏။

"ဟာ - ငှက် . . . ငှက်မည်းကြီး"

"ဂီး . . . ဂီး ဂစ်ဂစ်"

"ဖယ်စမ်း၊ လုပ် . . . လုပ်ကြပါဦး"

လူဦးခေါင်းနှင့် ငှက်မည်းကြီးက သူ့စားပွဲအနားသို့ ရောက်ရှိလာကာ လဲပြိုသွားသော သူ့ကို သွားစွယ်ကြီးတွေနှင့် အတင်းကိုက်ခဲလေ၏။ သူ မောင်းထုတ်သော်လည်း ဘယ်လိုမှ မောင်းထုတ်၍ မရ။

ငှက်ကြီးသည် သူ့ကုပ်တွေ၊ လည်ပင်းတွေကို တဂီးဂီးနှင့်ကိုက်ခဲနေသဖြင့် မော်တော်ကြမ်းပြင်ပေါ် လူးလိမ့်အော်ဟစ်နေ၏။ မော်တော်စက်သံကြောင့် ငှက်ကြီး၏အသံဗလံ ပျောက်ကွယ်နေသဖြင့် ရုတ်တရက် မော်တော်ပေါ်မှလူတွေ မကြားမိ။

အော်ရင်းဟစ်ရင်း ရုန်းရင်းကန်ရင်းနှင့် နောက်ဆုံး မော်တော်အပေါ်ထပ်လှေကားမှ အောက်သို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွား၏။

"အောင်မလေး- လုပ်ကြပါဦး၊ ငှက် . . . ငှက်မည်းကြီး"

"ဂီး . . . ဂီး"





"ကယ်ကြပါဗျို့"

"ဆရာကိုစောဖေ၊ ဆရာကိုစောဖေ ဘာဖြစ်တာလဲ။ ဟာ- ခေါင်းမှာလည်း သွေးတွေနဲ့။ ဆရာ အပေါ်က မူးပြီးပြုတ်ကျတာနဲ့တူတယ်"

"ဟင်- သောင်း . . . သောင်းထွန်း"

"ဟုတ်တယ်၊ ဒုက္ခပါပဲ ဆရာက အရက်တွေ အရမ်းသောက်တာကိုး"

"ဘာကွ၊ မင်း . . . မင်း မဟုတ်တာတွေ မပြောနဲ့။ ငှက်မည်းကြီးရော"

"ဘယ်ကငှက်မည်းကြီးလဲ"

"မရှိတော့ဘူးလား"

"ဟာ - ဆရာကလည်း ဘာတွေပြောမှန်း မသိတော့ဘူးဗျာ"

"ဟာ - ငါ့ကို ငှက်ကြီး ကိုက် . . . . ဟင်"

စောဖေသည် မော်တော်အလုပ်သမား သောင်းထွန်းကိုကြည့်ပြီး အံ့သြနေ၏။ ငှက်ကြီးကိုလည်း မမြင်ရတော့။ သူကိုယ်တိုင် ဇဝေဇဝါဖြစ်နေ၏။ မော်တော်ကြမ်းပြင်ပေါ်မှ အတင်းလူးလဲလိုက်၏။ ခေါင်းမှာလည်း သွေးတွေယိုစီးနေ၏။

ထိုစဉ် သူ့အနားသို့ ခင်ခင်အေး ရောက်လာ၏။

"ကိုစောဖေ၊ ကိုစောဖေ ဘာဖြစ်တာလဲ။ အောင်မလေး- နဖူးရော လည်ပင်းတွေ ကုပ်တွေမှာပါ သွေးတွေပါလား"

"ဆရာစောဖေ အပေါ်ထပ်က ပြုတ်ကျတာဗျ။ ပါးစပ်ကလည်း ကယောင်ချောက်ချား အော်ဟစ်နေတာ။ ကျွန်တော်ရောက်လာလို့ပေါ့"

"ဟင် - ဒီလောက်တောင်သောက်ရလား ကိုစောဖေရယ်"

"ဟာ - ငါမသောက် . . . ငှက် . . . ငှက်ကြီး . . ."

"ဘယ်က ငှက်ကြီးလဲ၊ ထထ အိပ်ရာထဲသွားရအောင်"

သူ ဟိုဟိုဒီဒီကြည့်ရင်း ကြောင်စီစီဖြစ်နေ၏။

စိတ်တွေလည်း ကယောင်ချောက်ချား ဖြစ်နေ၏။ အိပ်ခန်းထဲရောက်တော့ သူ့လည်ပင်းနှင့်ကုတ်တွေကြည့်ရင်း သူ့ကို ငှက်မည်းကြီးက အမှန်တကယ် ကိုက်ခဲခဲ့သည်ဟု ထင်မြင်မိ၏။

"ဟုတ်တယ်၊ ဒါ ငါ့ကို ငှက်ကြီးက ကိုက်တာ"

"အို - မဟုတ်တာ၊ ဘယ်ကငှက်လဲ"

"မင်း . . . မင်း မသိဘူး။ ဒီငှက်မည်းကြီးက ငါ့နောက်ကို လိုက်နေတာ။ ပြီးတော့ အဲဒီငှက်မည်းကြီးက မယ်သာအား ဟူဘဲ

www.burmeseclassic.com



ထယ်၊ ခသော်တာမှ မသော်တာအစစ်"

"ဘုရားရေ ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

"ဒုက္ခပါပဲ။ ဘုရား . . . ဘုရား ဒီငှက်မည်းကြီး ငါ့နောက်ကို လိုက်နေတာ သေချာပါပြီ"

"ရှင် ဘာတွေပြောနေတာလဲ"

"မင်းမသိချင်စမ်းပါနဲ့ကွာ"

မိန်းမဖြစ်သူကို လှည့်ငေါက်ရင်း တစ်ယောက်တည်း ချောက်ချားနေ၏၊ ထိုအဖြစ်ကြောင့် သူ့ညာဘက်မျက်လုံးကို ယောင်ယမ်းပြီး စမ်းလိုက်မိ၏။

"ဟုတ်တယ်၊ ဟောဒီမျက်လုံးတစ်ဖက်ကိုလည်း အဲဒီငှက်ကြီး ဆိတ်ခဲ့တာကွ။ ဘုရား . . . ဘုရား၊ ဒီငှက်ဟာ သရဲသဘက် ပူးနေတဲ့ငှက်ကြီး ဖြစ်ရမယ်"

လင်ယောကျ်ား၏စကားကို နားထောင်ရင်း ခင်ခင်အေးတစ်ယောက် မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေ၏။ နောက်ဆုံး ဒဏ်ရာတွေကို ဆေးထည့်ပေးပြီး ပတ်တီးစည်းလိုက်၏။ စောဖေခမျာ တစ်ယောက်တည်း ကယောင်ချောက်ချား ဖြစ်နေ၏။

"ငါ့ကို အရက်တစ်ခွက်ပေးစမ်း"

"ရှင် ထပ်သောက်ဦးမလို့လား"

"ဟာ - ဒီမိန်းမ စကားသိပ်ရှည်တာပဲ။ ဒီမှာ နေလို့ထိုင်လို့မရ ဖြစ်နေရတဲ့အထဲကွာ။ သွားစမ်း၊ ပုလင်းပါယူခဲ့"

"ဒုက္ခပါပဲ၊ ကိုစောဖေက ညီမလေးစကားကလွဲပြီး ဘယ်သူ့စကားမှ နားမထောင်ပါလား"

"တော်စမ်း၊ ငါခိုင်းတာလုပ်"

နောက်ဆုံးတော့ ခင်ခင်အေးသည် မော်တော်အပေါ်ထပ်သို့ တက်လာပြီး ဘရန်ဒီပုလင်းကိုယူလာကာ စောဖေအနားချပေးလိုက်ပြီး အိပ်ရာထဲ ပြန်ဝင်သွားလေ၏။

စောဖေမှာ အိပ်လို့မရတော့။ အိပ်မည်လုပ်တိုင်း ငှက်ကြီး၏ အသွင်သဏ္ဌာန်နှင့်အသံကြီးကို ကြားနေရ၏။ နောက်ဆုံး ခုတင်ပေါ်မှာ လူးလိမ့်ရင်း မိုးစင်စင်လင်းခဲ့ရ၏။

ထိုအချိန် မော်တော်ကလည်း မြစ်ဆိပ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်၏။ စောဖေသည် မော်တော်ပေါ် မလိုက်ရဲတော့။ ထို့ကြောင့်လည်း ခင်ခင်အေးကိုခေါ်ကာ မော်တော်ပေါ်မှဆင်းခဲ့၏။

သူတို့ရောက်ရှိနေသည့်မြို့ကိုပင် အသေအချာမမှတ်မိ။ ဟိုတို ဒီဒီ မေးကြည့်တော့ ပုသိမ်မြို့မှန်း သိလိုက်ရလေ၏။





မြို့ထဲသို့ ဝင်လာခဲ့ပြီး သူငယ်ချင်းဖြစ်သူ တင်မောင်တို့အိမ်ဆီသို့သွား၍ သုံးလေးည နေထိုင်ရန် ဆုံးဖြတ်လိုက်၏။ တင်မောင်နှင့်သူက တေဖော်တေဖက်သူငယ်ချင်းတွေ ဖြစ်ကြ၏။ ကွဲကွာခဲ့သည်မှာလည်း ဆယ်နှစ်နီးပါးရှိပြီမို့ တင်မောင် သူ့ကို ကောင်းကောင်းမမှတ်မိ။ မနည်းပြောဆိုမှ သူ့ကို သတိရလာခဲ့ပြီး ဝမ်းသာအားရနှင့် ကြိုဆိုခဲ့၏။

"ဟကောင်ကြီးရာ- မင်းကိုငါ မှတ်တောင် မမှတ်မိဘူးကွာ။ မင်းရုပ်ရည်က အတော့်ကို ပြောင်းလဲသွားတာပဲ"

"ဟုတ်တယ်၊ နည်းနည်းဝသွားတယ်ကွ"

"ဟင်- မင်းမျက်လုံးတစ်ဖက် ဘာဖြစ်သွားတာလဲကွ"

"ငှက်ဆိတ်ခံရတာလေ"

"ဘာ - ငှက်ဆိတ်ခံရတာ ဟုတ်လား"

"ဟုတ်တယ်ကွာ"

"မင်းဥစ္စာကလည်း အံ့ဩစရာပဲကွာ။ ကိုင်း-ဘာမှပြောမနေနဲ့ ငါတို့ သားအမိသားအဖ သုံးယောက်တည်း ရှိတာကွ။ လွတ်လွတ်လပ်လပ်သာနေ"

"အေးကွာ၊ မင်းဆီမှာ သုံးလေးရက်တော့ နေဦးမယ်။ ဟောဒီမှာ ဈေးဖိုး၊ ကောင်းကောင်းသာ ချက်ကွာ။ မင်း သောက်သေးတယ် မဟုတ်လား"

"ဟဲဟဲ - နည်းနည်းပါးပါးတော့ သောက်တယ်ကွ"

"ဒါဆို ဆော်ကွာ။ ဘရန်ဒီ ရရင်ရ၊ မရရင် ဝီစကီဝယ်ကွာ"

"ဟကောင်- မင်းတော်တော်ဖြိုးနေတယ် ထင်တယ်"

"ငါတို့ရှိနေတုန်း မင်းတို့မိသားစုရဲ့ စားရေးသောက်ရေးကို ငါတာဝန်ယူတယ်"

"ရပါတယ်ကွာ"

သူတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုကြရင်း သောက်စားခဲ့ကြ၏။ တင်မောင်က ငှက်ကြီးအကြောင်းကို မေးလာသောအခါ စောဖေ အဖြေရခက်နေသည်။

"မင်း တစ္ဆေသရဲဆိုတာ ယုံသလား"

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီငှက်ကြီးကို ငါ သချိုင်းကုန်းမှာ မြင်ခဲ့တယ်။ ငါက အဲဒီတုန်းက သူဌေးကြီးတစ်ယောက်ရဲ့ အိမ်မှာ ဒရိုင်ဘာလုပ်ခဲ့တာကွ။ အဲဒီတုန်းက ငါအဲဒီငှက်ကြီးနဲ့ ကြုံခဲ့ရတာ။ အဲဒီငှက်ကြီးက ငါတို့နောက်ကိုလိုက်လာပြီး ဒုက္ခပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါ့မျက်စိကိုလည်း သူဖောက်ပစ်ခဲ့တာ"

"ဟင် - ဒါဆို အဲဒီငှက်ကြီးက မကောင်းဆိုးဝါးငှက်ကြီးလား"

"အေးကွာ၊ မပြောတတ်ဘူး။ ခုလည်း လမ်းမှာ ဆုံခဲ့ပြန်ပြီ"

"ဟေ - ဟုတ်လား"

"ဟုတ်ပါ့ကွာ၊ ဒီလို. . ."

သူလမ်းမှာ ကြုံခဲ့ရသည့်အဖြစ်ကို ပြောပြလိုက်၏။ တင်မောင်သည် သူ့စကားကိုနားထောင်ရင်း မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေ၏။ နာနာဘာဝလောက၏ အသိခက်လှသော အကြောင်းများကို သူတို့နှစ်ဦးစလုံး မယုံကြည်။ သို့သော် လက်တွေ့ ကြုံခဲ့ရသည့်အဖြစ်ကြောင့် ယုံရတော့မလို ဖြစ်နေ၏။

"မင်းပြောတာနဲ့ ငါတောင်ကြောက်လာပြီ။ ဒါဆို ငှက်က လူခေါင်းနဲ့ငှက်ကိုယ်ကြီးပေါ့"

"ဟုတ်တယ်။ ကြည့်ရင်းကြည့်ရင်းနဲ့ မိန်းမကြီးမျက်နှာ ပေါ်လာတယ်ကွ။ အစွယ်ကြီးတွေကလည်း သွေးတွေပေလို့၊ ငါ့ကို အတင်းဝင်ကိုက်တာကွ။ ဟောဒီမှာကြည့်. . ."

"ဟင်"

စောဖေက သူ့လည်ပင်းကဒဏ်ရာတွေကို ပြလိုက်သည်။ တင်မောင်သည် စောဖေလည်ပင်းမှ ဒဏ်ရာအမာရွတ်များကို ကြည့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

"ဟာ - မင်းပြောတာ တကယ်ပါလား"

"အဲဒါကြောင့် ပြောတာပေါ့။ ငါလည်း ကြောက်ကြောက်နဲ့ မော်တော်ပေါ်ကဆင်းပြီး မင်းဆီ ရောက်လာတာပဲကွ"

"ကြောက်စရာပါလားကွာ၊ ဒါဆို မင်း ပယောဂဆရာတွေဘာတွေနဲ့ မကုဘူးလား"

"ငါက သိပ်အယုံအကြည်ရှိတာ မဟုတ်ဘူးကွ"

"ဟင် - မင်းဥစ္စာ မယုံသာ မယုံပေမယ့် မင်းကိုယ်တိုင်ခံရတာလေကွာ။ မယုံလို့ ဖြစ်မလား။ အမှန်တော့ ဒီလိုကိစ္စမျိုးကို အောက်လမ်းဆရာတို့၊ ပယောဂဆရာတို့မှ နိုင်တာကွ"

"ငါကိုယ်တိုင် ယုံရခက်ခက် ဖြစ်နေတာကွ။ အိပ်မက် မက်တာလား၊ တကယ်လား ဆိုတာကိုတောင် ပြောလို့မရဘူး"

"ဟာ - မင်းကလည်းကွာ"

"ကိုင်း - ဘာမှ တွေးမနေစမ်းပါနဲ့ကွာ၊ ရောက်တုန်းရောက်ခိုက် ငါတော့ ပျော်ပျော်ရွှင်ရွှင်ပဲနေချင်တယ်"

"နေစမ်းပါကွာ"



နောက်ဆုံးတော့ ငှက်ကြီးကိစ္စကို မေ့ပစ်လိုက်ကြပြီး တစ်ညလုံး သောက်လိုက်စားလိုက်နှင့် မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့ကြ၏။ ခင်ခင်အေးသည် တင်မောင်၏ဇနီးသည်နှင့်အတူ ဈေးဘက်လိုက်ခဲ့ရင်း လင်တော်မောင်၏ကိစ္စကို တင်မောင်၏ဇနီးသည် မသိန်းကြည်အား ပြောပြလိုက်၏။

"ဟင်- ဒါဆို ဒါ သရဲတစ္ဆေပူးတာ ဖြစ်ရမယ်။ ကျွန်မတို့မှာ ပယောဂဆရာကောင်းကောင်း ရှိတယ်"

"ဟုတ်လား၊ ဒါဆိုရင် အဲဒီဆရာဆီ အရင်သွားရအောင် ညီမလေးရယ်"

"သွားလေ၊ ညီမလိုက်ပို့ပေးမှာပေါ့"

နောက်ဆုံး ပယောဂကုသည့် ဆရာကြီးတစ်ဦး၏အိမ်သို့ ဝင်ခဲ့ကြ၏။ ပယောဂဆရာကြီးအမည်က ဆရာပွား။ မုတ်ဆိတ်ဖွားဖွားနှင့် အညိုရောင်ဝတ်ရုံကြီးကို ကိုယ်ပေါ်မှာ ခြုံထား၏။ ကြေးတောင်ဝှေးကြီးတစ်ချောင်းကိုလည်း အိမ်ဦးခန်းမှာ ထောင်ထား၏။ ခင်ခင်အေးသည် ခင်ပွန်းသည်ကိစ္စကို ပြောပြလိုက်ရာ ဆရာပွားက အိမ်ဦးခန်းတွင်ထိုင်၍ စောဖေ၏နာမည်ကို ရေရွတ်ပြီး ဂါထာမန္တန်တွေ ရွတ်လိုက်၏။

"ဟုတ်ပြီ၊ ဒါဟာ ပယောဂပဲ။ အဲဒီငှက်ဟာ သုသာန်စောင့်ငှက်မင်းပဲ။ သူဟာ သေသူရဲ့ ဝိညာဉ်တွေကို အချိတ်အဆက်လုပ်ပေးရတဲ့ ငှက်မင်းကွ"

"ရှင် - ဒါ. . . ဒါဆို"

"အေး - နင့်ယောကျ်ား ဘာအမှားတွေလုပ်ခဲ့လဲ မသိဘူး။ တစ်ခုခုတော့ မှားခဲ့ပုံပေါ်တယ်"

"ရှင်"

"မပူပါနဲ့၊ ဟောဒီ သံပုတီးလေးယူသွား။ အရေးအကြောင်းဖြစ်ရင် ရေစိမ်ပြီးတိုက်လိုက်။ ဒီသံပုတီးက ဖိုအောင်ပြီးသား။ မကောင်းမှုမှန်သမျှကို နှိမ်နင်းနိုင်တဲ့ ဝိညာဉ်ပုတီးကွ"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

"အေး- တစ်ခုတော့ မှာလိုက်မယ်။ နင့်ယောကျ်ားဟာ ငါးပါးသီလ မလုံသရွေ့တော့ မကောင်းဆိုးဝါးက လိုက်နေဦးမှာပဲ။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲမှ ဖြစ်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒီတော့ ငါးပါးသီလကိုမြဲမှ ဖြစ်မယ်။ ဖြစ်နိုင်ရင် တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် အဓိဋ္ဌာန်ဝင်ရမယ်။ အိမ်မှာ [illegible]

www.burmeseclassic.com

တွေပင့်ပြီး ရွတ်ဖတ်ခိုင်းပါ။ ဒါဆိုရင် အဲဒီ ငှက်မင်း မလာနိုင်တော့ဘူးလို့မှတ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကိုင်း - ဒါဆိုရင် ပြန်ပေတော့"

"ကျွန်မ ဆရာကြီးအတွက် ညာဏ်ပူဇော်ခလေး။ ပူဇော်ပါရစေ"

"ရပါတယ်ကွယ်။ မင်းတို့လှူသမျှတွေကို တို့က သာသနာပွဲထိုးဖို့အတွက်ပါပဲကွယ်။ ကိုင်း - သွားကြသွားကြ၊ သတ္တဝါတွေ မှန်သမျှ ဘေးဥပဒ်အန္တရာယ်အပေါင်းတ ကင်းပါစေကွယ်"

သူတို့နှစ်ဦး ပယောဂဆရာကြီးအိမ်မှ ဆင်းခဲ့၏။ ခင်ခင်အေး စိတ်ထဲမှာတော့ ဆရာကြီးပေးလိုက်သောအဆောင်ကို အယုံကြီးယုံနေ၏။ အိမ်ပြန်ရောက်သည်နှင့် စောဖေကို အကျိုးအကြောင်းပြောပြီး သံပုတီးကိုပေးလိုက်၏။

"ကိုစောဖေ၊ အဲဒီပုတီးဆောင်ထားရင်တော့ အရက်သောက်လို့ မရဘူးနော်။ ပြီးတော့ ရှင် ငါးပါးသီလ မြဲရမယ်၊ အဓိဋ္ဌာန်ဝင်ရမယ်တဲ့"

"ဟာကွာ- ရှုပ်လိုက်တာ"

"ဘယ်လိုပြောလိုက်တာလဲ ကိုစောဖေ၊ ရှင်ပြောတဲ့ ငှက်ကြီးဆိုတာ သုသာန်မှာနေတဲ့ ငှက်မင်းတဲ့။ အဲဒီ ငှက်မင်းတွေဟာ ဝိညာဉ်လောကကို အချိတ်အဆက်ပြုတဲ့ ငှက်ဆိုးကြီးတွေတဲ့"

"ဟာ၊ မယုံဘူးကွာ၊ ရော့ရော့ ငါ မင်းပုတီးလည်း မလိုချင်ဘူး။ ငါးပါးသီလလည်း မစောင့်နိုင်ဘူး။ ပြီးတော့ ငါကြိုက်တဲ့ဝီစကီနဲ့ ဘရန်ဒီကိုလည်း မဖြတ်နိုင်ဘူးကွာ၊ ရော့-ပြန်ယူသွားတော့"

"ဘုရားရေ- ရှင် ရူးနေသလား"

"သွားစမ်းကွာ၊ နားငြီးတယ်"

ခင်ပွန်းသည်၏စကားကြောင့် ခင်ခင်အေးမှာ အကြီးအကျယ်တုန်လှုပ်ခဲ့ရ၏။ မူးကလည်း မူးနေသည်မို့ စကားဆက်မှုဆိုတော့ဘဲ သံပုတီးကို သိမ်းဆည်းထားလိုက်၏။

စောဖေသည် တင်မောင်တို့အိမ်ရောက်မှ အကြီးအကျယ်ပျော်ရွှင်နေ၏။ တင်မောင်ကလည်း စောဖေကို အရက်မပြတ်စေရသလို အမြည်းကိုလည်း ကောင်းပေ့ညွန့်ပေ့ကိုမှ ဝယ်ခြမ်း၍ ကျွေးမွေးခဲ့၏။ ထို့ပြင် တင်မောင်က သူငယ်ချင်းသုံးယောက်ကို ခေါ်ကာ ဖဲဝိုင်းပါ ထောင်ပေးခဲ့၏။ စောဖေတစ်ယောက် ပါလာသမျှ ပိုက်ဆံထုပ်ကြီးရှေ့ချကာ မိုးလင်းမိုးချုပ် ဖဲကစားခဲ့၏။ အံ့ဩစရာကော[illegible] လှသည်မှာ သူ့ဘာဝတစ်သက်လုံး ဖဲနိုင်သည် မရှိခဲ့။ အမြဲတ[illegible]



ရှုံးပွဲချည်းပဲ ကြုံနေသဖြင့် ဖဲကိုကျောခိုင်းခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၏၊ ယခုတော့ ဖဲဝိုင်းထိုင်လိုက်အခည်နှင့် ကောက်ကိုင်လိုက်သမျှဖဲချပ်တွေက အပွင့်ကောင်းတွေချည်းပဲ ဖြစ်၏။ ဒိုင်ခံခဲ့လျှင် စားရသည့်အကြိမ်ကသာ များ၏။ တင်မောင် ခေါ်လာသည့် သူငယ်ချင်းသုံးယောက်စလုံး ပါလာသမျှပိုက်ဆံ ကုန်သွားခဲ့၏။

ထိုအခါ အရပ်ထဲရှိ အသုဘဝိုင်းသို့သွားရန် အဖော်ညှိခဲ့၏၊ စောဖေကလည်း သဲကြီးမဲကြီး သူ့ကိုယ်သူ ဖဲစီးနေသည်ဟုပင် ထင်နေ၏။ ဖဲချပ်ကိုင်လိုက်သည်နှင့် သူ့နားထဲ စကားပြောသံလိုလို၊ ညွှန်ကြားသံလိုလို ကြားနေရ၏။

ထိုသို့ ပြောဆိုမှုအတိုင်း လိုက်လုပ်လျှင်လည်း နိုင်ပွဲတွေသာ ကြုံနေရသဖြင့် သူ့ကိုယ်သူ တအံ့တဩ ဖြစ်နေရ၏။ နောက်ဆုံး သူတို့လူစု ရပ်ကွက်အနောက်ဘက် အသုဘအိမ်ရှိ ဖဲဝိုင်းထဲဝင်ခဲ့၏။ သူတို့လူစု အိမ်ထဲ သဲကြီးမဲကြီးရှိနေစဉ်တွင် အော်သံဟစ်သံများကြောင့် သတိဝင်လာ၏။

"ဘာဖြစ်တာလဲ"

"ဟာ - ဟိုမှာဗျို့"

"ဘာကောင်ကြီးလဲကွ"

"ငှက်. . . ငှက်မည်းကြီးဗျ"

"ငှက်ဆိုးကြီး ဖြစ်မှာပေါ့"

မြင်ကွင်းကြောင့် သူတို့အားလုံး ထိတ်လန့်ကုန်၏။

ငှက်မည်းကြီးသည် အသုဘစင်ပေါ်နားကာ တဂီးဂီးနှင့် အော်မြည်နေ၏။ ငှက်ကြီးကိုမြင်လိုက်သည်နှင့် စောဖေ ထိတ်လန့်သွားကာ လက်ထဲမှဖဲချပ်ကို ယောင်ပြီးလွှတ်ချလိုက်၏။

"ဘာဖြစ်တာလဲဗျ"

"ဟိုမှာ ငှက်. . . ငှက်ကြီး"

"ဟာ - ကိုစောဖေကလည်း သူ့ဘာသာသူ နားတာပဲဗျာ။ ကြောက်စရာမဟုတ် ကြောက်နေရပြန်ပြီ"

"တော်ပြီကွာ၊ ငါမကစားတော့ဘူး"

စောဖေ ဆက်မကစားရဲတော့ဘဲ ငှက်ကြီးကိုသာ လှမ်းကြည့်နေ၏။ တစ်အောင့်အကြာတွင် ငှက်ကြီးက တဂီးဂီးအော်ပြီး ပြန်သွား၏။ ငှက်ကြီးကိုကြည့်ရင်း စောဖေတစ်ယောက် ချွေးတွေပြန်နေ၏။ ငှက်ကြီးပြန်သွားမှ သူတို့နှစ်ယောက် အသုဘအိမ်ပေါ်မှ ဆင်းခဲ့ကြ၏။

လမ်းတစ်လျှောက်လုံးလည်း မှောင်မိုက်နေ၏။ လမ်းမီးဒေါင်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မှိန်မှိန်သာပင် ရှိ၏။ မြင်ကွင်းအားလုံးက ဝိုးတဝါး။ သူတို့နှစ်ယောက် လမ်းထိပ်ထိ ခပ်သုတ်သုတ် ထွက်လာခဲ့ကြ၏။

"ဂီး. . . ဂီး ဂစ်ဂစ်"

"ဟာ့ - မှို. . . ဟို့မှာ"

"ဂီးဂီး"

"အောင်မလေး"

"ကိုစောဖေ၊ ဟော့လူ မပြေးနဲ့"

"ကယ်ကြပါဦးဗျ"

"ဂီး. . . ဂီး ဂစ်ဂစ်"

"ဟာ - ပြဿနာပဲကွာ"

စောဖေတစ်ယောက် မျက်နှာချင်းဆိုင် ပျံဝဲလာသည့် ငှက်မည်းကြီးကို မြင်လိုက်သည်နှင့် လမ်းကြိုလမ်းကြားထဲသို့ ဝင်ပြေးသွား၏။ စောဖေ ဝင်သွားသည့်နောက်သို့ ငှက်ကြီးပျံလိုက်သွားသဖြင့် တင်မောင်သည် တွေ့ရာတုတ်ဆွဲပြီး အပြေးအလွှားလိုက်ခဲ့၏။ လိုက်ရင်းလိုက်ရင်း ငှက်ကြီးကလည်း မျက်ခြည်ပြတ်သွားခဲ့၏။

"ကိုစောဖေ၊ ဗျို့- ကိုစောဖေ"

"ငါ. . . ငါ ဒီမှာကွ"

"ဟာ - ဘယ့်နှယ် အိမ်အောက်ထဲ ဝင်နေရသလဲ"

"ငှက်. . . ငှက်ကြီး"

"မရှိတော့ပါဘူးဗျာ၊ ထွက်ခဲ့"

အိမ်တစ်အိမ်အောက်မှ ကိုစောဖေ ထွက်လာ၏။ တစ်ကိုယ်လုံးလည်း ပေကျံနေသလို လူကလည်း တုန်လှုပ်နေ၏။

အပြင်ရောက်သည်နှင့် ဟိုဟိုဒီဒီကြည့်ရင်း အိမ်ဘက်သို့အလျင်အမြန် ထွက်ခဲ့ကြ၏။

"ဘယ်လိုဖြစ်လာကြတာလဲ"

"ငှက်. . . ငှက်ကြီး လိုက်လာပြီကွ"

"ဘာ - ငှက်ကြီး"

"ဟုတ်တယ်၊ ငါကိုယ်တိုင်တွေ့ခဲ့တာ။ မနေဘူး၊ ပြန်တော့မယ်။ မိုးလင်းတာနဲ့ပြန်မယ်"

"အို - ရှင့်ဥစ္စာ ဇွတ်ကြီးပါလား"

"တင်မောင်၊ ငါ မနက်ဖြန်ကျရင်ပြန်တော့မယ်။ ဒီကောင်ကြီး ငါ့နောက်ကို လိုက်နေတာ သေချာပြီကွ"

"ဟာ - ခင်ဗျားကလည်း၊ တစ်ပတ်လောက်နေဦးမယ်ဆို အာလဲ၊ ငှက်ကြီးကို ကြောက်လို့လား"

"ဟုတ်တယ်၊ အဲဒီငှက်ကြီးက ငါ့အတွက် အန္တရာယ်ရှိတယ်။ ငါ့ကို ဒုက္ခပေးမှာ သေချာတယ်။ ခင်အေး ပြန်ကြမယ်ကွာ၊ ပြီးတော့ ငါရန်ကုန်ကိုပြန်မယ်။ ရွာကိုလည်းမလိုက်ချင်. . ."

"အို- ဘယ်လိုဖြစ်တာလဲ ကိုစောဖေရယ်"

"မင်း စကားထပ်မရှည်နဲ့ကွာ"

စောဖေကို ဘယ်လိုမှပြောမရတော့။ အဝတ်လေး ချောက်ချားတုန်လှုပ်နေသည့်ပုံပင်။ အိမ်ထဲရောက်သည်အထိ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေပြီ။ တင်မောင်လည်း မပြောသာတော့။ ဇွတ်အဓမ္မ ပြောဆိုနေသည်မို့ ဘာတစ်ခွန်းမှ ဝင်မပြောသာ။ နောက်ဆုံး သူတို့အားလုံး အိပ်ရာထဲဝင်ခဲ့ကြသော်လည်း စောဖေ မအိပ်နိုင်။ တစ်ယောက်တည်းထိုင်ရင်း အရက်ကိုသာ သောက်နေ၏။

သောက်ရင်းကလည်း တစ်ယောက်တည်း ပွစိပွစိ ပြောနေ၏။ ဇနီးသည် ခင်ခင်အေးမှာလည်း မအိပ်နိုင်တော့။ ခင်ပွန်းသည်ဘေးနားထိုင်ပြီး ဖေးဖေးမမ ပြောခဲ့၏။

"ကိုစောဖေရယ်၊ ကျွန်မပြောတဲ့ သံပုတီး. . ."

"မင့်ဥစ္စာ ငါမယုံဘူး"

"ဒါဆို အဲဒီ သတ္တဝါက ရှင်နောက်ကို လိုက်နှောင့်ယှက်နေမှာပေါ့လို့။ ဒီကိစ္စကို ရှင်ယုံကြည်ဖို့တော့လိုတယ်။ ပြီးတော့ ငါးပါးသီလ . . ."

"တော်စမ်းကွာ၊ မင်းထပ်မပြောနဲ့။ ဒီကိစ္စ မင်းဘာမှမသိဘူး။ ကိုင်း- ငါ့ကိုပိုက်ဆံအိတ်ပေးလိုက်။ မင်းတို့ညီအစ်မ စားသောက်ဖို့လည်း ယူထားလိုက်။ ငါရန်ကုန်ကိုသွားမယ်"

"အို - ရှင်က ဇွတ်ကြီးပါလား"

"မသွားလို့မဖြစ်ဘူးကွ၊ ငါ့နောက်ကို ဟိုကောင်ကြီး လိုက်နေမှာ သေချာတယ်"

"ဒုက္ခပါပဲ"

"ကိုင်း - ပေးစမ်းကွာ။ ခင်ထွေးကိုလည်း ပြောလိုက်၊ ငါဟိုမှာကြာမယ်"

"ရှင်ဘာသွားလုပ်မှာလဲ"

"ငါ ဘာမှမပြောချင်ဘူး"

"ဘယ်လိုဖြစ်တာလဲ ကိုစောဖေရယ်"

"မမေးစမ်းပါနဲ့ကွာ"

နောက်ဆုံးတော့ ခင်ခင်အေးလည်း မတတ်နိုင်တော့။ နောက်တစ်နေ့ မိုးလင်းသည်နှင့် စောဖေတစ်ယောက် ရန်ကုန်ထွက်သည့်

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီးပေါ်သို့ ခပ်သုတ်သုတ် တက်သွားလေတော့၏။

... ဘဝကို ကြောက်လေလေ
ဘဝက ဖြဲခြောက်လေလေပင်။
အကြောက်တရားကင်းသောလူတို့သာ
လောကကြီးထဲ ကျန်ရှိမြဲသမျှ
ရှုတာပင် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

စောဖေသည် သင်္ဘောပေါ်ရောက်သည်နှင့် အခန်းတစ်ခန်းငှားပြီး တစ်ယောက်တည်း နေထိုင်ခဲ့၏။ ခရီးသည်တွေကလည်း သင်္ဘော အပေါ်ထပ်၊ အောက်ထပ်တွင် ပြည့်ညပ်နေ၏။ ပြောသံဆိုသံတွေကလည်း ဆူညံနေ၏။ ဈေးသည်တွေ၏ အသံကိုလည်း ခပ်သဲ့သဲ့ကြားနေရ၏။ စောဖေသည် အခန်းထဲက မထွက်တော့။ စားစရာရှိသည်များကိုလည်း အခန်းထဲသို့ မှာယူစားသောက်ခဲ့၏။

သူ့နားထဲ ငှက်အော်သံကိုပဲ ကြားနေရသဖြင့် နားနှစ်ဖက်ကို ဂွမ်းဆို့ထားမိ၏။ ကြောက်လွန်းလှ၍ အခန်းပြတင်းတံခါးကိုတောင် မဖွင့်ရဲ။ သင်္ဘောက ခုတ်မောင်းနေဆဲ။ အခန်းထဲမှာလည်း အရက်ပုလင်းတွေ၊ အမြည်းတွေနှင့် ရှုပ်ပွနေ၏။

တစ်ယောက်တည်း သောက်လိုက်၊ လဲလိုက်မှုးလိုက်နှင့် လုံးထွေးပတ်ချာလည်နေ၏။ နောက်ဆုံး မိုးလင်းလုလုတွင် အခန်းထဲမှ ထွက်ခဲ့ပြီး သင်္ဘောအောက်ထပ်သို့ ဆင်းခဲ့၏။ သောက်စားထားသဖြင့် ဗိုက်ထဲတရစ်ရစ်နာကျင်နေ၍ အိမ်သာထဲဝင်လိုက်၏။ အမှောင်ထုက အပြင်လောကတွင် မပြယ်သေး။ ထိုအချိန် အိမ်သာထဲ ထိုင်နေသော စောဖေ ကြားလိုက်ရသောအသံကြောင့် ဆတ်ခနဲဖြစ်သွား၏။

အသံက ဘယ်ကပေါ်လာသည်မသိ တဂီးဂီးနှင့် မြည်ဟည်းသံကြောင့် အိမ်သာထဲမှ အတင်းထွက်ကာ အိပ်ခန်းထဲဝင်ပြေးပြီး တံခါးပိတ်လိုက်၏။

နားထဲ တဂီးဂီးအသံက ကြားနေဆဲ။ ထိုစဉ် သူထိုင်နေသည့်နေရာနှင့် မလှမ်းကမ်းရှိ ခုတင်အောက်ထဲမှ ခေါင်းကြီးတစ်ခု ပြူ



ထွက်လာသဖြင့် စောဖေ ထအော်မိမတတ် ဖြစ်သွား၏။

ခေါင်းကြီးက ဆံပင်စုတ်ဖွာဖွာ၊ မျက်နှာကြီးက ရဲတွတ်တွတ်၊ မှင်တက်မိနေရာက သတိဝင်လာ၏။

"ဟာ - သော်တာ ခင်. . . ခင်ဗျား မသော်တာပါလား"

"ဟင်းဟင်း. . . ပြေးမလွတ်ပါဘူး"

"ဟင် - ခင်. . . ခင်ဗျား မလာနဲ့"

"အတုံ့အလှည့်ဆိုတာ မင်းသိမှာပေါ့"

"ဘာ - ခင်. . . ခင်ဗျား၊ အား- အောင်မလေး လုပ်ကြပါဦး"

"ဂီး. . . ဂီး ဂစ်ဂစ်"

အသံက ပို၍ ကျယ်လောင်လာ၏။ ခုတင်အောက်မှ ခေါင်းက ရှေ့သို့ ကုန်းကုန်းကွကွထွက်လာ၏။ တစ်ကိုယ်လုံး ငှက်မည်းကြီး၏ အမွေးအမှင်များ ဖုံးလွှမ်းနေ၏။

ကြည့်ရင်း ကြည့်ရင်း သော်တာဝတ်မှုန်နှင့် တူလာသည်မို့ သူ ကြောက်အားလန့်အားနှင့် ကုလားထိုင်ခုံဆွဲပြီး ရိုက်ချလိုက်၏။ လူတစ်ပိုင်း ငှက်တစ်ပိုင်းသတ္တဝါကြီးက သူ့ကိုရှောင်ရှားကာ လည်ပင်းကို အတင်း ကိုက်ခဲလေတော့၏။

သူ အတင်းရုန်းပါသော်လည်း ရုန်း၍မရ။ သူ့ကိုယ်ကို အတင်းဖိကာ ပါးစပ်ကြီးနှင့် လည်ပင်းကို ကိုက်ခဲနေ၏။ သွေးတွေကလည်း ကြမ်းပြင်ပေါ် ယိုစီးနေ၏။

အော်ရင်း အော်ရင်း သူ့အသံတွေဝင်လာ၏။ သူတို့ ဖြစ်ပျက်နေမှုကို ဘယ်သူမှ မသိနိုင်။ သင်္ဘောစက်သံကလည်း တဂျုန်းဂျုန်း မြည်ဟည်းနေ၏။

သို့နှင့် သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့၏။ ခရီးသည်တွေအားလုံး သင်္ဘောပေါ်မှဆင်းသွားသော်လည်း စောဖေ၏ အခန်းတံခါးမဖွင့်သေးသဖြင့် သင်္ဘောအမှုထမ်းတွေက တံခါးခေါက်ခဲ့၏။ အော်ဟစ်ခေါ်သော်လည်း တုံ့ပြန်သံမကြားရသဖြင့် နောက်ဆုံး တံခါးဖျက်ပြီးဝင်ခဲ့ကြရာ ခုတင်ဘေးတွင် မျက်လုံးပြူး မျက်ဆန်ပြူး သွေးရဲရဲသံရဲရဲ သေဆုံးနေသည်ကို တွေ့လိုက်ရသဖြင့် သူတို့အားလုံး ထိတ်လန့်ကုန်ကြ၏။

"ဟာ - ဘယ်လိုဖြစ်တာလဲ"

"လည်ပင်းမှာလည်း ဒဏ်ရာကြီးနဲ့"

"သေနေပြီလား"

"သေနေပြီဟ"

"ဒုက္ခပါပဲကွာ၊ မြသနာက မခေါ်ဘဲရောက်လာပါ[illegible]"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမှာလဲ"

"ဝါတ်တဲကိုသာ အကြောင်းကြားကွာ။ ဒီကိစ္စ ငါတို့ဘက် ပတ်လာနိုင်တယ်"

"ဟုတ်တယ်၊ ဂါတ်တဲအမြန်အကြောင်းကြားမှဖြစ်မယ်"

"ဒါဆို သွားမကိုင်နဲ့၊ ဒီအတိုင်းထားကြ"

သင်္ဘောဝန်ထမ်းတွေအားလုံး ဝရုန်းသုန်းကားဖြစ်ကုန်ကြ၏။ နောက်ဆုံး ဆလင်မြကြိုင်က ဂါတ်တဲသို့ အလျင်အမြန် အကြောင်းကြားခဲ့ရာ ဌာနာအုပ် မောင်မောင်နှင့်အဖွဲ့ ရောက်ရှိလာ၏။

မြင်ကွင်းက သွေးပျက်စရာပင်။ ဌာနာအုပ် မောင်မောင်သည် သူနှင့်အတူ လိုက်ပါလာသော ဆားပုလင်းဇော်ယျာကို တာဝန်ပေးလိုက်ရာ ဇော်ယျာသည် သေဆုံးပုံကို ဓာတ်ပုံရိုက်ယူပြီး သက်သေသာဓကများကို ရှာဖွေမှတ်တမ်းတင်လိုက်၏။

ထို့နောက် စောဖေ၏အလောင်းကို စီအိုင်ဒီ မှုခင်းဆရာဝန်ကြီးဆီသို့ သယ်ဆောင်ခဲ့လေ၏။ ဆရာဝန်ကြီးက စောဖေ ဒဏ်ရာကို အသေးစိတ် စစ်ဆေးလိုက်၏။

လည်ပင်းတွင် သွားရာများကို တွေ့လိုက်ရသဖြင့် ဆရာဝန်ကိုယ်တိုင် မျက်လုံးပြူးနေ၏။

"ဒါ သတ္တဝါတစ်ကောင်ကောင် ကိုက်သွားတာဗျ။ သတ္တဝါဆိုတာ လူနဲ့နီးစပ်ဆုံးသတ္တဝါက ကိုက်သွားတာ ဖြစ်လိမ့်မယ်"

"ဘယ်လိုသတ္တဝါလို့ ပြောနိုင်သလဲ ဆရာ"

"လောလောဆယ်တော့ ပြောလို့မရသေးဘူးဗျ။ လူဝံလိုလို သတ္တဝါများ ကိုက်သွားတာလား မသိဘူး"

"ဗျာ"

ဌာနာအုပ်မောင်မောင်ကိုယ်တိုင် ခေါင်းစားနေရ၏။ သင်္ဘောပေါ်မှာတော့ လူဝံဆိုသောသတ္တဝါ ပါမလာနိုင်ပါချေ။ အဖြေရှာရခက်လှသော ပဟေဠိတစ်ပုဒ် ဖြစ်နေ၏။ ဆားပုလင်း ဇော်ယျာသည် သေဆုံးသူ၏အလောင်းကို ထပ်ခါတလဲလဲ စစ်ဆေးနေ၏။

ထိုအချိန် စောဖေ၏သတင်းက အုန်းအုန်းကျွက်ကျွက် ဖြစ်လာ၏။ သတင်းထောက်တွေပင် ရောက်ရှိလာကာ နောက်ဆုံး စောဖေ၏သတင်းက ရန်ကုန်မြို့ ညနေထုတ်သတင်းစာထဲတွင် ခေါင်းကြီးပိုင်းမှ ပါလာလေ၏။

ခေါင်းစီးတွင် 'လူဝံလိုလိုသတ္တဝါကြီးက ကိုက်ခဲ့သွားခဲ့သော လူသတ်မှု' ဟု ဖော်ပြထားသဖြင့် တစ်မြို့လုံး စိတ်ဝင်တစား ဖြစ်နေကြ၏။ ထိုသတင်းကြောင့် လက်ပွေ့သတင်းစာရောင်းသူများ လက်





မလည်အောင် ရောင်းခဲ့ရလေ၏။ တစ်မြို့လုံးလည်း ထိတ်လန့်ချောက်ချားကုန်၏။

ထိုသတင်းကို ဖတ်မိသူက သစ္စာဝတ်မှုန်။ ရောက်လာသည့်သတင်းစာကိုဖတ်ရှုရင်း စောဖေ၏ သတင်းပိုဒ်သို့အရောက်တွင် အကြီးအကျယ် ချောက်ချားနေ၏။

သတင်းစာယူကာ ခင်ပွန်းသည် ကျော်စွာနေမင်းထံသို့ အလျင်အမြန် ရောက်ရှိလာလေ၏။

"ဒါလင်၊ ဒါလင်"

"ဘာလဲ သစ္စာ"

"ဒီသတင်းကို ကြည့်ပါဦး"

ကျော်စွာနေမင်းသည် သောက်လက်စ ဝီစကီခွက်ကို ချ၍ သစ္စာဝတ်မှုန်ထံမှ သတင်းစာကို လှမ်းယူ၍ဖတ်ကြည့်လိုက်၏။ သစ္စာဝတ်မှုန် ထောက်ပြသော သတင်းခေါင်းစီးကို ဖတ်မိသောအခါ မျက်လုံးမျက်ဆန် ပြူးသွားလေတော့၏။

"ဟာ - ဘုရား. . . ဘုရား၊ ဒါ. . . ဒါ ဟိုကောင်. . ."

"ဟုတ်တယ်လေ၊ ဒါလင့်ဒရိုင်ဘာ စောဖေ မဟုတ်လား"

"ဟင်- ဘုရား. . . ဘုရား"

"ဒုက္ခပါပဲ ဒါလင်ရယ်၊ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့ကို လူဝံလိုလိုသတ္တဝါက လည်ပင်းကိုကိုက်သွားတာတဲ့"

သစ္စာဝတ်မှုန်၏စကားကို ကျော်စွာနေမင်း ထိတ်လန့်သွား၏။ လင်မယားနှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်တွေ-ကယောင်ချောက်ချား ဖြစ်၏။ ပို၍ခံစားရသူက သစ္စာဝတ်မှုန်။ ဖတ်မိသည့်သတင်းကြောင့် သူ့အရိပ်ပင် သူထိတ်လန့်နေ၏။

ထိုအချိန် ကျော်စွာနေမင်းသည် လက်ကျန်အရက်ခွက်ကို မော့သောက်လိုက်ရင်း မျက်နှာကြီးတစ်ခုလုံး ရဲတွတ်လာ၏။

"ဒါမဖြစ်နိုင်ဘူး၊ ဒီကောင်သေတာ မဟုတ်မတတ်လုပ်လို့သေတာ ဖြစ်မှာပေါ့"

"ဟုတ်. . . ဟုတ်ရဲ့လား ဒါလင်ရယ်"

"မင်းကလည်းကွာ၊ ဒီကောင် ဘယ်ကလူဝံဖမ်းလာမှန်းမှ မသိတာ။ ငါတို့နဲ့ ကွဲသွားတာလည်း လေးငါးနှစ်လောက်ရှိနေပြီ။ ဒီတော့ သူ့ကြမ္မာသူငင်ပြီး သေသွားတာ ဖြစ်မှာပေါ့။ စိုးရိမ်မနေစမ်းပါနဲ့ကွာ။ ငါတို့ကြောက်ပြရင် ဟိုဘက်က ပိုခြိမ်းခြောက်ပြမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဘာမှ တွေးမနေနဲ့၊ မင်းလုပ်စရာရှိတာလုပ်။ ငါ ဒါကလေး ရှင်းပြီးရင် ထမင်းစားမယ်"

"အပေါ်ကို ပို့ခိုင်းလိုက်ရမလား"

"မလိုဘူး၊ ငါကိုယ်တိုင်ဆင်းပြီး စားမယ်"

ကျော်စွာနေမင်းသည် စားသောက်ပြီးသည်နှင့် အိမ်ကြီးပေါ်မှ ဆင်းလာ၏။ လှေကားလက်ရန်းကိုကိုင်ကာ ယိုင်ထိုးယိုင်ထိုးနှင့် ဆင်းလာပြီး ထမင်းစားခန်းထဲဝင်သွား၏။ ထိုအချိန် ထမင်းစားခန်းထဲတွင် နှင်းဖြူနှင့် မြင့်မိုရ်တို့နှစ်ဦး စကားပြောဆိုနေသည်ကို မြင်လိုက်ရသဖြင့် ဒေါသတွေ ဟုန်းဟုန်းဆူသွားခဲ့၏။

"ဟေ့ကောင် မြင့်မိုရ်"

"ဗျာ"

"မင်း အိမ်ပေါ် ဘာလာလုပ်တာလဲကွ။ ကိစ္စမရှိဘဲ အိမ်ပေါ်ကို တက်လာစရာမလိုဘူးကွ။ ခုချက်ချင်း မင်းထွက်သွားစမ်း"

"ဗျာ - ဟို နှင်း. . . နှင်းနဲ့. . ."

"အောင်မယ် - မင်းကများ နှင်းလေးဘာလေးနဲ့၊ ဟေ့ကောင် မြင့်မိုရ်၊ မင်းမှတ်ထားဖို့က ဟောဒီနှင်းဖြူဆိုတဲ့ ကောင်မလေး ဟာ သုခမြိုင်ရဲ့ ပိုင်ဆိုင်ထားတဲ့လူတစ်ယောက်ကွ။ မင်း လက်ဖျားနဲ့တောင် တို့လို့မရဘူးမှတ်"

"ဗျာ"

"သွားစမ်းကွာ"

"ဟုတ်. . . ဟုတ်ကဲ့"

နောက်ဆုံး မြင့်မိုရ်တစ်ယောက် နှင်းဖြူကို နွမ်းလျသောအကြည့်နှင့်ကြည့်ရင်း အိမ်ကြီးပေါ်မှ ဆင်းသွား၏။ ကျော်စွာနေမင်း၏စကားတွေက သူ့နှလုံးသားကို ဓားတုံးတုံးနှင့် လှီးဖြတ်လိုက်သလို ခံစားနေရ၏။

ကျော်စွာနေမင်းက သူ့ကိုယ်သူ ဘုရင်ကြီးအလားပင်။ နှင်းဖြူကို စူးစူးရဲရဲလှမ်းကြည့်ပြီး ထမင်းစားပွဲထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"ထမင်းစားမယ်၊ ထမင်းခူးတော့"

"ဟုတ်. . . ဟုတ်ကဲ့"

"ပြီးရင် ငါ့ကို ထမင်းခွံ့ကျွေးရမယ်"

"ရှင် - မဟုတ်တာဘဲ သူဌေးမင်းရယ်"

"ဘာလဲ၊ မင်း ငါ့ကို ငြင်းလိုက်တာလား နှင်းဖြူ"

"မသင့်. . . မသင့်တော်လို့ပါရှင်"





"ဟား ဟား ဟား ဘာမသင့်တော်တာလဲ နှင်းဖြူရ။ ငါလို သူဌေးမင်းကို မင်းက ထမင်းခွံ့တာများ မသင့်တော်ဘူးတဲ့လား ဟား ဟား ဟား"

"ဟို ကျွန်မ . . ."

"တိတ်စမ်း၊ ငါပြောတဲ့အတိုင်းလုပ်။ ငါအတော်လေးမူးနေတယ်၊ ငါ့ဘာသာ ငါထမင်းမစားနိုင်ဘူး။ ဒီတော့ မင်း ဒီတနေ့ ငါ့ကို ထမင်းခွံ့ရမယ်"

"ရှင်"

ကျော်စွာနေမင်းက သူ့အပြောကိုလျှော့မည့်ပုံ မပေါ်။ ဇွတ်အဓမ္မ ပြောဆိုနေသည်မို့ နောက်ဆုံး နှင်းဖြူတစ်ယောက် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကျော်စွာနေမင်းကို ထမင်းခွံ့လိုက်ရ၏။

တစ်ဇွန်း၊ နှစ်ဇွန်း ခွံ့အပြီးတွင် ကျော်စွာနေမင်းက နှင်းဖြူ၏ လက်ကို ဖျတ်ခနဲ ဆွဲလိုက်၏။

"အို - မလုပ်ပါနဲ့ သူဌေးမင်းရယ်"

"ဘာဖြစ်လို့လဲ ညီမလေးရဲ့"

"မ. . . မသင့်တော်ပါဘူးရှင်"

"ဘာမသင့်တော်တာလဲ၊ ငါတို့ သူဌေးမင်းက အရေးတယူ ပြောဆိုဆက်ဆံတာကို မင်းဝမ်းသာရမှာပေါ့ နှင်းဖြူရာ"

"အို - မလုပ်ပါနဲ့ သူဌေးမင်းရယ်၊ ဖယ်. . . ဖယ်ပါရှင်"

"မဖယ်ဘူးကွာ၊ မင်းက ငါမြင်ခဲ့သမျှ မိန်းမတွေထဲမှာတော့ အလှဆုံးပဲ။ မင်းကို ဘယ်သူမှယှဉ်လို့မရဘူးကွာ"

"အို - မလုပ်ပါနဲ့ရှင်"

ကျော်စွာနေမင်းက သူ့လက်ကလေးကို အတင်းဆွဲပြီး ဖက်လားနမ်းလားပြုလာသဖြင့် နှင်းဖြူ မနည်းရုန်းကန်ပြီး အခန်းထဲက ထွက်ပြေးခဲ့ရ၏။ အခန်းထဲပြန်ရောက်သည်အထိ စိတ်တွေ ချောက်ချားနေဆဲ။ ဒေါ်စိန်တုတ်က သူ့အမူအရာကိုကြည့်ပြီး ထိတ်ထိတ်လန့်လန့် မေးလိုက်၏။

"ဘာဖြစ်တာလဲ နှင်းဖြူ"

"ဟို. . . ဟို သူ ကျွန်မ အတင်းလိုက်ဆွဲ . . ."

"သူက တစ်ခါခါ ဒီလိုပါပဲကွယ်၊ အရက်မူးလာရင် နဂိုစိတ်တွေ ပျောက်သွားတတ်တယ်"

"ရှင် - အို သူ့ကို ကျွန်မကြောက်တယ်။ ဒီလိုအလုပ်မျိုး သူ နောက်ထပ်လုပ်ဦးမှာပဲ။ ကျွန်မကို အဲဒီလို စော်ကားတာ တော့ မကြိုက်ဘူး ကြီးတုတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတုတ်လည်း ဘာပြောရမှန်းမသိဘူး။ မောင်ကျော်စွာက ပိုက်ဆံရှိရင် ဘာမဆိုဖြစ်တယ်လို့ ခံယူထားတာကွယ့်။ သူစိတ်ကောင်းဝင်ရင်တော့ အန္တရာယ်မရှိပါဘူးကွယ်"

"အို- ကျွန်မ အဲဒီလိုလုပ်တာတော့ မကြိုက်ဘူး။ ကျွန်မ ပြန်တော့မယ်"

"ဟဲင် - နှင်းဖြူကလည်းကွယ် စဉ်းစားပါဦး၊ ကြီးတုတ်လည်း ရှိသားနဲ့ကွယ်"

"အို - ကျွန်မ မနေရဲတော့ဘူး။ ကျွန်မ ဒီမှာလုပ်လည်း မလုပ်ချင်တော့ဘူး"

နှင်းဖြူ ဆုံးဖြတ်ချက်ချလိုက်ပြီးမို့ ဒေါ်စိန်တုတ်လည်း မတားနိုင်တော့။ နောက်ဆုံး အိမ်ကြီးနောက်ဘက်တံခါးမှ နှင်းဖြူတစ်ယောက် ထွက်သွားလေတော့၏။ ထိုအချိန် နောက်ဖေးခန်းထဲသို့ ကျော်စွာနေမင်း ယိုင်ထိုးယိုင်ထိုးနှင့် ဝင်လာ၏။

"ဒေါ်တုတ်"

"ရှင် - သူဌေးလေး"

"နှင်းဖြူ. . . နှင်းဖြူကောဗျ"

"ရှင် - ဟို အိမ်. . . အိမ်ပြန်သွားပြီရှင့်"

"ဘာ - နှင်းဖြူ ပြန်သွားပြီ ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်"

"ပြန်လိုက်ခေါ်စမ်းဗျာ။ ကြီးကျယ်လိုက်တာ၊ ကျုပ်လိုသူဌေးကိုများ သူက ပြန်ကန်ချင်သေးတယ်။ ခုချက်ချင်း ခေါ်စမ်းဗျာ။ ကျုပ်တို့ ကျွေးမွေးစောင့်ရှောက်ထားတဲ့ ကျေးဇူးတောင် မထောက်ဘူး"

"ခေါ်. . . ခေါ်လို့မရဘူး ထင်တယ်"

"ဘာဗျ - ဘာဖြစ်လို့လဲ"

"ဟို- သူဌေးလေးက . . ."

"ဟား ဟား ဟား ကျုပ်က သူ့ကို တမင်နောက်ပြောင်လိုက်တာပါ ဒေါ်တုတ်ရာ။ ကျုပ်လို ဂုဏ်သရေရှိလူကြီးက အောက်တန်းကျတဲ့အလုပ် လုပ်ပါ့မလားဗျ။ သွားခေါ်စမ်းဗျာ၊ မရရင် ကျုပ်ကိုယ်တိုင် လိုက်လာမယ်ပြောလိုက်"

"ရှင်"

"သွားလေ"

"ဟုတ်. . . ဟုတ်ကဲ့"

ဒေါ်စိန်တုတ်ခမျာ ကြောက်ကြောက်ရွံ့ရွံ့နှင့် အိမ်ပေါ်ထပ်မှ





ဆင်းခဲ့ရ၏။ ထိုအချိန်တွင် နှင်းဖြူမှာ မြင့်မိုရ်နှင့်အတူထိုင်ကာ သူ့သောကများကို ဖွင့်ဟနေရှာ၏။ မြင့်မိုရ်ကတော့ တောက်တခေါက်ခေါက်၊ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး နှင်းဖြူကို ပြောဆိုနေ၏။

"ကိုယ်သိတယ်၊ ဒီလူတွေက ဘယ်နည်းနဲ့မှ ယုံနိုင်စရာမရှိဘူး။ ဒါကြောင့် ကိုယ် အိမ်ကြီးပေါ် အလုပ်လုပ်နေတဲ့ နှင်းဖြူကို စိတ်မချနိုင် ဖြစ်နေရတာပေါ့"

"နှင်းဖြူ ကြောက်တယ် ကိုမြင့်မိုရ်ရယ်"

"ဘာကြောက်စရာရှိလဲ၊ ဒီအလုပ်ကထွက်လိုက်"

"ရှင် - အလုပ်ထွက်ရမယ်"

"ဘာလဲ-နှင်းဖြူကြောက်နေပြီလား။ မကြောက်ပါနဲ့ နှင်းဖြူရယ်၊ ပေါ်ပေါက်လာတဲ့ အခက်အခဲကို အစ်ကိုဖြေရှင်းပေးပါ့မယ်။ ဒါဟာလည်း အစ်ကို့စေတနာသက်သက်ပါပဲ"

မြင့်မိုရ်စကားကြောင့် နှင်းဖြူတစ်ယောက် ဝမ်းသာအားရဖြစ်ခဲ့ရ၏။ သုခမြိုင်ကြီးထဲ အရိပ်တောင်မနင်းလိုတော့။ ထိုအချိန်တွင် ဒေါ်စိန်တုတ် ရောက်ရှိလာကာ နှင်းဖြူကို ချော့မော့စကားဆိုခဲ့၏။

"ကျွန်မ မလိုက်ပါရစေနဲ့ကြီးတုတ်ရယ်။ ကျွန်မ ဒီအလုပ်လည်း မလုပ်တော့ဘူး၊ ဒီမှာလည်း မနေချင်တော့ဘူး"

"မဟုတ်တာဘဲ သမီးရယ်"

နှင်းဖြူ၏ ပြတ်သားသောစကားကြောင့် ဒေါ်စိန်တုတ်လည်း ချာလည်ချာလည်နှင့် ပြန်ထွက်သွား၏။ ထိုအချိန် နှင်းဖြူသည် အထုပ်အပိုးများ ချက်ချင်းပြင်ဆင်ကာ မြင့်မိုရ်အကူအညီနှင့် ခြံကြီးထဲမှ ထွက်သွားလေတော့၏။

ထိုသတင်းကို ကြားလိုက်ရသည့်အခါ ကျော်စွာနေမင်းတစ်ယောက် အကြီးအကျယ်ပေါက်ကွဲနေ၏။ ဒေါ်စိန်တုတ်ခမျာ နေစရာတောင်မရှိ။

"ဟား ဟား ဟား ဒါ ဘယ်သူ့လက်ချက်မှ မဟုတ်ဘူးဗျ။ မြင့်မိုရ်အားကိုးနဲ့မိုက်တာ ဖြစ်ရမယ်။ ကျုပ်လိုလူမျိုးကိုများ တုပချင်သေးရဲ့ဗျာ။ တော်ပြီ - လောကကြီးမှာ ကြောက်စရာအကောင်းဆုံးဟာ လူတွေပဲ။ စေတနာကို စေတနာမှန်း မသိ ကျေးဇူးကိုကျေးဇူးမှန်းမသိတဲ့လူတွေ။ တွေ့ပြီပေါ့ဗျာ၊ ကိုင်း ဒေါ်စိန်တုတ်၊ ခင်ဗျားသွားတော့"

ဒေါ်စိန်တုတ်ကို အခန်းထဲမှမောင်းထုတ်လိုက်ပြီး တစ်ယောက်တည်း အရက်ထိုင်သောက်နေ၏။ ထိုစဉ်တွင် သူ့အခန်းအသို့



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဝတ်မှုန် ရောက်ရှိလာ၏။ သူ့အသွင်က ဖြူဖပ်ဖြူရော်နှင့် တစ်စုံတစ်ခုကို စိုးထိတ်နေသလိုပင်။

"ဒါလင်၊ ဒါလင်ကလည်း အရက်ချည်းပဲ သောက်နေပါလား။ ဒီမှာတော့ ကမ္ဘာမီးလောင်နေပြီ"

"ဘာ- ဘယ်ကမ္ဘာကြီး မီးလောင်လို့လဲ"

"အို - စောဖေရဲ့သတင်းကြောင့်လေ"

"ဟာကွာ- မင်းကလည်းတစ်မျှော်၊ ဖြစ်ပြီးတာတွေ ပြန်တွေးမနေနဲ့။ မေ့ပစ်လိုက်စမ်းကွာ"

"ဟင် - ဒါလင်ကတော့ လုပ်ပြီ။ သစ္စာ ညကလည်း ကောင်းကောင်း အိပ်မပျော်ဘူး သိလား။ သစ္စာတို့ ခရီးထွက်ကြရအောင် ဒါလင်ရယ်၊ စိတ်ပြေလက်ပျောက်ပေါ့"

"ဟာ - ကိုယ်သွားလို့မဖြစ်ဘူး၊ အလုပ်ဇွတွေ ရှုပ်နေတယ်"

"ဘာအလုပ်တွေလဲ ဒါလင်ရဲ့"

"မေးမနေစမ်းပါနဲ့ကွာ၊ မင်းခရီးထွက်ချင်တယ်ဆို ထွက်ပေတော့။ ကိုယ်တော့ မလိုက်နိုင်ဘူး။ ပိုက်ဆံ အလုံအလောက် ယူသွား"

"ဟင် - ဒါလင်ကလည်းကွယ်"

"သွားစမ်းပါ သစ္စာရာ၊ ကိုယ် မင်းကို ခွင့်ပြုတယ်"

"တကယ်လား၊ ဒါဆို သစ္စာ ထွေးထွေးတို့လူစုနဲ့ ပုဂံဘက်လိုက်သွားမှာနော်"

"သွားလေ၊ လိုသလောက် ပိုက်ဆံယူသွား"

သစ္စာဝတ်မှုန်တစ်ယောက် သုခမြိုင်ခြံကြီးမှာ နေရသည်ကို စိတ်ထဲ အမြဲတမ်း တုန်လှုပ်နေ၏။ ညရောက်မှာကို စိုးရိမ်နေ၏။ ပို၍ ခံစားရသည်က စောဖေ၏သတင်းကြားလိုက်ရသဖြင့် ညညဆိုလျှင် အိပ်မပျော်တော့။ တစ်ညကလည်း သူနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရာ နားထဲ စူးစူးရဲရဲ ကြားလိုက်ရသော ငှက်ဆိုးကြီးအသံကြောင့် အိပ်ရာမှ လန့်နိုးသွားခဲ့ရ၏။

အသံကြောင့် ခုတင်ပေါ်မှ လူးလဲထပြီး အပြင်ထွက်မည်အလုပ် ခြေရင်းဘက်ရှိ ကိုယ်လုံးပေါ်မှန်ကြီးထဲ လူရိပ်တစ်ရိပ်ကို မြင်လိုက်ရ၏။

သူ့စိတ်ထဲ မှင်တက်မိသွားခဲ့ရ၏။ သူ့အရိပ်လေလား၊ ဝိုးတဝါး ထင်မြင်ခဲ့မိ၏။ သို့သော် အရိပ်မည်းကြီးက သူ့နောက်တွင် ကုန်းကုန်းကွကွ အသွင်ရှိသည့် လူကြီးတစ်ယောက်။ ဆံပင်ကြီးဖားလျားချကာ တဂီးဂီးနှင့် ညည်းညူသံကြီး ပေါ်လာသဖြင့် ကြောက်အား



လန့်အားနှင့် အော်ဟစ်ပြီး အိမ်အောက်ထပ်သို့ ဆင်းပြေးခဲ့ရ၏။

သူ့အော်ဟစ်မှုကြောင့်လည်း တစ်အိမ်လုံးနိုးသွားခဲ့၏။ နောက်ဆုံး စာကြည့်ခန်းထဲတွင် ဒေါ်စိန်တုတ်ကိုခေါ်ပြီး အိပ်ခဲ့ရ၏။ ဒေါ်စိန်တုတ်မှာလည်း သူ့စကားကြောင့် စကားတောင် ရဲရဲဝံ့ဝံ့ မပြောရဲပါချေ။

"ဒါဆို ဒီအိမ်ကြီးမှာ သရဲတစ္ဆေပူးနေပြီပေါ့ မမလေးရယ်"

"ကျွန်မလည်း မပြောတတ်ဘူး၊ ဒါပေမယ့် ကျွန်မကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ။ ညည်းတာကြီးက တဖြည်းဖြည်း ငှက်ကြီးတစ်ကောင် အော်သလိုပဲ"

"ဘုရား. . . ဘုရား ဒါဆို ကျွန်မတောင် မနေရဲတော့ဘူး။ မမလေးက ပုဂံဘက်ကို သွားမှာဆို"

"ဟုတ်တယ်လေ၊ ကြီးတုတ်လိုက်ချင်လို့လား"

"လိုက်ပါရစေတော်၊ ကျွန်မ ဒီအိမ်ကြီးမှာ မနေရဲတော့ဘူး"

"ဒါဆို ဒါလင့်ကိစ္စ အခက်တွေ့နေမှာပေါ့။ နေခဲ့ပါ ကြီးတုတ်ရယ်၊ ဒီအိမ်မှာ မနေချင်လည်း တန်းလျားဘက်သွားပေါ့။ သစ္စာ ဒါလင့်ကို ပြောလိုက်ပါ့မယ်"

ဒေါ်စိန်တုတ်ခမျာ မျက်နှာရှုံ့ရှုံ့မဲ့မဲ့ဖြစ်နေ၏။

သစ္စာဝတ်မှုန်ကတော့ သူ့ဆုံးဖြတ်ချက်ကို မပြင်။ နောက်တစ်နေ့ မိုးလင်းသည်နှင့် အထုပ်အပိုးများ ပြင်ဆင်ကာ ကျော်စွာနေမင်းကိုပင် နှုတ်မဆက်တော့ဘဲ ခရီးထွက်သွားလေတော့၏။

* * *

သစ္စာဝတ်မှုန် မရှိတော့သည့်ကာလတွင် ကျော်စွာနေမင်းမှာ အိမ်တောင် မကပ်တော့။ ပါတီတက်လိုက်၊ အရက်ဝိုင်းသွားလိုက်နှင့် ထင်ရာစိုင်းခဲ့၏။ ကုမ္ပဏီကိုလည်း မန်နေဂျာနှင့် လွှဲထားခဲ့၏။

မြင့်မိုရ်သည် ကချင်ပြည်နယ်မှ ဝယ်လာသည့် ကျောက်ရိုင်းများကို ကိုယ်တိုင်သွေးနေရ၏။ တပည့်သုံးလေးဦးနှင့် လုပ်ကိုင်သော်လည်း တကယ့် အထည်ကြီးများကိုတော့ သူကိုယ်တိုင် နေ့မနား ညမနား လုပ်ခဲ့၏။

တစ်ရက်တွင် သူတို့အလုပ်ရုံထဲသို့ ကျော်စွာနေမင်း ရောက်ရှိလာ၏။

"ဟေ့ကောင် ဝင်းခိုင်၊ ကချင်ပြည်နယ်က ဝယ်လာတဲ့ကျောက်တွေ ဘယ်လိုအခြေအနေရှိလဲကွ"

"ကိုမြင့်မိုရ် ကိုင်နေတယ် သူဌေး"

"ဟုတ်လား၊ ဒါဆို မြင့်မိုရ်ကို ခေါ်စမ်းကွာ"

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့"

ဝင်းခိုင်က ကျော်စွာနေမင်း၏ ညာလက်ရုံး။ သူပြောသမျှကို အဆင်ပြေအောင် လုပ်ကိုင်ပေးရသူ ဖြစ်၏။

ယခုလည်း ကျော်စွာနေမင်း ရောက်လာသည်နှင့် ဝင်းခိုင်မှာ ပျာယာခတ်နေ၏။ မြင့်မိုရ်၏ အခန်းထဲရောက်လာတော့ ကျော်စွာနေမင်းက ကံချင်ပြည်နယ်မှ ဝယ်ယူခဲ့သော ကျောက်စိမ်းများကို စာရင်းဇယားနှင့် ယှဉ်ကြည့်ခဲ့၏။

မြင့်မိုရ်က ကျောက်ရိုင်းများကို အရည်အသွေးကြည့်၍ ခွဲခြားထားခဲ့ရာ ပြည်ပသို့ရောင်းချမည့် ကျောက်သေတ္တာကို ကျော်စွာနေမင်းရှေ့ ဖွင့်ပြလိုက်၏။

"ဒါ သွေးပြီးသားတွေလား"

"ဟုတ်ကဲ့"

"တန်ကြေးဘယ်လောက်ရှိလဲ"

"အားလုံး သိန်းနှစ်ဆယ်လောက်ရှိပါတယ်"

"ဟုတ်လား၊ ပြစမ်းပါဦးကွ"

မြင့်မိုရ်က သေတ္တာထဲမှ ကျောက်စိမ်းတစ်တုံးကိုယူကာ မှန်ဘီလူးနှင့် ကြည့်လိုက်၏။ ကြည့်ရင်း ကြည့်ရင်း ကျော်စွာနေမင်း၏ မျက်နှာကြီး မှုန်ကုပ်လာ၏။

"ဟာ - ဒါ. . . ဒါ အတုတွေကွ၊ ဟေ့ကောင် မင်းပြောတော့ အကောင်းဆုံးတွေဆို၊ ရော့- မင်းကိုယ်တိုင် ကြည့်ပါဦး"

မြင့်မိုရ်သည် ကျော်စွာနေမင်းစကားကြောင့် စိုးရိမ်တကြီးဖြစ်သွား၏။ ကျော်စွာနေမင်းထံမှ ကျောက်ရိုင်းတစ်လုံးကို ယူကြည့်လိုက်ရာ ဘာန်ဖိုးလုံးဝမရှိသော၊ အရည်အနှစ်မဲ့သော ကျောက်တွေ ဖြစ်နေမှန်း သိလိုက်ရ၏။ သူ အံ့ဩလို့ကို မဆုံး။ အကောင်းဆုံး ကျောက်သေတ္တာကို အခန်းတစ်ခုထဲ ပိတ်ထားခဲ့သည်မှာ သုံးရက်ခန့်ရှိပြီ ဖြစ်၏။

ထိုအခန်းဘက်သို့ တစ်ဦးတစ်ယောက်မျှ သွားသည်လည်း မမြင်။ စိတ်ထဲ ကယောင်ချောက်ချား ဖြစ်နေ၏။

"ဟကောင် - မြင့်မိုရ် ပြောစမ်းကွာ၊ ဘယ်လိုဖြစ်ကုန်တာတုံး။ တန်ကြေးက မနည်းဘူးနော်"

"ဗျာ- ဟို. . . ဟိုလေ"

"မင်း ဘာကလိမ်ကကျစ်ကျတာလဲကွ၊ ဒါမင်းလက်ချက်လား"

"ဟာ - မလုပ်ရပါဘူး ဆရာရယ်"

"အိုကွာ၊ ဒီကိစ္စ မင်းကိုယ်တိုင် တာဝန်ခံပြီး ဝယ်ခဲ့တာပဲကွာ။ ဘာမှ မှားစရာမရှိဘူး။ မြင့်မိုရ် မင်းလုပ်ရပ်က တော်တော် အောက်တန်းကျတာပဲကွာ။ မရဘူး၊ ဒီကိစ္စကို ငါခွင့်မလွှတ်နိုင်ဘူးကွ"



"ဗျာ- ကျွန်တော် အဲဒီလောက် သစ္စာမဲ့တဲ့အလုပ်ကို လုပ်ပါ့မလား ဆရာကျော်စွာရယ်၊ ကျွန်တော် တစ်သက်လုံး လုပ်လာခဲ့တဲ့ကိစ္စကို ဖောက်လွဲဖောက်ပြန် လုပ်ပါ့မလားဗျာ"

"တော်စမ်းကွာ၊ မင်းက ဘာမှုလို့လဲကွ၊ ဟေ့ကောင်- ဝင်းခိုင်"

"ဗျာ - သူဌေးမင်း"

"ခုချက်ချင်း ဂါတ်ကိုဖုန်းဆက်၊ မြင့်မိုရ် မင်းဘယ်မှမသွားနဲ့၊ ဒီကိစ္စ မင်းကိုယ်တိုင် ရှင်းပေတော့"

"ဟင်"

ကျော်စွာနေမင်းတစ်ယောက် မြင့်မိုရ်၏မျက်နှာကို စူးစူးရဲရဲ ကြည့်ကာ အောင်သေအောင်သား စားတော့မည့် မုဆိုးကြီးအသွင်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။ ဝင်းခိုင်သည် ဂါတ်တဲသို့ ချက်ချင်း ဖုန်းဆက်လိုက်ရာ ဌာနာအုပ်ခင်မောင်နှင့်အဖွဲ့ ရောက်လာ၏။

ဌာနာအုပ်က မြင့်မိုရ်ဝယ်လာသည့် ကျောက်သေတ္တာကြီးကို ဖွင့်ကြည့်လိုက်၏။ ကျော်စွာနေမင်းကလည်း သဲကြီးမဲကြီး ပြောဆိုနေသဖြင့် ဌာနာအုပ်ခင်မောင်သည် ချက်ချင်းအမှုဖွင့်ကာ မြင့်မိုရ်ကို ဂါတ်တဲသို့ ခေါ်ဆောင်သွားလေတော့၏။

ထိုအကြောင်းကို ကြားသိလိုက်သည်နှင့် ကမ္ဘာကြီးပြိုသွားမတတ် ခံစားလိုက်ရသူက နှင်းဖြူပင်။

"ဟင်- ဟုတ်. . . ဟုတ်ရဲ့လား။ အို- ဒုက္ခပါပဲ၊ ဒါ သက်သက်လုပ်တဲ့ သဘောပဲ။ ကိုမြင့်မိုရ် ခုလိုဖြစ်တာ နှင်းဖြူကြောင့် ဖြစ်ရမယ်။ ဒုက္ခပါပဲ ကိုချစ်မောင်ရယ်"

"အေးဗျာ- ဆရာမြင့်မိုရ်က အဲဒီလိုအလုပ် ဘယ်တော့မှ လုပ်တာ မဟုတ်ဘူးဗျ"

"ဒါကြောင့် ပြောတာပေါ့ ကိုချစ်မောင်ရယ်၊ ကိုမြင့်မိုရ်တော့ ဒုက္ခပါပဲ။ ကျွန်မ သူ့ကို တွေ့ချင်လိုက်တာ။ ကျွန်မကို ကူညီပါဦးရှင်။ ကျွန်မမှာ ကိုမြင့်မိုရ်ကို တွေ့ပါရစေ"

"ကျွန်တော် ကြိုးစားကြည့်ပါ့မယ်ဗျာ"

နှင်းဖြူတစ်ယောက် စကားတွေသာ ပြောနေရသော်လည်း သူ့ရင်ထဲ သောကမီးတွေ ဟုန်းဟုန်းတောက်နေရ၏။ သူ့ဘဝ၏ အဓိက အစိတ်အပိုင်းနေရာ၌ နေရာယူထားသော လူတစ်ယောက် သို့တည်းမဟုတ် သူ့ဘဝအတွက် အလင်းရှင်။

www.burmeseclassic.com



သုခမြိုင်က ထွက်လာကတည်းက သူနှင့်နှစ်ယောက်သား စီးပွားရေးလုပ်ရန် တိုင်ပင်ခဲ့၏။ သူ စုဆောင်းထားသည့် ငွေတွေလည်း ထုတ်ပေးခဲ့၏။ ယခုတော့ မြင့်မိုရ် အချုပ်ထဲရောက်နေပြီမို့ ဘာလုပ်၍ လုပ်ရမှန်းပင် မသိတော့။ သူ့ကို အမှီပြုနေသည့် အမေနှင့် မောင်နှမများကိုကြည့်ရင်း မျက်ရည်ဝဲခဲ့ရ၏။

နောက်ဆုံး မြင့်မိုရ်၏တပည့် အကူအညီဖြင့် မြင့်မိုရ်ကို အချုပ်ခန်းရှေ့တွင် တွေ့ခဲ့ရ၏။ နှင်းဖြူ၏မျက်ရည်စတွေကို မြင်ရတော့ မြင့်မိုရ် ကြေကွဲခဲ့ရ၏။

"အစ်ကို ဒါ. . . ဒါ သူ သက်သက် ဆင်ကြံကြံတာပဲ။ တော်တော် ရက်စက်တဲ့လူပါလား အစ်ကိုရယ်"

"မကြောက်ပါနဲ့ နှင်းရယ်၊ အစ်ကို့ရဲ့ သစ္စာတရားကို အစ်ကို ယုံကြည်ပါတယ်။ ဒီကိစ္စမှာ တစ်ယောက်ယောက်က တမင်ကြံရွယ်ပြီး လုပ်လိုက်တာပဲ ဖြစ်ရမယ်"

"နှင်း အစ်ကို့အတွက် စိတ်မကောင်းလိုက်တာ"

"မစိုးရိမ်ပါနဲ့ နှင်းရယ်၊ ကိုယ်က နှင်းအတွက်ပဲ စိုးရိမ်တာ။ ကိုယ်မရှိတော့ နှင်းမျက်နှာငယ်မှာစိုးတယ်။ နှင်း"

"ရှင်"

"နှင်းကို အစ်ကိုပေးထားတဲ့ ပိုက်ဆံတွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ် အစ်ကို၊ အစ်ကို ဘာလုပ်ချင်သလဲဟင်"

"နှင်းကြိုက်တဲ့ စီးပွားရေးကို လုပ်ပါ။ ရဲရဲလုပ်ပါ နှင်း၊ ဘဝဟာ အဆင်မပြေမှုတွေနဲ့ ကြုံရဆုံရမှာ ဓမ္မတာပါပဲနှင်းရယ်။ ဒါတွေကို တွေးကြောက်နေလို့ လုပ်ရမယ့်အလုပ်တွေ နောက်ဆုတ်ကုန်လိမ့်မယ်။ ဒီတော့ နှင်းကြိုက်တဲ့ စီးပွားရေးကိုလုပ်ပါ။ ကိုယ့်အတွက် ဘာမှမစဉ်းစားပါနဲ့။ ကိုယ့်သစ္စာတရားကို ကိုယ်ယုံပါတယ် နှင်း။ ဒီအကျပ်အတည်းက ကိုယ် လွတ်မြောက်လိမ့်မယ်လို့ ကိုယ်ယုံကြည်တယ်။

ကိုင်း - နှင်းပြန်တော့၊ ဒီနေရာကို နှင်းတို့မလာသင့်ဘူး။ အရေးအကြောင်းရှိရင် ချစ်မောင်ကနေတစ်ဆင့် ဆက်သွယ်ပါ နှင်းရယ်"

"နှင်း စိတ်မကောင်းလိုက်တာ အစ်ကိုရယ်၊ ဒီကိစ္စ နှင်းကြောင့်ပါ နှင်း. . ."

"နှင်းကြောင့်မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ ကုသိုလ်ကံပါလာလို့ ဖြစ်တာပါကွာ။ ကိုင်းကိုင်း - ပြန်တော့။ ကိုယ်ပြန်ထွက်လာမယ့်နေ့ကို နှင်း စောင့်နေပါ။ နှင်းလုပ်စရာရှိတဲ့အလုပ်ကို ဆက်



လုပ်ပါ"

မြင့်မိုရ်၏စကားကြောင့် နှင်းဖြူ မျက်ရည်စတ်လက်နှင့် နှုတ်ဆက်ကာ စခန်းထဲမှ ထွက်ခဲ့ရ၏။ သူ့ရင်ထဲ မြင့်မိုရ်၏အသွင်အပြင်ကိုကြည့်ပြီး အကြေကွဲကြီးကြေကွဲခဲ့ရ၏။

မြင့်မိုရ် ခုလိုဖြစ်ရသည်မှာ ကျော်စွာနေမင်းကြောင့် တည်း၍သာ တထစ်ချ နားလည်မိ၏။ မြင့်မိုရ်နှင့်ပတ်သက်ပြီး ဘာဝဲလုပ်ရ လုပ်ရ လုပ်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ပြီဖြစ်ရာ နောက်ဆုံး ကျော်စွာနေမင်းနှင့် မျက်နှာချင်းဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

* * *

သုခမြိုင်ခြံဝင်းကြီးထဲ ဝင်လာချိန်တွင် စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်များက အတိုင်းအဆမရှိ။ သို့သော် မြင့်မိုရ်၏ညှိုးလျှလျှမျက်နှာကို မြင်မိသောအခါ နှင်းဖြူ၏ရင်ထဲ ရဲရင့်စိတ်များ တဖွားဖွားပေါ်လာ၏။

ထို့ကြောင့်လည်း သုခမြိုင်အိမ်ကြီးအဝသို့အရောက်တွင် လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။ ဘဲလ်သံပေါ်လာပြီးနောက် ဒေါ်စိန်တုတ် အပြေးထွက်လာ၏။

"ဟယ်- နှင်း. . . နှင်းကလေး ပြန်လာတာလား"

"ဟုတ်တယ် ကြီးတုတ်၊ နှင်း ကိုကျော်စွာနေမင်းနဲ့ တွေ့ချင်လို့"

"ဟင်- သူဌေးနဲ့ဟုတ်လား"

"ဟုတ်တယ်၊ ရှိတယ် မဟုတ်လား"

"ရှိပါတယ်ကွယ်၊ ဘာပြောမလို့လဲ နှင်းကလေးရယ်။ သူဌေးက ခုတစ်လော အရက်တွေချည်းပဲထိုင်သောက်နေတာ ခုလောက်ဆို မူးများမူးနေပြီလား မသိဘူး"

"အို - ဘယ်လိုပဲဖြစ်နေပါစေ နှင်း သူနဲ့တွေ့ချင်တယ်"

သူ့စကားကြောင့် ဒေါ်စိန်တုတ် ကြောင်စီစီဖြစ်နေ၏။ သူ့စိတ်ထဲ ကြောက်ရွံ့စိတ် စိုးစိမျှမရှိတော့။ ထို့ကြောင့်လည်း ဧည့်ခန်းထဲသို့ ရဲရဲကြီး ဝင်လာခဲ့၏။

ကျွန်းလှေကားပေါ်သို့ တက်လာခဲ့၏။ ကျော်စွာနေမင်းရှိနေသည့် အခန်းတံခါးရှေ့အရောက် စေ့ထားသောတံခါးကို အသာဖွင့်ပြီး ဝင်လိုက်၏။

"ဟော- နှင်းကလေးပါလား။ မျှော်လိုက်ရတာ နှင်းရယ်၊ နှင်းကိုယ့်ဆီ ပြန်လာတာ မဟုတ်လား။ ကိုယ်ပြောခဲ့သားပဲ နှင်းရယ်၊ ကိုယ့်စေတနာကို နှင်းနားလည်သွားပြီ မဟုတ်လား ဟား ဟား ဟား- ထိုင်ပါဦးနှင်းရယ်၊ ကိုယ် နှင်းကြောင့် မူး

www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ ထိုင်ပါဦးကွာ"

သူကို ရိုသဲ့သဲ့စကားနှင့် ကြိုဆိုလာသော ကျော်စွာနေမင်းကို စူးစူးရဲရဲကြည့်ရင်း မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"ကိုကျော်စွာနေမင်း"

"ပြောလေ နှင်း- ဘာလိုချင်သလဲ၊ ငွေလား နှင်းလိုသလောက်ပြော။ နှင်းမှာ အခက်အခဲ ကြုံနေပြီမဟုတ်လား။ လောကမှာ ပိုက်ဆံထက်အရေးကြီးတာ ဘာမှမရှိဘူးနှင်း။ ပြောပါ၊ နှင်း ဘယ်လောက်လိုချင်သလဲ"

"ကျွန်မလိုချင်တာ ရှင့်ကြောင့် အချုပ်ထဲရောက်နေတဲ့ ကိုမြင့်မိုရ်ပဲ"

"ဘာ- မြင့်မိုရ် ဟုတ်လား"

"ဟုတ်တယ်၊ ရှင် မတရားလုပ်ဇာတ်ခင်းပြီး ဒုက္ခပေးခဲ့တဲ့ ကိုမြင့်မိုရ်ကို ကျွန်မ လိုချင်တယ်"

"ဟာ - နှင်းကလည်း မဟုတ်တာပဲ။ ကိုယ်ဘာတွေလုပ်ခဲ့လို့လဲကွာ။ မဆိုင်တာတွေ မပြောစမ်းပါနဲ့။ သူဟာ ကိုယ့်ရဲ့ရန်သူမှ မဟုတ်တာ"

"ရှင် ကျွန်မကို လိမ်ညာမပြောပါနဲ့။ ကျွန်မကြောင့် ရှင် ကိုမြင့်မိုရ်ကို ပြဿနာရှာလိုက်တာ မဟုတ်လား"

ကျော်စွာနေမင်းက ဘဲဥပုံပန်းကန်ထဲ ထည့်ထားသော ကြက်သားကြော်တစ်တုံးကို ခက်ရင်းနှင့်ထိုးစားရင်း နှင်းကို စူးစူးရဲရဲကြည့်ကာ အော်ဟစ်ရယ်မောပစ်လိုက်၏။

"ဟား ဟား ဟား နှင်းက ဒီစကားပြောချင်လို့ ကိုယ့်ဆီရောက်လာတာကိုး"

"ဟုတ်တယ်၊ အဲဒါအမှန်ပဲ"

"နေပါဦး နှင်းရဲ့၊ နှင်းနဲ့ မြင့်မိုရ်က ဘယ်လို ပတ်သက်နေသလဲ။ နှင်း ကိုယ့်ကိုတော့ ရှင်းရှင်းပြောဖို့လိုတယ်"

ကျော်စွာနေမင်း၏စကားတွေက သူ့အသည်းနှလုံးကို ဓားတုံးတုံးနှင့် လှီးဖြတ်နေသလိုပင်။ နှင်းဖြူသည် နှုတ်ခမ်းကိုကိုက်လိုက်ပြီး ကျော်စွာနေမင်းကို ကြည့်လိုက်၏။

ကျော်စွာနေမင်းအသွင်က မထီသည့်အသွင်ပင်။ သူ့ကို ပြုံးစစနှင့် ကြည့်နေ၏။ ထိုစဉ် ကျော်စွာနေမင်း၏မျက်နှာကို ရဲရဲကြီးကြည့်ကာ ပြောချလိုက်၏။

"ဟုတ်တယ်၊ ကိုမြင့်မိုရ်ဟာ ကျွန်မရဲ့ဘဝ။ ကျွန်မရဲ့ အလင်းရောင်။ သူမရှိတဲ့ဘဝမှာ ကျွန်မ အမှောင်တိုက်ထဲ ရောက်





သွားသလိုပဲ"

"ဩော် - ဟား ဟား ဟား ရယ်ရတယ် နှင်းရာ။ မင်း ငါ့ကို ပြက်လုံးတွေ လာထုတ်နေတာလား ပြောစမ်း။ မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့ နှင်းရာ၊ တကယ်ဆို နှင်းလို နူးညံ့သော မောလှပတဲ့ မိန်းမချောမိန်းမလှလေးဟာ ကိုယ့်ချစ်သူပဲ ဖြစ်ရမှာပေါ့ကွ။ ဟုတ်ဘူးလား"

"ကိုကျော်စွာနေမင်း၊ ကျွန်မ အတည်ပေါက်ပြောနေတာနော်။ ဒီကိစ္စ နောက်ပြောင်စရာကိစ္စလည်း မဟုတ်ဘူးနော်။ ကျွန်မဆီက ဘာလိုချင်သလဲ၊ ကိုမြင့်မိုရ်အတွက်ဆို ကျွန်မ ဘာပဲပေးရပေးရ ပေးဖို့အဆင်သင့်ပဲ"

"ဟေ - ဟား ဟား ဟား ဒီလောက်တောင်ပဲလား နှင်းရယ်"

"ဟုတ်တယ်၊ အဲဒီစကားတွေက အမှန်ပဲ"

နှင်းဖြူစကားကြောင့် ကျော်စွာနေမင်းတစ်ယောက် မယုံနိုင်လောက်အောင် ခံစားနေရ၏။ ပန်းရိုင်းကလေး၏သစ္စာစကားက ကြောက်ရွံ့စရာ ကောင်းလှပေစွ။

မှင်တက်မိနေရာမှ သတိဝင်လာ၏။

"မင်း တကယ်ပြောတာလား"

"အို - ကျွန်မ မိန်းမသားပေမယ့် မှန်သောစကားပဲဆိုတတ်တယ်။ ကိုကျော်စွာနေမင်း ခုချိန်မှာ ကျွန်မရော ကိုမြင့်မိုရ်ပါ ရှင့်လက်ခုပ်ထဲကရေ ဖြစ်နေပြီလေ။ ရှင် ဘာဖြစ်ချင်သလဲ ပြော"

"ဟေ - ဟား ဟား ဟား ဟုတ်ပါ့ကွာ။ နိုးနိုး၊ အိုင်ဒုန့်လိုက်ရော် အိုင်ဒီယာ။ မင်း သိပ်မှားသွားပြီ နှင်းဖြူ။ ငါဟာ ပြေးနေတဲ့သားကောင်ကိုမှ ပစ်ချင်တာကွ။ အခု မင်းက ငါ့ရဲ့ ပြောင်းဝကို ခေါင်းထိုးဝင်လာတဲ့သားကောင် ဖြစ်နေတော့ ငါမပစ်ချင်ဘူးကွာ"

"ဟင်"

ကျော်စွာနေမင်း၏ မချိုမချဉ်စကားကြောင့် နှင်းဖြူရင်ထဲ ကသိကအောက် ခံစားလိုက်ရ၏။ သူ ဘာဆက်ပြောရမှန်းပင် မသိတော့။ ဆွံ့အ,နေသောအကြည့်နှင့် ကျော်စွာနေမင်းကို စိုက်ကြည့်နေမိ၏။ ထိုစဉ် ကျော်စွာနေမင်း၏အသံ ပေါ်လာ၏။

"မင်းပြန်တော့ နှင်းဖြူ။ မင်းပြန်တော့။ ငါ့နှလုံးသားက အဲဒီလောက် မရက်စက်ပါဘူး နှင်းဖြူရယ်။ ငါဟာ အပေါ်က ဘာ မိုက်တာတော့ အမှန်ပဲ။ ဒါပေမယ့် သစ္စာတရားကို ... 



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေးကိုတော့ ငါ တအား လေးစားသွားပြီ။ မင်းသွားပေတော့ နှင်းဖြူ။ မင်းဟာ အသက်ဝင်လာတဲ့ သားကောင်ကလေး ဖြစ်လာချိန်မှာတော့ ငါလေးညှို့စက်ကွင်းက မင်းလွတ်အောင်ပြေးပေါ့ကွာ"

"ဘာ- ရှင်. . . ရှင် မယုတ်မာ . . ."

"ဟာ - ဒါယုတ်မာတာ မဟုတ်ပါဘူး နှင်းဖြူရ။ ဒါ ငါရပ်နေတဲ့ အခြေအနေဘက်က ပြောလိုက်တဲ့ သစ္စာစကားပဲ။ ဒီတော့ မင်းပြေးပေတော့ကွာ။ ငါနဲ့ ဝေးနိုင်သမျှ ဝေးအောင်ပြေး။ တစ်ခုတော့မှာလိုက်မယ် နှင်းဖြူ။ မင်းဟာ ငါ့အတွက် အလှပဆုံး သားကောင်ပဲ ဖြစ်ရမယ်။ ကဲ- သွားပေတော့၊ ငါတစ်ယောက်တည်းနေချင်တယ်။ မင်းလိုချင်တာပြော"

"ဘာမှမလိုချင်ဘူး"

"ဒါဆို မင်းပြန်နိုင်ပြီ"

"ရှင် ကျွန်မကို နှင်စရာမလိုဘူး။ ကျွန်မ ဒီမှာ တစ်နဝ္ဂရိ၊ တစ်စက္ကန့်တောင် မနေချင်ဘူး"

"ဟုတ်ပါပြီ၊ မင်းရဲ့ ရဲရင့်ခိုင်မာတဲ့စိတ်ကို ငါနားလည်ပါတယ်။ မင်းဘာပြောချင်သလဲ ပြောလေ၊ ငါ့ကို လူယုတ်မာကြီးလို့ပြောဦးမလို့လား။ ဟား ဟား ဟား ဒီလောက်ပြောရရင် တော်ရောပေါ့ကွာ။ မင်းဟာ ငါ့ပိုင်နက်ထဲ ဝင်လာသေးတယ်။ ငါ့ကိုလည်း ချိုးချိုးဖွဲဖွဲပြောသေးတယ်ဆိုတော့ သိပ်လွန်သွားပြီ နှင်းဖြူ။ မုဆိုးဟာ သားကောင်မှန်သမျှကို ခွင့်လွှတ်ရိုးထုံးစံမရှိဘူးကွ"

ကျော်စွာနေမင်း၏အသံက လည်ချောင်းသံကြီးပါလာ၏။ မျက်လုံးပြူးပြူးကြီးနှင့် ပြောလာသည်မို့ နှင်းဖြူပြောရမည့်စကားတွေ ပျောက်ကုန်၏။

"ကိုင်း - မင်းမသွားသေးဘူးလား"

"သွားမယ်၊ ရှင်နှင်စရာမလိုဘူး။ ဒါပေမယ့် ကျွန်မပြောလိုက်မယ်၊ ကိုမြင့်မိုရ်ကိုတော့ ရှင် မထိလေနဲ့။ ထိလို့ကတော့ ရှင့်ဘဝ အပိုင်းပိုင်းအစစ ဖြစ်သွားပြီသာမှတ်"

"ဘာ - မင်း မင်း . . ."

နှင်းဖြူသည် ရင်ထဲရှိရာကို ရဲရဲတင်းတင်း ပြောဆိုလိုက်ပြီး အိမ်ကြီးပေါ်မှ ခပ်တင်းတင်းဆင်းလာခဲ့၏။ ရင်ထဲရှိရာ ပြောလိုက်ရသဖြင့် လူလည်း ပေါ့ပါးသွက်လက်သွားခဲ့၏။

နေအိမ်သို့ပြန်ရောက်လာတော့ အတော်ကလေး မှောင်မိုက်





နေပြီ ဖြစ်၏။ အိမ်ပေါ်တက်မည်အလုပ် အိမ်ဦးခန်း၌ ထိုင်နေသော မြင့်မိုရ်ကို တွေ့လိုက်သဖြင့် နှင်းဖြူ အအံ့သြကြီး အံ့သြနေ၏။

"ဟာ - ကို. . . ကိုမြင့်မိုရ်"

"ဟုတ်တယ် နှင်းဖြူ ဘယ်တွေသွားနေတာလဲ နှင်းဖြူ"

"ဟို. . . ဟိုဒင်း၊ ဟိုကို . . ."

"မင်း ကိုကျော်စွာနေမင်းဆီသွားပြီး ရန်တွေ့ခဲ့တာ မဟုတ်လား။ နှင်းဖြူရယ်၊ အဲဒီလောက် မရဲတင်းသင့်ပါဘူးကွာ"

"ကိုမြင့်မိုရ် ဘယ်လိုလွတ်လာတာလဲဟင်"

"မေးမနေနဲ့ နှင်းဖြူရယ်၊ ကိုင်း - ဘာမှမပူနဲ့တော့၊ ကိုယ်တို့ ဒီအိမ်မှာ ကြာကြာနေလို့လည်း မဖြစ်ဘူး။ ဟိုလူဟာ နှင်းအတွက် အချိန်မရွေး အန္တရာယ်ရှိတယ်"

"အို - နှင်း သူ့ကို မကြောက်ဘူး"

"ဒီအချိန်မှာ ကိုယ်တို့ ဘယ်လိုပြင်ဆင်ရမလဲဆိုတာကို စဉ်းစားရမယ့်အချိန်ပါ။ ကိုင်း - ခုတော့ ကိုယ်ပြန်မယ်၊ မနက်ကျရင် နှင်းဖြူ ကိုယ့်ဆီလာခဲ့ပါလား"

"လာမယ်လေ"

"ဒါဆို ကိုယ်ပြန်မယ်နှင်း"

အိမ်ပေါ်မှဆင်းသွားသော မြင့်မိုရ်ကိုကြည့်ပြီး နှင်းဖြူ အံ့သြနေ၏။ ဘယ်သို့ဘယ်ပုံ လွတ်လာသည်ကိုလည်း မစဉ်းစားတတ်ပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

... လောကကြီးကို

ကိုယ့်ဉာဏ်နှင့် ဆက်ဆံတတ်ဖို့ လိုပါသည်။

သို့တည်းမဟုတ်

ကမ္ဘာကြီးသာ ပရိယာယ်များစွာနှင့် ဆက်ဆံလျှင်တော့

သင်ဟာ နင်းချေရိုက်ခံရပါလိမ့် ...

## အခန်း (၆)

အံ့သြဖွယ်ကောင်းလှသော ပုပ္ပားတောင်ကလပ်ကို မော့ကြည့်ရင်း သူ့ရင်ထဲ ပြောမပြလောက်သော ခံစားမှုများကို ခံစားလိုက်ရ၏။ စောင်းတန်းတစ်ဖက်တစ်ချက်မှာလည်း စိမ်းစိမ်းစိုစိုနှင့် ပေါက်ရောက်နေသော တောအုပ်စိမ်းစိမ်းကြီးကို မြင်နေရ၏။

သစ်ပင်များတွင် ခုန်ပေါက်ပြေးလွှားနေသော မျောက်အုပ်ကြီးများကို မြင်နေရ၏။ မျောက်အုပ်၏ အော်မြည်သံကလည်း တစ်တောလုံး တစ်တောင်လုံး သောသောညံနေ၏။ ကျောက်တုံးကျောက်ဆွယ်များကြား မိုးမိုးမတ်မတ် ထိုးထွက်နေသော သစ်ပင်ကြီးများကိုကြည့်ရင်း အံ့သြနေ၏။ သူတို့လူစု တောင်ကလပ်ပေါ်သို့ ကျားကုတ်ကျားခဲ တက်ခဲ့ကြရာ အချိန်အနည်းငယ်အကြာတွင် တောင်ကလပ်ထိပ်သို့ ရောက်ရှိလာကြ၏။

ရွှေရောင်ဝင်းဝါနေသော စေတီတော်ကလေးကို မြင်ရတော့ သူ့ရင်ထဲ အကြည်နူးကြီး ကြည်နူးသွားမိ၏။ စေတီတော်ကလေးကို လက်အုပ်ချီ၍ အချိန်ကြာမြင့်စွာ ဖူးမြော်လိုက်ပြီးနောက် ရင်ပြင်တော် စည်းရိုးဘက်မှနေ၍ တောင်မကြီးကို လှမ်းကြည့်လိုက်၏။

စိမ်းလန်းနုဖတ်သော တောအုပ်ပျိုကြီးနှင့် ဖွဲ့စည်းထုဆစ်ထားသော ပုပ္ပားတောင်မကြီး။ နတ်တို့ပျော်ရာဒေသ၊ တောငွေ့မှိုင်းမှိုင်းကြား တောင်မကြီးကို ဝိုးတဝါး မြင်နေရ၏။

တောင်မကြီးဘက်သို့ လှမ်းကြည့်ရင်း တောင်မကြီး၏ ထိပ်ဖျားပိုင်းကို သူ့မျက်စိထဲ ရှင်းလင်းစွာ မြင်လိုက်ရသလိုပင်။ စိတ်ထဲ အံ့သြလွန်းမက အံ့သြလွန်းနေ၏။ အလှမ်းဝေးလှသော တောင်မကြီးပေါ်မှ အရာဝတ္ထုများကို သဲကွဲစွာ မြင်နေရသဖြင့် စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



အအံ့သြကြီး အံ့သြနေ၏။

ထိုမှတစ်ဆင့် အရပ် လေးပေသာသမျှရှိသော လူကြီးတစ်ဦးကို မြင်လိုက်ရ၏။ ခေါင်းမှာ ဆံပင်တစ်ပင်တလေမှ မရှိ။ ခါးတွင် ဘုကြီးထွက်နေ၏။ ပို၍အံ့သြဖွယ်ကောင်းလှသည်မှာ ထိုလူပုကြီး၏ ပခုံးပေါ်တွင် ငှက်မည်းကြီးတစ်ကောင် နားခိုနေခြင်းပင်။

လူပုကြီး၏မျက်နှာမှာ ကျောက်ပေါက်မာတွေ ပြည့်နှက်နေပြီး နှာခေါင်းတိုတို၊ နားရွက်ကပ်ကပ်နှင့် အလွန်မှ အကျည်းတန်လှ၏။ ထိုမြင်ကွင်းကိုကြည့်ရင်း သူ ကြက်သီးမွေးညင်းထလာ၏။ လူပုကြီးက သူကိုမြင်တော့ ကျိုးတိုးကျဲတဲသွားတွေကို ဖြဲပြီးရယ်ပြလိုက်ရင်း ငှက်ကြီးကို တစ်စုံတစ်ခုကပ်ပြီး ပြောနေသည်ဟု ထင်ရ၏။

ထို့ကြောင့်လည်း သူ စည်းရိုးဘေးမှ ကြောက်အားလန့်အားနှင့် ခွာလိုက်၏။

"မမသစ္စာတ ဒီမှာရောက်နေတာကိုး"

"ဟုတ်တယ် ထွေး. . . ထွေး၊ တို့ အောက်ပြန်ဆင်းရအောင်"

"တောင်မကြီးဘက်သွားကြမယ်လေ"

"မသွားဘူး၊ ဘယ်မှမသွားဘူး"

"ဘယ်လိုဖြစ်တာလဲ မမရယ်၊ မမပဲ ဒီမှာ သုံးလေးရက်နေမယ်ဆို။ ထွေးထွေးက တောင်အောက်က ဆရာတော်ကြီးကို တောင် ဇရပ်မှာနေခွင့်ပြုဖို့ လျှောက်ထားပြီးပြီ"

"မနေတော့ဘူး ထွေးထွေးရယ်၊ မမစိတ်တွေ တအား လှုပ်ရှားနေတယ်။ ပြီးတော့ မမ ကြောက်လည်း ကြောက်နေတယ်"

"ဟင် - ဘယ်လိုဖြစ်တာလဲ မမရယ်"

"ပြောတတ်ဘူးကွယ်၊ ကိုင်း - ပြန်ကြစို့"

ဖွတ်ပြောလာသည့်စကားကြောင့် ထွေးထွေးတို့ လူစုလည်း အံ့သြနေ၏။ နောက်ဆုံး သစ္စာ၏ ဆန္ဒအတိုင်း တောင်ကလပ်ပေါ်မှ အလျင်အမြန် ဆင်းခဲ့ကြလေ၏။

အမှန်တော့ ယခုခရီးကို သစ္စာဝတ်မှုန်က စားရေးသောက်ရေး နေရေးထိုင်ရေးကအစ တာဝန်ယူမည်ဆိုသဖြင့် ထွေးထွေးတို့လူစု လိုက်ခဲ့ခြင်း ဖြစ်လေ၏။ တောင်ခြေရင်းသို့ရောက်တော့ မွန်းတည့်ချိန်နီးနေပြီ ဖြစ်၏။

သူတို့လူစု ဆရာတော်ကြီးအား သစ်သီးဆွမ်းနှင့် ဝတ္ထုငွေများ ကပ်လှူကာ အဘအောင်မင်းခေါင် စံတော်မူခဲ့သည့်နေရာလေးသို့ ရောက်ရှိခဲ့၏။

အဘ ဗုဒ္ဓှားမြေမှ ထွက်သွားသည်မှာ နှစ်ပေါင်းကြာမြင့်လှပြီ



ဖြစ်သော်လည်း အဘကို အောက်မေ့သတိရစွာနှင့် ပူဇော်လာသူတွေက တဖွဲဖွဲ။ အဘ စံမြန်းခဲ့သည့် အိမ်အိုကလေးပေါ်တွင် အဘ၏အဝတ်အထည်၊ သုံးဆောင်ခဲ့သည့် အကြမ်းအိုးလေးများ၊ ပစ္စည်းပစ္စယများကို မြင်ရ၏။ ထို့ပြင် နှစ်ခြမ်းကွဲအက်သွားသော ကျောက်ပန်းကန်ပြားလေးတစ်ချပ်။ ထိုပန်းကန်လေးနှစ်ချပ် ပြန်ဆက်သွားမှ အဘက သူပြန်လာမည်ဟု ပြောသွားခဲ့၏။

အဘ၏စကားတွေက လွမ်းဆွတ်ရာပင်။ အတိဒုက္ခရောက်နေသူအပေါင်းကို အဘက ကယ်တင်ခဲ့သည်ဟု သိရ၏။ ကမ္ဘာစစ်အတွင်းက အဘသည် ပုပ္ပားမြေ၏တစ်နေရာတွင် နေထိုင်ခဲ့၏။

စစ်ပြေးဒုက္ခသည်အပေါင်းတို့သည် သေနတ်သံ၊ ဗုံးသံများကြားမှ အဘဆီရာသို့ အမောတကောနှင့် ရောက်လာကြ၏။ သူတို့သည် အဘထိုင်နေသည့် ကွပ်ပျစ်ကလေးရှေ့တွင် အဘကို အားကိုးတကြီးနှင့် ရှိခိုးဦးချခဲ့၏။

ထိုစဉ် လေယာဉ်ပျံသံကြီးတွေ ကြားလိုက်ရသဖြင့် စစ်ပြေးလာသည့်လူတွေအားလုံး အဘထိုင်နေသည့် ကွပ်ပျစ်အောက်သို့ ခေါင်းအလျှိုလျှိုဝင်ကာ ပုန်းအောင်းခဲ့ကြ၏။ လေယာဉ်ပျံသံကြီးတွေကလည်း ကြောက်ခမန်းလိလိ။ မြေပြင်ပေါ်သို့ ဗုံးကြီးတွေ အတွဲလိုက် ဖြုတ်ချခဲ့၏။ ပေါက်ကွဲသံကြီးတွေက ဝက်ဝက်ကွဲ။ မြို့ထဲရှိ လူသူတိရစ္ဆာန်မှန်သမျှ သေကျေပျက်စီးကုန်၏။ ပြေးကြလွှားကြ အော်ကြဟစ်ကြနှင့် ကမ္ဘာကြီးပျက်သွားသည့်အလားပင်။

ထိုအချိန်တွင် အဘက ကွပ်ပျစ်ကလေးပေါ် အေးအေးလူလူ တင်ပျဉ်ချိတ်ထိုင်ရင်း ဆေးလိပ်ကလေး တဖွာဖွာလုပ်နေ၏။ အဘထိုင်နေသည့် ကွပ်ပျစ်သေးသေးအောက်သို့ ကြောက်အားလန့်အားနှင့် တိုးဝင်လာသူက လူပေါင်းမြောက်မြားစွာ ဝင်ဆံ့ခဲ့၏။

အဘကတော့ လာလာသမျှလူကို ကျက်သရေရှိသောအပြုံးနှင့် ဖေးမ စောင့်ရှောက်ခဲ့၏။ ဗုံးတွေက ဟိုနေရာဒီနေရာ တဝုန်းဝုန်း တအုန်းအုန်း ကျနေသော်လည်း အဘထိုင်သောနေရာသို့ ဗုန်းဆန်တစ်စပင် မဝင်လာပါချေ။ ထူးဆန်းလှသော အဘ၏ မေတ္တာအစွမ်းကို လူတိုင်းလူတိုင်း အံ့သြခဲ့ရ၏။

အဘသည် လူအပေါင်း သတ္တဝါအပေါင်းကို ကယ်တင်ခဲ့၏။ အဘ၏ မေတ္တာစေတနာအား ကြီးမားလှပေစွ။ အဘသည် တောင်ပေါ်တွင်ရှိနေသော်လည်း အဘ၏ကိုယ်ပွားများက တောင်အောက်သို့ ရောက်ရှိသွားကာ ဘေးဒုက္ခတွေ့နေသည့် သတ္တဝါမှန်သမျှကို ကယ်တင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အဘ၏ကယ်တင်မှုကြောင့်လည်း သေတွင်းမှ လွတ်မြောက်ခဲ့၏။ အဘ၏သာသနာပြုခရီးစဉ်တွင် သတ္တဝါပေါင်း မြောက်မြားစွာတို့ ကယ်တင်ခဲ့ဖူးလေ၏။

ကြားသိရသည့်စကားအရ အဘသည် ရောဂါကြီးတွေ ဖြစ်ပွားနေသော ရွာကလေးတစ်ရွာသို့ ညကြီးမင်းကြီး ရောက်သွားခဲ့၏။ ထိုရွာကလေးတွင် အသုဘတွေက တန်းစီနေသည်။ ရောဂါက ကျောက်ရောဂါ။ လူတွေကြည့်လိုက်တော့လည်း မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံး အဖုအလုံး၊ အပိမ့်ကြီးတွေနှင့် ဖောင်းကားနေ၏။ အနံ့အသက်ကလည်း မကောင်းလှ။ နန္ဓင်းမှိုင်းနံ့က တစ်ရွာလုံး ပျံ့နှံ့နေ၏။

ရွာသားအချို့မှာ သေလုမြောပါး အဖေကယ်ပါ၊ အမေကယ်ပါနှင့်အော်ဟစ်နေချိန် ဖြစ်လေ၏။ မီးရောင်ကလည်း မှုန်ပျပျ။ ရွာထဲလမ်းမပေါ်တွင် လူသူမရှိ။ ပြောရလျှင် ရွာပျက်ကြီးတစ်ရွာအလားပင်။

အဘသည် ရွာထဲသို့ဝင်လိုက်သည်နှင့် မေတ္တာစိတ်ဖြန့်ပြီးဝင်ခဲ့၏။ မကျွတ်မလွတ်သေးသည့် ပုဂ္ဂိုလ်အချို့ကိုလည်း တဲကြိုတဲကြားတွင် မြင်နေရ၏။အဘကိုမြင်တော့ သူတို့က ကယ်ပါယူပါ တစာစာနှင့် အရေးဆိုနေကြ၏။ အဘသည် လူသူမရှိသည့် တဲတလေးတစ်လုံးထဲတွင် တည်းခိုလိုက်ပြီး တစ်ရွာလုံးသို့ မေတ္တာဖြန့်ကြက်ကာ ဥာဏ်မာန်ပြင်းလှသော ပရိတ်တရားတော်တို့ကို ရွတ်ဆိုလိုက်၏။

အဘ၏ကိုယ်ပေါ်တွင် စွပ်ကျယ်လက်စကနှင့် ထိုစွပ်ကျယ်ပေါ်တွင် တိုက်ပုံအင်္ကျီညိုတိုတိုကို ဝတ်ဆင်ထား၏။ လုံချည်က အဖြူအနက် စွက်ထားသော အကွက်ကြီးကြီးလုံချည်။ လွယ်အိတ်တစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းသာ ပါ၏။ အဘ၏သျှောင်က ဘောင်းတစောင်းထုံးထား၏။

အဘရောက်နေသည့်တဲမှာ တစ်ချိန်က မိသားစု ငါးယောက်နေထိုင်ခဲ့ပြီး ကျောက်ရောဂါဖြင့် ကြက်တွေ၊ ငှက်တွေ အနာကျသလို တဖြုတ်ဖြုတ် သေကုန်ခြင်း ဖြစ်၏။ ညဆိုလျှင် ညည်းသံညူသံပင် ကြားနေရ၏။

အဘ တဲဝေါ်ထိုင်လိုက်သည်နှင့် တဲရှေ့သို့ မည်းမည်းသတ္တဝါကြီးများ ရောက်လာ၏။ အဘသည် တဲရှေ့ထိုင်ကာ သူ့ရှေ့ ရေစင်တစ်ခွက်ချပြီး ပရိတ်ရွတ်လိုက်၏။ ထိုပရိတ်ရေနှင့် ဝင်လာသမျှ သတ္တဝါတို့ကို မေတ္တာရေစင် ပက်ဖျန်းပေးလိုက်၏။

သတ္တဝါကြီးများ၏ နှုတ်ဖျားများမှ ပူလောင်ချည်ရဲ့၊ လောင်လှချည်ရဲ့ဟု အော်ဟစ်နေကြရာ အဘ၏ မေတ္တာရေစင် ထိလိုက်သည်နှင့် ငြိမ်သက်သွားကြ၏။ လက်အုပ်ကလေးတွေ တချီချီနှင့် အဘကို ဦးတိုက်နေကြ၏။ ထိုအထဲတွင် ကလေးတွေလည်းပါ၏။ ဘယ်သူဘယ်ဝါရယ်လို့တော့ သဲသဲကွဲကွဲ မမြင်ရ။ အော်ဟစ်ငိုကြွေးနေရာမှ အသံဗလံတွေ တိတ်ဆိတ်သွားခဲ့၏။

အဘသည် မေတ္တာပရိတ်တော်ကို ရွတ်ဖတ် ဖျန်းပက်ပေးပြီးသည့်နောက် တစ်ညလုံး ဘုရားစင်အိုကလေးရှေ့တွင် မြတ်စွာဘုရားကို ပူဇော်ခဲ့၏။ အဓိဋ္ဌာန်မေတ္တာကမ္မဋ္ဌာန်းဝင်ခဲ့၏။

နံနက်မိုးလင်းခါနီးအချိန်တွင် အဘသည် မြေအိုးလေးတစ်လုံးကိုမီးမွှေးကာ မြတ်စွာဘုရားကိုပူဇော်ရန် ဆွမ်းချက်ခဲ့၏။ တဲရှေ့အိမ်ဝိုင်းထဲမှာတော့ သတ္တဝါမည်းမည်းကြီးတွေက တရုန်းရုန်း။

အဘသည် မြတ်စွာဘုရားကို ဆွမ်းတော်ကပ်ပြီးသည်နှင့် အိုးကလေးပိုက်ပြီး တဲရှေ့သို့ ထွက်လာကာ သတ္တဝါမည်းမည်းကြီးများကို ဖက်ရွက်များပေါ်ပုံ၍ ကျွေးမွေးခဲ့၏။ အဘချက်ခဲ့သည့် ဟင်းထမင်းများက အံ့ဖွယ်ပင်။ တစ်ရွာလုံး မွှေးကြိုင်သင်းပျံ့သွားခဲ့၏။

ထိုရနံ့ကြောင့် သေလုမြောပါး ဖြစ်နေသော ရွာသားအချို့ပင် ခွန်အားတွေ ပြည့်လာသလို ခံစားလာရ၏။ တချို့လည်း ပက်လက်အနေအထားမှ ထ၍ခနဲ ထထိုင်လာသည်အထိ နေ့ချင်းညချင်းကြီး ကျန်းမာလာကြ၏။

အဘသည် မြေအိုးကလေးကိုကိုင်ကာ ရွာထဲသို့ ထွက်လာပြီး အိမ်ပေါက်စေ့ စားသောက်ရန် ဝေခြမ်းခဲ့၏။ အဘ ဝေခြမ်းလာသည့် ထမင်းက ဖြူဆွတ်မွှေးကြိုင်နေပြီး စားကြည့်တော့လည်း အလွန်မှ အရသာရှိလှ၏။ ဘာဟင်းမှ မပါသော်လည်း ထမင်းဖြူဆွတ်ဆွတ်လေးကို စားလိုက်ကြရသဖြင့် တစ်ရွာလုံး လန်းလန်းဆန်းဆန်းဖြစ်လာ၏။

လွန်ခဲ့သောအချိန်က ကျီးနှင့်ဖုတ်ဖုတ်ဖြစ်နေသော ရွာပျက်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ အဘ လက်ထဲ ပိုက်ထားသည့် မြေအိုးကလေးက နို့ဆီဘူး သုံးလုံးချက်သာသာပင်ရှိ၏။ သို့သော် ရွာထဲရှိသူမှန်သမျှကို လောက်ငအောင် ဝေငှနိုင်သလို တိရစ္ဆာန်သတ္တဝါများကိုလည်း ကျွေးမွေးနိုင်သည်။ အဘရောက်ချိန်မှစ၍ တဖုတ်ဖုတ် သေဆုံးနေသော အခြေအနေလည်း ရပ်ဆိုင်းသွားခဲ့၏။

ကိုယ်ပေါ် အဖုအပိမ့်ကြီးများပေါက်ကာ မထနိုင်မထနိုင်နှင့် ကုန်းကုန်းကွကွ အော်ဟစ်ခံစားနေသော ရွာသူရွာသားမှန်သမျှ

www.burmeseclassic.com



လည်း အဖုအပိမ့်ကြီးတွေ ပျောက်ဆုံးကုန်ကာ ကျန်းကျန်းမာမာ ဖြစ်လာ၏။ တစ်ရွာလုံး အဘကို အကြည်ညိုကြီး ကြည်ညိုခဲ့ကြ၏။

ဝမ်းသာအားရနှင့် အဘကို ကျွေးမွေးညှော်ခဲ့၏။ အဘက တော့ သူတို့ကျွေးမွေးသမျှကို ပြန်လှူပစ်ခဲ့၏။ အဘအကြိုက်ဆုံး အရာမှာ ရေနွေးကြမ်းနှင့် ဆီစိမ်လက်ဖက်အသားလေးပင် ဖြစ်၏။ အဘက လွယ်လာသော လွယ်အိတ်အိုကလေးထဲမှ ဆေးလိပ်က လေးတွေ တစ်လိပ်ပြီးတစ်လိပ်ထုတ်၍ ဖွာရှိုက်ခဲ့၏။

ကျောက်ရောဂါကင်းစင်သွားသော ရွာသူရွာသားများကိုကြည့် ပြီး အဘ အကြည်နူးကြီး ကြည်နူးခဲ့၏။ နောက်ဆုံး ရတနာသုံးပါး ကိုသာ ကိုးကွယ်ရာဖြစ်သည်ဟု ပြောဆိုဆုံးမပြီး ရွာကလေးမှ ထွက် သွားခဲ့လေ၏။ အဘကို တစ်ရွာလုံးက တသသဖြစ်ခဲ့ကြ၏။ အဘ ညွှန်ပြဆုံးမခဲ့သည့် သာသနာ့လမ်းမပေါ်သို့ တစ်ရွာလုံး လျှောက်ခဲ့ ကြ၏။ မနက်ဆိုလျှင် ရွာကလေးမှာ ဘုရားသံ၊ တရားသံ၊ ကြေးစည် သံတွေ ဝေခဲ့ရ၏။ ကြောက်စရာကောင်းလှသော ရောဂါဆိုးကြီး ကင်းဝေးသွားခဲ့ကာ တစ်ရွာလုံးက အဘ အလာကို မျှော်ခဲ့ကြ၏။

အဘကတော့ ဒုက္ခတွေ့နေသော ရွာတွေသို့ လှည့်လည်ကာ ကယ်တင်ရင်း သာသနာပြုခရီးကို ဆက်ခဲ့လေ၏။ အဘ၏ သတင်း က ယခုအထိ မွှေးပျံ့သင်းကြိုင်နေဆဲ။ အဘပြန်လာမည်ဟု အချို့ က မျှော်လင့်နေကြဆဲ။ အဘနှင့် တချို့ကလည်း ကြုံခဲ့ကြရ၏။ တချို့ကလည်း အဘကို မြင်ချင်လွန်းသဖြင့် တောအနံ့ တောင်အနံ့ မြို့အနံ့ ရွာအနံ့ ရှာကြ၏။ အဘ၏ဝါဒက သတ္တဝါအပေါင်းကို ကယ်တင်ရန်နှင့် သာသ နာတော်ကြီး စည်ပင်ဝပြောစေရန်ပင် ဖြစ်လေ၏။

ယခုလည်း သူတို့လူစုရောက်ရှိနေသော အဘအိမ်ကလေးမှာ အိုမင်းနေပြီဖြစ်ပြီး ယိုင်တိယိုင်တိုင် ဖြစ်နေ၏။ အိမ်ပေါ်မှာတော့ လူတွေ တရုန်းရုန်း။ တချို့လည်း အဘ မ,စ၍ စီးပွားဖြစ်သွားသူ တွေ တစ်ပုံတစ်ခေါင်း။ အဘကြောင့် ချမ်းသာလာရသည်မို့ ဘုရား တည်၊ ကျောင်းဆောက် အလှူရေစက် လက်နှင့်မကွာ ပြုခဲ့ကြပြီး အဘကို မြတ်မြတ်နိုးနိုး ပုံတော်တွေထုလုပ်၍ ကိုးကွယ်ခဲ့ကြ၏။

သစ္စာဝတ်မှုန်သည် အဘ၏ပုံပွားရုပ်တုရှေ့ထိုင်ကာ လက်အုပ် ကလေးချီရင်း ကန်တော့လိုက်၏။ ဦးသုံးကြိမ်ချပြီး အဘကို ကန် တော့ခဲ့ရာ သူနားထဲ ထူးဆန်းသောအသံကို ကြားလိုက်ရသဖြင့် လူအုပ်ထဲတွင်ထိုင်နေသော လူပုကြီးကို မြင်လိုက်၏။

လူပုကြီး၏အသွင်က အတော်ကလေး တည်ငြိမ်လှပြီး သူ့နှုတ်



ဖျားမှထွက်ကျလာသည့်အသံက ငှက်ကြီးတစ်ကောင်၏ အော်သံအ လားပင်။ ထိုအသံကြီးကြောင့် သစ္စာဝတ်မှုန် ရုတ်ခနဲ ထလိုက်၏။

"ပြန်ကြမယ်"

"ဟင် - ဟို မမ အဘကို . . ."

"အို - ပြန်တော့မယ်"

သစ္စာဝတ်မှုန်သည် ပြောပြောဆိုဆိုနှင့် အဘ၏အိမ်ကလေး ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွား၏။ ထွေးထွေးတို့လူစုလည်း လိုက်ခဲ့ ရ၏။ လမ်းပေါ်ရောက်တော့ သစ္စာဝတ်မှုန်သည် နောက်သို့ လှည့် ကြည့်လှည့်ကြည့်ဖြစ်နေ၏။

"ဘယ်သူ့ကိုကြည့်နေတာလဲ မမသစ္စာရဲ့"

"ဟိုဟို- အဲ - ဘာမှမဟုတ်ပါဘူးကွယ်၊ လာလာ ဇရပ်ဘက် သွားကြစို့"

သူတို့လူစု တောင်ခြေအနောက်ဘက် ဇရပ်ကြီးပေါ်သို့ တက် ခဲ့ကြ၏။ သစ္စာဝတ်မှုန်ခမျာ ဇရပ်ပေါ်ရောက်လာသည်အထိ ထိတ် လန့်နေဆဲ။

ဇရပ်ရှေ့လမ်းပေါ်တွင် တဖွဲဖွဲ သွားလာနေသောလူတွေ ကြည့်ရင်း မျက်လုံးထဲ လူပုကြီးကိုသာ မြင်ယောင်နေမိ၏။ စိတ်ထဲ တော့ ယခုထိ ချောက်ချားနေဆဲ။ ထွေးထွေးတို့လူစုကတော့ ဆရာ တော်ကို ကပ်လှူရန် ချက်ပြုတ်နေကြ၏။

သစ္စာဝတ်မှုန်တစ်ယောက် တောင်ပေါ်တွင် နေချင်စိတ်မရှိ တော့။ သူ့ကို လူပုကြီးက တစ်နေရာရာမှ ကြည့်နေသည်ဟု ခံစား နေရ၏။ ထို့ကြောင့်လည်း နောက်တစ်နေ့ နံနက်ခင်း ဆရာတော် အား ဆွမ်း၊ ဆွမ်းဟင်းများ လှူဒါန်းပြီးနောက် တောင်အောက်သို့ အလျင်အမြန် ဆင်းခဲ့ကြ၏။

ပုပ္ပားတောင်ခြေရောက်သည်နှင့် သူတို့လူစု တစ်ရက်ကလေး တောင် မနားကြတော့ဘဲ ပုဂံဘက်သို့ ခရီးထွက်ခဲ့ကြ၏။ သွားရမည့် ခရီးက ကုသိုလ်ပြုခရီးဖြစ်သော်လည်း သစ္စာဝတ်မှုန်တစ်ယောက် စိတ်အနှောင့်အယှက်ကြီးစွာ ခံစားနေရ၏။

ပုဂံဘုရားများ စုံလင်အောင် ဖူးပြီးသည့်နောက် ညောင်ဦးမြို့ ရှိ အသိအိမ်တစ်အိမ်တွင် ဝင်ရောက် တည်းခိုကြ၏။ အိမ်မှာ နှစ် ထပ်ပျဉ်ထောင်အိမ်အိုကြီးဖြစ်ပြီး လူသူမနေသည်မှာလည်း ကြာ မြင့်လှပြီဖြစ်၏။ အိမ်ပိုင်ရှင်လင်မယား ဆုံးပါးသွားပြီးသည့်နောက် ပိုင်ရှင်၏ညီမဖြစ်သူ မသိန်းခင်က အိမ်တစ်လုံး သတ်သတ်ဝယ်ပြီး နေထိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဝတ်မှုန်တို့နှင့် သိကျွမ်းနေသည်မို့ အိမ်ကြီးတစ်လုံးလုံး ဆေးအောင်းတာ လွတ်လွတ်လပ်လပ် တည်းခိုခိုင်းခဲ့လေ၏။ မသိန်းခင် သည် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြီး သူတို့လူစုကို ကျွေးမွေးခဲ့၏။

စားပွဲရှည်ကြီးပေါ်တွင် ဟင်းအမည်က စုံလင်လှ၏။ ဝက်သားကို ပုံးရည်နှင့် အဆီပြန်နေအောင် ချက်ထား၏။ ပဲကြီးနှပ်၊ ခရမ်းသီး ငါးပိထောင်း၊ ငါးရံ့ခေါင်းချဉ်ရည် စသည်ဖြင့် အစပ်အထပ်တည့်လှ၏။

သူတို့လူစု စားသောက်ပြီးကြသည်နှင့် အိမ်ကြီးပေါ်သို့ တက်ခဲ့ကြ၏။ တစ်ယောက်တစ်ခန်းစီ အိပ်ရသည်မို့ လွတ်လွတ်လပ်လပ် ရှိ၏။ သစ္စာဝတ်မှုန် အိပ်သည့်အခန်းမှာ ကျယ်ဝန်းလှပြီး အိမ်ကြီး၏အပေါ်ထပ်တွင် ဖြစ်လေ၏။ ခုတင်ခေါင်းရင်းဘက်တွင် ဘဲဥပုံ မှန်ကြီးတစ်ချပ်ရှိ၏။ မှန်ရှေ့တွင် သနပ်ခါးကျောက်ပျဉ်နှင့် သနပ်ခါးတုံးကြီးများ တင်ထား၏။

သစ္စာဝတ်မှုန်သည် အိပ်ခန်းထဲရောက်သည်နှင့် ညဝတ်အကျႌ လဲလှယ်လိုက်၏။ ထို့နောက် မှန်တင်ခုံရှေ့တွင်ထိုင်ကာ ထုံးထားသောဆံထုံးကိုဖြေ၍ လိပ်ခွံဘီးနှင့်ဖြီးလိုက်၏။ ဆံပင်က တံကောက်ကွေးထိလုမတတ်။

ထိုအချိန်တွင် အိမ်ကြီး၏အပြင်ဘက်တွင် မှောင်နေပြီ ဖြစ်၏။ လရောင်ကလည်း တိမ်ညိုတိမ်မည်းကြား၌ ဝိုးတဝါး သာနေ၏။ ထွေးထွေးတို့လူစုကတော့ လည်ရပတ်ရသည်မှာ မောလှသဖြင့် အိပ်ရာထဲဝင်သည်နှင့် အိပ်ပျော်သွားကြ၏။

သစ္စာဝတ်မှုန်သည် မှန်ရှေ့ထိုင်ကာ ဆံပင်ဖြီးရင်း လူပုကြီးအကြောင်း တွေးနေ၏။ ဘယ်လိုမှ စဉ်းစား၍မရ။ လူပုကြီးကို သိလည်း မသိ။ တောင်မကြီးပေါ်တွင် နီးနီးကပ်ကပ် တွေ့လိုက်ရသလို အဘအောင်မင်းခေါင်အိမ်တွင် ထပ်မံတွေ့လိုက်ရသည်မို့ သူ့စိတ်ထဲ အံ့တော်ကလေး ထိတ်ထိတ်လန့်လန့် ဖြစ်ခဲ့၏။

ပို၍ ခံစားရသည်မှာ လူပုကြီး၏ပခုံးထက်တွင် တောင်ပံတဖျပ်ဖျပ်ခတ်၍ နားခိုနေသော ငှက်မည်းကြီးကို မြင်တွေ့လိုက်ရခြင်းပင်။ ငှက်မည်းကြီးကြောင့် ခင်ပွန်းသည် ကျော်စွာနေမင်းကို သတိရလာ၏။ ငှက်မည်းကြီးကို အစဉ်အမြဲ ကြောက်ရွံ့နေသော ခင်ပွန်းသည်။ ယခုတော့ ငှက်မည်းကြီးကို သူမကိုယ်တိုင် မြင်ခဲ့ရပြီမို့ ကြက်သီးမွေးညင်းထမတတ် ထိတ်လန့်နေရ၏။ သို့သော် သစ္စာဝတ်မှုန်၏စိတ်က ကျော်စွာနေမင်းထက် မာကျောလှ၏။

ဘာကိုမှ အစွဲအလမ်းထားသူ မဟုတ်။ သရဲတစ္ဆေကိုလည်း



အယုံအကြည်မရှိ။ ပြောရလျှင် သူတို့ လင်မယားနှစ်ယောက်စလုံး သရဲတစ္ဆေကို မယုံကြည်။

ယခုတော့ ငှက်မည်းကြီးကို မြင်လိုက်ရသဖြင့် တောင်တောင်ဤဤခံစားနေရ၏။ မှန်တင်ခုံကြီးရှေ့ တစ်ယောက်တည်းထိုင်ကာ စဉ်းစားနေစဉ် မှန်ကြီးထဲသို့ အရိပ်ကြီးတစ်ရိပ် ဖျတ်ခနဲ ဝင်လာ၏။

"ဟင် - ဘုရား. . . ဘုရား"

ရုတ်တရက်မို့ သူ မှင်တက်မိသွား၏။ မှန်ထဲ ဝါးတားတား ပေါ်လာသည့် အရိပ်က လူပုကြီး၏ မျက်နှာညစ်တစ်တစ်ကြီး ဖြစ်၏။ သူ့ကို လူပုကြီးက ကျိုးပဲ့နေသောသွားကြီးတွေ ဖော်ကာ ပြုံးပြနေ၏။ သတိဝင်လာသည်နှင့် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။

"ဟင် - ရှင်. . . ရှင် ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မနောက်ကိုလိုက်နေတာလဲ ပြောစမ်း။ ခုချက်ချင်းထွက်စမ်း"

"ဟင်းဟင်း. . . ဂီးဂီး"

"အို - ရှင်. . . ရှင် လူ. . . လူ မဟုတ်ဘူး"

"ဂီး ဂီး ဟင်းဟင်း. . .၊ ငါ. . . ငါ့ကို သေသေချာချာ ကြည့်စမ်းပါဦး ဂီးဂီး. . ."

"အောင်. . . အောင်မလေး"

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ သွေးပျက်ခမန်း ခံစားလိုက်ရ၏။

မှန်ထဲကိုကြည့်နေရင်း လူပုကြီး၏မျက်နှာက တဖြည်းဖြည်း ပြောင်းလဲသွား၏။ ဆံပင်ဖားလျား၊ နှာခေါင်းတိုတိုနှင့် မိန်းမကြီး တစ်ဦးအသွင်သို့ ပြောင်းလဲသွား၏။ ကြည့်ရင်းကြည့်ရင်း မသော်တာ၏ပုံကြီး ပေါ်လာ၏။ သူ့ကို မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်နေ၏။

သစ္စာဝတ်မှုန်မှာ ကြောက်လွန်းသဖြင့် နောက်တဆုတ်ဆုတ်နှင့် ခုတင်ပေါ်တွင် ထိုင်လျက်သား ဖြစ်သွား၏။

"မ. . . မသော်တာ ရှင် . . ."

"ဂီးဂီး. . . ဟီးဟီး နင်. . . နင် ငါ့အပေါ် ရက်စက်ခဲ့တယ် မဟုတ်လား။ ဂီး. . . ဂီး နင့်အလှည့်ရောက်ပြီလေ"

"မဟုတ်ဘူး၊ ကျွန်မ မဟုတ်ဘူး"

"ဂီး. . . ဂီး နင်အမိကပဲ၊ နင့်ကြောင့် နင့်ကြောင့် ငါ သေခဲ့ရတာလေ။ ငါမကျေနပ်ဘူး"

"အောင်မလေး- လုပ်ကြပါဦး"

သစ္စာဝတ်မှုန်တစ်ယောက် မှန်ကြီးကို ရဲရဲမကြည့်ဝံ့တော့၊





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ထိုင်ရာမှ အလျင်အမြန် ထလိုက်၏။ ပါးစပ်ကလည်း ထင်ရာမြင်ရာ စွတ်အော်ရင်း ပိတ်ထားသောတံခါးကို အလျင်အမြန် ဆွဲဖွင့်လိုက်၏။

ဘယ်လိုမှ ဖွင့်၍မရ။ သူကိုယ်တိုင် ချက်ချခဲ့သော်လည်း အရေးအကြောင်းရှိလာတော့ ချက်ဖွင့်ဖို့ပင် သတိမရတော့။ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ဖြစ်နေ၏။ ထိုစဉ် သူ့နောက်သို့ အရိပ်ကြီးတစ်ခုကပ်လာသည်မို့ ကြောက်စိတ်က အတိုင်းအဆမရှိ ဖြစ်လာ၏။

"ဂိုး. . . ဂိုး"

"လုပ်. . . လုပ်ကြပါဦး ကျွန်မ. . ."

"ဂိုး. . . ဂိုး"

"အောင်မလေး"

အော်ရင်းဟစ်ရင်းနှင့် အခန်းထောင့်ရှိ ပြတင်းပေါက်ကို အတင်းတွန်းဖွင့်လိုက်၏။ ထိုစဉ် သူ့နောက်ကျောကို တစ်ဦးတစ်ယောက်က ပုတ်လိုက်သလို ခံစားလိုက်ရသဖြင့် ပြတင်းပေါက်ပေါ် အတင်းတွယ်တက်ကာ အောက်သို့ ကြောက်အားလန့်အားနှင့် ခုန်ချလိုက်လေ၏။

ရေစည်ဘေး ခင်းထားသော ကျောက်ပြားကြီးပေါ် ခေါင်းစိုက်ပြီး တည့်တည့်ထိုးကျလာသဖြင့် အောက်ရောက်သည်နှင့် ဦးဆက်ပွင့်ကာ သေဆုံးသွားလေတော့၏။

သူ့အော်သံနက်ကြီးကြောင့် ထွေးထွေးတို့လူသိုက် လန့်နိုးလာ၏။ သစ္စာဝတ်မှုန်၏ အခန်းတံခါးကို ရိုက်ဖွင့်ပြီး အထဲသို့ဝင်ခဲ့ကြရာ အရိပ်အယောင်ပင် မတွေ့ရ။

ဟိုဟိုဒီဒီရှာဖွေရင်း ပြတင်းပေါက်ပေါ်မှ ပြုတ်ကျသွားသော သစ္စာဝတ်မှုန်၏အလောင်းကို တွေ့လိုက်ရ၏။

"ဟယ် - ဟို. . . ဟိုမှာ"

"အောင်မလေး- သေပါပြီ"

"ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်ပါလိမ့် သစ္စာရယ်"

ထွေးထွေးတို့လူစု မြင်ကွင်းကိုကြည့်ပြီး သွေးပျက်နေကြ၏။ အရပ်ထဲမှ လူကြီးတွေပါ ရောက်ရှိလာ၏။ ပုလိပ်အဖွဲ့လည်း အလျင်အမြန် ရောက်ရှိလာ၏။

အလောင်းကို အသေအချာ စစ်ဆေးကြည့်သောအခါ ဦးခေါင်းတစ်ခုလုံး မွစိကြေနေသည်ကို သိလိုက်ရ၏။ သွေးရဲရဲသံရဲရဲနှင့် ဘယ်လိုမှ မြင်မကောင်း။ ပုလိပ်အဖွဲ့က ထွေးထွေးတို့လူစုကို စစ်ဆေးခဲ့၏။ ထွေးထွေးတို့လူစုကလည်း သစ္စာဝတ်မှုန်၏ ထူးဆန်း



သော အပြုအမူများကို ပြောပြခဲ့၏။

ရာဇဝတ်အုပ်ကိုယ်တိုင် သစ္စာဝတ်မှုန်၏အမှုကို အဖြေရှာ၍မရ။ သစ္စာဝတ်မှုန် သေဆုံးမှုနှင့် ငှက်မည်းကြီးကိုလည်း နားမလည်နိုင်။ နောက်ဆုံး အလောင်းကို ဆေးရုံသို့သယ်ခဲ့ရပြီး ဆေးစစ်မှတ်တမ်းနှင့်အတူ စီအိုင်ဒီသို့ အကြောင်းကြားလိုက်လေ၏။

သစ္စာဝတ်မှုန်၏သတင်းက တစ်မုဟုတ်ချင်း ကျော်စွာနေမင်းဆီသို့ ရောက်ရှိလာ၏။ သတင်းကြားလျှင်ကြားချင်း ကျော်စွာနေမင်းတစ်ယောက် ကြောင်စီစီ ဖြစ်နေ၏။

"ဗျာ - သစ္စာ သေပြီ၊ ဟုတ်လား"

"ဟုတ်ကဲ့ - ကျွန်တော်တို့ဆီကိုလည်း ဒီသတင်းဝင်လာတာမို့ ကိုကျော်စွာကို သတင်းလာပို့တာပါ"

"ဘယ်. . . ဘယ်လိုဖြစ်တာလဲဗျာ၊ ဘယ်လိုဖြစ်ပြီး သေသွားရတာလဲ။ သူခရီးထွက်သွားတာလေ။ ပြောပါဦးဗျာ၊ ဘယ်လို သေသွားရတာလဲ"

ကျော်စွာနေမင်း၏အမေးကြောင့် သတင်းလာပို့သည့် ဌာနအုပ်က အစုံအစေ့ ပြောပြလိုက်၏။ ကျော်စွာနေမင်းခမျာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ယုံလည်းမယုံနိုင်၊ စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေ၏။

"ဗျာ - ပြတင်းပေါက်ပေါ်က ခုန်ချလိုက်တာ ဟုတ်လား"

"ဟုတ်တယ်၊ ဒဏ်ရာက ဦးဆက်ပွင့်ပြီး သေသွားခဲ့တာဗျ။ ကျတဲ့အရှိန်ကလည်း ပြင်းတယ်။ အောက်မှာလည်း သမံတလင်း ကျောက်ပြားကြီးရှိနေတယ်လေ။ ပြီးတော့ သူနဲ့ပါသွားတဲ့လူစုရဲ့ ထွက်ဆိုချက်အရ မသစ္စာဝတ်မှုန်ဟာ မသေမီကာလမှာ သူ့နောက်ကို ငှက်မည်းကြီးလိုက်နေတယ်လို့ ထွက်ဆိုသွားတယ်တဲ့ဗျ"

"ဗျာ - ငှက်မည်းကြီး"

"ဟုတ်ကဲ့၊ ကျွန်တော်တို့အဖွဲ့လည်း သစ္စာဝတ်မှုန်သေဆုံးမှုကို အတော်လေး အဖြေရှာမရအောင် ဖြစ်နေတယ်။ ခုလို လာပြောရတာ အားနာပါတယ် ကိုကျော်စွာရယ်။ တကယ်တော့ ခင်ဗျားမှာ ပထမဇနီး သော်တာဝတ်မှုန် ပျောက်ဆုံးသွားတာလည်း မကြာသေးဘူးဆိုတော့ တစ်ပူပေါ် တစ်ပူဆင့်သလို ဖြစ်နေပြီဗျာ"

"ဟင် - ဟို. . . ဟိုဒင်း ရပါတယ်ဗျာ"

"ကိုင်း- ကျွန်တော် ပြန်ဦးမယ် ကိုကျော်စွာ၊ သတင်းစုံစုံသင်

www.burmeseclassic.com

www.burmeseclassic.com



လင်ရရင်လည်း ကျွန်တော် လာပြောပါ့မယ်”

ဌာနအုပ်က သူ့ကို နှုတ်ဆက်ပြီး အိမ်ကြီးပေါ်မှ ထွက်သွားခဲ့၏။ ကျော်စွာနေမင်းခမျှာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ဖြစ်နေ၏။ စိတ်ထဲလည်း ယခုအထိ အယုံအကြည်ကင်းနေဆဲ။

ထိုစဉ် သူ့အနားသို့ ဒေါ်စိန်တုတ် ရောက်ရှိလာ၏။

“သူဌေးလေး”

“ဟင် - ဒေါ်စိန်တုတ်၊ သစ္စာ. . . သစ္စာဆုံးပြီတဲ့ဗျာ”

“ရှင် - မမလေး သစ္စာ ဆုံးပြီ။ အို-မဟုတ်တာဘဲ၊ သူခရီးထွက်သွားတယ် မဟုတ်လား။ ဘယ်လိုလုပ်. . .”

“အဲဒါပြောတာပေါ့ဗျာ၊ သူက ညောင်ဦးမှာဆုံးတာဗျ။ ညောင်ဦးက အိမ်ကြီးတစ်အိမ်မှာတည်းတုန်း ပြတင်းပေါက်ပေါ်က ခုန်ချတာတဲ့ဗျာ”

“ဘုရား. . . ဘုရား”

ကြားလိုက်ရသည့် စကားကြောင့် ဒေါ်စိန်တုတ် တုန်တုန်ယင်ယင် ဖြစ်သွား၏။ ကျော်စွာနေမင်းတစ်ယောက် ဆိုဖာပေါ်က မထနိုင်တော့။ ကြောင်စီစီနှင့် ဖြစ်နေရ၏။

သူ့နားထဲ ငှက်မည်းကြီး၏အော်သံကို ကြားနေရသလိုပင်။ စိတ်တွေလည်း ဖရိုဖရဲဖြစ်နေ၏။ သစ္စာဝတ်မှုန်က အသေဆိုးနှင့် သေခဲ့ရသည်မို့ ပို၍ ပို၍ အံ့ဩခဲ့ရ၏။

ဦးဆုံး ခံစားမှုများကို ချောက်ချားသွားစေသည်က စောဖေ၏ သတင်း။ ယခုတော့ စောဖေရဲ့သတင်းအပြင် သစ္စာဝတ်မှုန်၏ သတင်းဆိုးကို ကြားလိုက်ရသဖြင့် လူလည်း ဂနာမငြိမ် ဖြစ်ခဲ့ရ၏။ ထိုအထိ သူ့ကို သွေးပျက်စေခဲ့သည်က ငှက်မည်းကြီး၏ သတင်း။

စိတ်တွေ လှုပ်လှုပ်ရွရွဖြစ်လာသဖြင့် စားပွဲပေါ်မှ ဝီစကီခွက်ကို သောက်ပစ်လိုက်၏။

“ဒေါ်စိန်တုတ်”

“ရှင် - သူဌေးလေး၊ ကျွန်မ ဘာလုပ်ပေးရမလဲ။ ပြောပါ”

“မလိုဘူး၊ အခုချိန်မှာ ကျုပ်လိုတာအရက်ပဲ”

“အို - ဒီလောက်လည်း မသောက်ပါနဲ့ သူဌေးလေး”

“မတားနဲ့ဗျာ၊ ခင်ဗျား တစ္ဆေသရဲကို ယုံသလား ပြောစမ်း”

“ရှင် - တစ္ဆေသရဲ၊ ဘာ. . . ဘာဖြစ်လို့လဲ သူဌေး”

“တော်ပြီဗျာ၊ မစဉ်းစားနဲ့တော့။ ရေခဲသေတ္တာထဲက အရက်တစ်လုံးထုတ်ခဲ့။ ဒီည ကျွန်တော် မူးနေမှဖြစ်မယ်”

“အို - ဒုက္ခပါပဲ”



“ကျုပ်ပြောတာ လုပ်စမ်းဗျာ”

ဒေါ်စိန်တုတ်သည် သူ့နံဘေးမှ တုန်တုန်လှုပ်လှုပ်နှင့် ထွက်သွား၏။ ကျော်စွာနေမင်းတစ်ယောက် မူးလိုက်တာမှ ဒေါင်းချာစိုင်းနေ၏။ နောက်ဆုံး ဆိုဖာကြီးပေါ်တွင် မူးမူးနှင့် အိပ်ပျော်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

... လောကကြီးမှာ
နှစ်လမ်းပဲ ရှိတယ်။
တစ်လမ်းက ခံနိုင်ရည်ရှိသလောက် ခံရမည့်လမ်း
တစ်လမ်းက ချမ်းသာခွင့်နှင့် ခံရမည့်လမ်း။
ထိုလမ်းနှစ်ကြောင်း လူတွေ တစ်လှည့်စီ သွားရမည်မှန်တယ်

## အခန်း (၇)

မြင့်မိုရ် ပြန်လွတ်လာပြီမို့ နှင်းဖြူ ဝမ်းသာအားရဖြစ်နေ၏။ မြင်းမိုရ်သည် အပြင်ရောက်လာသည်နှင့် နှင်းဖြူတို့ မိသားစုအတွက် စီးပွားရေးအတွက် စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ရန် ကြံဆခဲ့၏။ နှင်းဖြူကလည်း မြင့်မိုရ်၏စကားကို ခေါင်းတညိတ်ညိတ်။

"ကိုယ်ပြောတာ နှင်း သဘောကျလား။ ချုပ်စက်သုံးလုံးဝယ်ပြီး ထောင်ထားလိုက်ရင် အိမ်က ဘယ်မှသွားစရာမလိုဘူး။ ပြီးတော့ တည်တည်ငြိမ်ငြိမ်လည်း ရှိတယ်လေ"

"ကောင်းပါတယ် ကိုမြင့်မိုရ်ရယ်၊ နှင်းဖြူတို့ ညီမတွေလည်း ချုပ်တတ်ပါတယ်"

"ဒါဆို အဆင်ပြေတာပေါ့"

"ဟို - ကိုမြင့်မိုရ်အတွက် . . ."

"ဟာ - ကိုယ့်အတွက်မပူပါနဲ့။ ကိုယ့်ပညာနဲ့ကိုယ် ရပ်တည်လို့ရပါတယ် နှင်းဖြူ။ အရေးကြီးတာ နှင်းဖြူတို့အတွက် စိတ်ပူတာဗျ။ ကိုင်း- မနက်ဖြန်ကျရင် စက်တွေဝယ်မယ်ဗျာ၊ နှင်းဖြူတို့ ညီအစ်မတွေသာ ဖိဖိစီးစီးလုပ်ကြ။ နေ့စဉ်ဝင်ငွေရနေရင် မပူရတော့ဘူး"

"ကျေးဇူးတင်လိုက်တာ ကိုမြင့်မိုရ်ရယ်၊ နှင်းဖြူ ကိုမြင့်မိုရ်ရဲ့ စေတနာတွေကို မမေ့ပါဘူး။ နှင်းဖြူ တစ်နေ့တော့ ကိုမြင့်မိုရ်ရဲ့ ကျေးဇူးတွေကို . . ."

"နှင်းဖြူရယ်၊ ဘယ်လိုပြောလိုက်တာလဲ။ မင်းစကားတွေက သူစိမ်းဆန်လိုက်တာ"

"ဒီလိုတော့မပြောပါနဲ့ ကိုမြင့်မိုရ်ရယ်၊ နှင်းဖြူလေ. . ."

www.burmeseclassic.com

www.burmeseclassic.com


"နှင်း"
"ရှင်"
"ကျွန်တော် နှင်းကို ဘယ်လောက်ချစ်သလဲဆိုတာ နှင်း သိပါတယ်နော်"
"သိပါတယ်"
"ဒါပေမယ့် ကျွန်တော် နှင်းဆီက တုံ့ပြန်လာမယ့် အခြေအနေကို မမျှော်လင့်ခဲ့တာလည်း နှင်းအသိပါ။ပြောရရင် ကျွန်တော်ဟာ နှင်းကို ပေးဆပ်ဖို့သက်သက် ရောက်လာခဲ့တာပါ။ ဟုတ်တယ် နှင်း၊ နှင်းနဲ့ပတ်သက်ရင် ကျွန်တော် အားလုံးကို ရင်ဆိုင်ဝံ့တယ်ဗျာ။ နှင်း ဘာလုပ်ချင်သလဲပြော။ နှင်းက သေဆိုသေ၊ ရှင်ဆိုရှင်မယ့်သူပါ နှင်းရယ်"
"နှင်းလည်း ကိုမြင့်မိုရ်နဲ့ ပတ်သက်လာရင် ထပ်တူထပ်မျှပါပဲ ရှင်"
"ဟင် - နှင်း. . . နှင်းက ထပ်တူထပ်မျှ ဟုတ်လား၊ ကျွန်တော့်ကို ရှင်း. . . ရှင်းပြောပါ၊ ပဟေဠိမဆန်ပါနဲ့"
"နှင်းပြောခဲ့ပြီးပြီလေ၊ နှင်းဘဝ နှင်းရဲ့နှလုံးသားကို စိုးမိုးနေသူဟာ ကို. . . ကိုမြင့်မိုရ်ပါရှင်"
"ဗျာ - နှင်း. . . နှင်း ကျွန်တော့်ကို တကယ်ပြောတာလား။ ကျွန်တော် နှင်းအတွက် ဆောင်ရွက်ပေးခဲ့တာတွေဟာ ကိုယ့်အကျိုးကိုမျှော်ပြီး ဆောင်ရွက်ခဲ့တာတော့ မဟုတ်ပါဘူး နှင်းရယ်၊ အဲဒါကိုတော့ နှင်းယုံစေချင်တယ်"
"ယုံပါတယ် ကိုမြင့်မိုရ်ရယ်၊ ကိုမြင့်မိုရ်ရဲ့ သစ္စာတရားကို နှင်းလေ မြတ်နိုးမိတာ အမှန်ပါပဲ။ ဖြစ်နိုင်ရင် ဘဝတစ်ခုလုံးကို ကိုမြင့်မိုရ်ဆီပဲ ပေးဆပ်ချင်တဲ့သူပါ"
"ဟင် - ဝမ်းသာလိုက်တာ နှင်းရယ်"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မဝနိုင်အောင် ဖြစ်ခဲ့ကြ၏။ မြင့်မိုရ်သည် နှင်းဖြူ၏ ထွေးဥဥ လက်ဖဝါးလေးကိုဆုပ်ကိုင်ရင်း တိုးမျှင်းသော ချစ်စကားလေးများကို တွတ်တီးတွတ်တာ ဆိုခဲ့၏။

နှင်းဖြူ၏ရင်ထဲတွင်လည်း အချစ်ကြောင့် ဘဝတစ်ခုလုံး လင်းထိန်ဝင်းပသွားသလို ခံစားမိ၏။ ချစ်သူ၏အပြော၊ ချစ်သူ၏ အပြုံး၊ ချစ်သူ၏ အပြုအမူအားလုံးက သူ့ကို စိုးမိုးဖမ်းချုပ်ထားသလိုပင်။ သူ့ဘဝက အမှောင်တိုက်ကြီးကြား လုံးထွေး ရုန်းကန်ခဲ့ရသည်မှာ ကြာမြင့်လှပြီ ဖြစ်လေ၏။



ဘဝက လောကဓံအမှောင်တိုက်ကြား နစ်လိုက်ပေါ်လိုက်နှင့် မရုန်းနိုင်မကယ်နိုင် ဖြစ်ခဲ့ရ၏။ မိသားစုထဲမှာ ကိုယ်ကအကြီးဆိုတော့ ဘာမဆို ဦးဆောင်ခဲ့ရ၏။ သို့သော် မိန်းမသားဘဝ ဖြစ်ခဲ့ရသည်မို့ အစစအရာရာ တွန့်ဆုတ်ခဲ့ရ၏။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် အန္တရာယ်အပေါင်းမှ လွတ်မြောက်ခဲ့ရသည်ဟု ယုံကြည်မိခဲ့၏။ သူ့ဘဝမှာ ရတနာသုံးပါးသည်သာ အားထားရာ၊ ကိုးကွယ်ရာ၊ ကယ်မ,ရာဟု ထင်ခဲ့၏။

ထို့ကြောင့်လည်း ဘဝအခြေအနေ နိမ့်ပါးဆိုးဝါးနေခဲ့သော်လည်း ရတနာသုံးပါးကို နိစ္စဓူဝ ဆည်းကပ်ခဲ့၏။ မိုးမလင်းခင်ထပြီး ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ်ခဲ့၏။ ပရိတ်တွေရွတ်ခဲ့၏။ မေတ္တာတွေ အထပ်ထပ်ပို့ခဲ့၏။ မိခင်အိုကြီးကိုလည်း ဘုရားတစ်ဆူ ဂုတစ်လုံးလို ထားခဲ့၏။ မိခင်ကြီး၏ အညစ်အကြေးကအစ မရွံမရှာ ကိုင်တွယ်ဖွပ်လျှော်ခဲ့၏။ ညရောက်ပြီဆိုလည်း မိခင်ကြီးအနားထိုင်ကာ ခြေဆုပ်လက်နယ်ပြုခဲ့၏။ သူတို့မောင်နှမ စားစရာ မရှိလျှင်နေပါစေ ရတနာသုံးပါးနှင့် မိခင်ကြီးအပေါ် တော့ ဝတ္တရားမပျက်စေရ၊ ရှိသမျှ ပေါင်နှံရောင်းချပြီး မိခင်ကြီးလိုတာကို ဖြည့်ဆည်းပေးခဲ့၏။

ယခုတော့ ကံတရားက သူ့ဘက်ပါလာချေပြီဟု ဆိုရမလားမသိ။ လက်ထဲလည်း ငွေကြေးလေး ပြည့်ပြည့်စုံစုံ ရှိလာ၏။ ထို့အပြင် ကူညီမည့်သူတွေပါ ပေါ်လာသဖြင့် အသက်ရှူချောင်ခဲ့ရ၏။

အချစ်ရဆုံးသူ၏ စိတ်,စေတနာနှင့် ဆောင်ရွက်ပေးမှုကိုလည်း အကြည်နူးကြီး ကြည်နူးခဲ့ရ၏။ မိန်းမသားဘဝမှာ ချမ်းသာတာ၊ ဆင်းရဲတာ အဓိကမဟုတ်။ သူတော်ကောင်းအိမ်သားနှင့် ပေါင်းဖက်မိဖို့သာ အဓိက ဖြစ်လေ၏။

အခုလည်း မြင့်မိုရ်၏အမူအကျင့်က သူတော်ကောင်းဟု မဆိုသာသေးသော်လည်း သူယုတ်မာအမူအကျင့် လုံးဝ မရှိသည်မို့ နှင်းဖြူစိတ်ထဲ အေးအေးချမ်းချမ်း ဖြစ်ခဲ့ရ၏။

မြင့်မိုရ်သည် နောက်တစ်နေ့နံနက်တွင် နှင်းဖြူကိုခေါ်ကာ အပ်ချုပ်စက်သုံးလုံး ဝယ်ခဲ့၏။ ထို့နောက် လိုအပ်သည့် ပစ္စည်းပစ္စယများဝယ်ခြမ်းကာ အိမ်သို့ပြန်ခဲ့ကြ၏။ မိခင်ကြီးရော မောင်နှမတစ်စုပါ ဝမ်းသာအားရ ဖြစ်နေကြ၏။ အိမ်ပေါ်ရောက်လာသည့်စက်တွေကို နေရာချပေးပြီး သူတို့အားလုံး လုပ်ငန်းခွင်ဝင်ဖို့ ဘက်တက်ကြွကြွ ဖြစ်နေကြ၏။

မြင့်မိုရ်သည် သူလုပ်ပေးနိုင်သည်ကို လုပ်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်လာခဲ့၏။ သူစိတ်ထဲ နှင်းဖြူတို့မိသားစု ဝမ်းသာအားရဖြစ်နေသည်ကိုတွေးပြီး ကြည်နူးနေမိ၏။ သူအနေနှင့် ကျော်စွာဓနမင်းတို့ အလုပ်ရုံတွင် ဆက်၍ လုပ်ကိုင်ခွင့်မရတော့။ ရလည်း လုပ်ချင်ကိုင်ချင်စိတ်မရှိတော့။ သူ့ကို သက်သက် အငြိုးအတေးထားခဲ့သည့် ကျော်စွာနေမင်းကို တစ်သက်မကျေနိုင်တော့။

သို့သော် ရန်ကိုရန်ချင်း တုံ့နှင်းသည့်စိတ်တော့ မထားချင်။ ဘဝကို အေးအေးလူလူပဲ တည်ဆောက်ချင်သည်မို့ ကျော်စွာနေမင်းကို မေ့ပျောက်လိုက်ပြီး ကျောက်သွေးအလုပ်ရုံတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့၏။

သူ့ကို ကျောက်လောကက အမြဲ ဖိတ်ခေါ်နေ၏။ မြင့်မိုရ်ကိုင်လိုက်သည့်ကျောက်ကလည်း ထောင်ကဏန်း၊ သောင်းကဏန်းမှနေ သိန်းရာချီသွားနိုင်လောက်အောင် ပေါက်မြောက်သွားနိုင်၏။

ထို့ကြောင့်လည်း ကျောက်သူဌေးတွေက မြင့်မိုရ်ကို အမြဲတမ်းလက်ယပ်ခေါ်ခဲ့ကြ၏။ယခု သူ ဝင်ရောက်လုပ်ကိုင်ခဲ့သည့် အလုပ်ရုံသူဌေးက လစာကောင်းကောင်းပေးခဲ့သည့်အပြင် နေရေးထိုင်ရေးအတွက်ပါ စီစဉ်ပေးခဲ့သဖြင့် အစစအရာရာ အဆင်ပြေခဲ့၏။

ထိုအချိန်မှစပြီး နှင်းဖြူတို့ မိသားစုတွေလည်း တက်ညီလက်ညီနှင့် လုပ်ကိုင်ခဲ့ရာ အခြေအနေက နေ့ချင်းညချင်း အဆင်ပြေလာခဲ့ကြ၏။ မြင့်မိုရ်ကတော့ ကျောက်သွေးရုံထဲ အလုပ်များနေ၏။

တစ်ရက်တွင် ကျောက်သွေးရုံမန်နေဂျာနှင့်အတူ မန္တလေးဘက်သို့ ခရီးထွက်ရန် ပြင်ဆင်ခဲ့၏။ တစ်ပတ်ကျော်ကျော်ခန့်ကြာမည်ဖြစ်၍ နှင်းဖြူကို နှုတ်ဆက်ရန် နှင်းဖြူတို့အိမ်ဘက်သို့ထွက်ခဲ့၏။

ထိုအချိန်တွင် မြင့်မိုရ်ကို နောက်ကွယ်မှ စောင့်ကြည့်နေသူကတော့ တခြား မဟုတ်ပါချေ။ သူဌေးကလေး ကျော်စွာနေမင်းပင်ဖြစ်၏။ သစ္စာဝတ်မှုန်ကြောင့် သွေးပျက်မတတ် ခံစားနေရသော်လည်း တစ်ဖက်က သူ့ရင်ထဲ ခိုးလိုးခုလု ခံစားနေရသည်က နှင်းဖြူ။

သားကောင်ကို လွှတ်ပေးလိုက်ရသော်လည်း သူ့စက်ကွင်းထဲက ခြေတစ်လှမ်းအကွာတော့ မခံလိုပါချေ။

ထို့ကြောင့်လည်း မြင့်မိုရ်၏အရိပ်အခြည်ကို မှုးမှုးနှင့်စောင့်ကြည့်ခဲ့၏။ ယခုလည်း မြင့်မိုရ်အလုပ်လုပ်သည့်စက်ရုံနှင့် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေ၏။ မြင့်မိုရ် အလုပ်ရုံထဲမှထွက်လာသည်နှင့် ကျော်စွာနေမင်းက ဝီလီဂျစ်ကားဘီးကို တစ်ဘီးချင်း လှိမ့်လာခဲ့၏။

နောက်က တအိအိလိုက်ရင်း စိတ်ထဲက အံတကြိတ်ကြိတ်



ခံစားနေရ၏။ လီဗာကို အသာတုန်နင်းပြီး မြင့်မိုရ်ကို ခိစိညက်ညက်ကြေမွသွားအောင် တိုက်သတ်ပစ်ချင်စိတ်တာ သူ့ရင်ထဲ တဖွားဖွား။ သို့သော် အချိန်မကျသေးသည်မို့ မနိုတင်တဲခံစားရင်း နောက်မှလိုက်ခဲ့ရ၏။

ထိုစဉ် ရုတ်တရက် ကားထဲသို့ တိုးဝင်လာသော သတ္တဝါကြီးတစ်ကောင်ကြောင့် ဘရိတ်ကို အလျင်အမြန် နင်းချလိုက်၏။

"ဂီး . . . ဂီး ဂစ်ဂစ်"

"ဟာ- ငှက်မည်းကြီး"

"ဂီး . . . ဂီး"

"အောင်မလေးဗျ"

သူ့ကို အတင်းဝင်ရောက်တိုက်ခတ်လာသော ငှက်မည်းကြီး ဘာလုပ်၍ဘာကိုင်ရမည်မှန်းမသိ။ အတင်းမောင်းထုတ်ပါသော်လည်း ငှက်ကြီးက နှုတ်သီးကောက်ကောက်ကြီးနှင့် သူ့မျက်နှာကို အတင်းထိုးဆိတ်နေသဖြင့် ကားပေါ်မှ လွှားခနဲ ခုန်ဆင်းကာ တွေ့ရာလမ်းထဲ ဒရောသောပါး ဝင်ပြေးခဲ့ရ၏။

ငှက်မည်းကြီးက တဂီးဂီးအော်ပြီးလိုက်ခဲ့ရာ နောက်ဆုံးကြောက်အားလန့်အားနှင့် အိမ်တစ်အိမ်ထဲ အချိန်ကြာမြင့်စွာ ပုန်းအောင်းနေရလေ၏။ သူ့ရင်ထဲတော့ မြင့်မိုရ်ကို ဒုက္ခမပေးလိုက်ရသဖြင့် မကျေမနပ်ဖြစ်နေရ၏။ ထို့ပြင် သူ့ကို ဒုက္ခပေးနေသည့် ငှက်မည်းကြီးကိုလည်း ဘယ်လိုလက်စားချေရမည် ဆိုသည်ကို တနုံ့နုံ့တွေးနေမိ၏။

ထိုအချိန်တွင် နှင်းဖြူထံသို့ ရောက်ရှိနေသော မြင့်မိုရ်ခမျာ နှင်းဖြူနှင့်ခွဲရမည်မို့ ရင်ထဲဟာတာတာဖြစ်နေ၏။ နှင်းဖြူကလည်း ထိုနည်းတူပင်။

"ကိုယ် အဲဒီမှာ တစ်ပတ်နှစ်ပတ်လောက်တော့ ကြာလိမ့်မယ်ထင်တယ်။ ပစ္စည်းက အကြမ်းထည်ရှာရမှာဆိုတော့ အချိန်က ကန့်သတ်ထားလို့ မရဘူး။ ဒါပေမယ့် တစ်ခုတော့ ရှိတယ် နှင်းဖြူ"

"ဘာများလဲဟင်"

"မန္တလေးမှာ အဝယ်တော်တစ်ဦးနဲ့ တွေ့ရမှာပါ။ သူတို့လက်ထဲမှာ အရိုင်းတုံးတွေရှိနေတယ်။ ဖြစ်နိုင်ရင်တော့ မြန်နိုင်သမျှမြန်အောင် ပြန်ခဲ့မှာပါ။ ဒီတစ်ခေါက်ပြန်လာရင်တော့ ကိုယ်တို့ အတူတူနေကြပါစို့ နှင်းရယ်"

"တကယ်ပြောတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က နှင်းကိုညာပါ့မလား၊ နှင်းဘဝကို ကိုယ်နားလည်ပါတယ်ကွာ။ နှင်းဘာမှစိတ်မပူနဲ့၊ ကိုယ်တို့နှစ်ယောက် စိတ်တူကိုယ်တူနဲ့ ဘဝကလေးတစ်ခုကို တည်ဆောက်ကြတာပေါ့"

"နှင်း ဝမ်းသာလိုက်တာ၊ နှင်း. . . နှင်း မျှော်နေမှာနော်"

"ကိုယ် နှင်းဆီကို ချစ်ခြင်းတွေနဲ့အတူ ပြန်လာခဲ့ပါ့မယ်။ တစ်ခုတော့ရှိတယ်နှင်း"

"ဘာများလဲဟင်"

"ကိုယ်တို့ သတိထားရမှာ ကျော်စွာနေမင်းပဲ။ သူဟာ ငြိမ်နေပေမယ့် အဲသလိုငြိမ်နေတာကိုက ကြောက်စရာကောင်းတယ်။ ဒီလူကို လျှော့တွက်လို့မရဘူး။ ဒီလူဟာ ပိုက်ဆံရှိတယ်ဆိုပြီး ထင်ရာမြင်ရာ စွတ်လုပ်ချင်တဲ့လူပဲ။ ကိုယ်တို့ အထူးသတိထားရမယ်"

"ဟုတ်တယ် ကိုမြင့်မိုရ်၊ နှင်းလည်း နေသာနေရတယ် အဲဒီလူကို တအားကြောက်တာပဲ။ သူဟာ ဆင်ကြံကြံချင်နေတဲ့လူကြီး။ ဒီတော့ နှင်းတို့နှစ်ယောက် ဒုက္ခရောက်အောင် အမြဲကြံစည်နေမှာ သေချာတယ်။ ဒါပေမယ့် နှင်းလေ အမြဲတမ်း ရတနာသုံးပါးနဲ့ပဲ အကာအကွယ်ပြုခဲ့တယ်။ ဒါကြောင့်လေ နှင်းတော့ သူ့ကို ကြောက်ကိုမကြောက်ဘူး"

"ကိုယ်ယုံပါတယ်နှင်း၊ နှင်းပြောသလို ကိုယ်တို့ရဲ့ကမ္ဘာလေး မပျက်စီးရအောင် ရတနာသုံးပါးတန်ခိုးနဲ့ ကာကွယ်ကြတာပေါ့"

သူတို့နှစ်ယောက် ခေတ္တခွဲရမည့်အရေးကိုတွေးပြီး ရင်ထဲ ပူလောင် စိုးထိတ်နေကြ၏။ နှင်းဖြူသည် မြင့်မိုရ်ကို တတွတ်တွတ်မှာကြားနေ၏။ မြင့်မိုရ်ကလည်း ခေါင်းတညိတ်ညိတ်။ မြင့်မိုရ်တစ်ယောက် နှင်းဖြူတို့အိမ်က ညဥ့်နက်မှ ပြန်ခဲ့လေ၏။

ထိုအချိန်တွင် တစ်ယောက်တည်းပေါက်ကွဲနေသူက ကျော်စွာနေမင်း။ အိမ်သို့ပြန်ရောက်လာခဲ့သော်လည်း မြင့်မိုရ်နှင့် နှင်းဖြူတို့ကို ဒုက္ခမပေးရသည့်မို့ ရင်ထဲ ကြိတ်မနိုင်ခဲမရ ခံစားနေရ၏။ အမှန်မတော့ သူတို့နှစ်ယောက်ကို တပည့်လက်သားများ စေလွှတ်၍ အမှုန့်ကြိတ်ပစ်လိုက်လို့ရ၏။ သို့သော် သူကိုယ်တိုင် လက်စားချေချင်သည့်မို့ ဆင်ကြံကြံခဲ့လေတော့၏။ နှင်းဖြူကို သူမှလွဲ၍ ဘယ်သူမှ ပိုင်ဆိုင်ခွင့်မပေးချင်။

နှင်းဖြူသည် သူ့လက်ခုပ်ထဲမှရေ။

သူ့ပစ်ကွင်းဧရိယာထဲမှ သားကောင်။



သူ့ခါးပိုက်ထောင်ထဲမှ ယုန်သူငယ်။

ထိုအခြေအနေကြားတွင် လက်လွှတ်လိုက်ရမည်ကို သူ မခံစားနိုင်။ သူ့စိတ်ကူးက တခြားမဟုတ်။ သားကောင်ကို ဆော့ကစားပြီးမှ ပစ်ခတ်ချင်လှ၏။

ယခုလည်း နှင်းဖြူတို့ကို သူ ကစားလိုက်ချင်၏။ ဦးဆုံး သူ့မျက်လုံးထဲ ပေါ်လာသူက မြင့်မိုရ်။ မြင့်မိုရ်က သူနှင့်နှင်းဖြူကြားက ဆော့ကစားရန် အကောင်းဆုံးသော ကျားကွက်တစ်ကွက်။ ထိုအတွေးကြောင့် သူ ခုပ်ဖွဖွပြုံးရင်း ခွက်ထဲမှအရက်ကို မော့ချလိုက်၏။

ထိုအချိန် အိမ်ကြီးအောက်၌ သန့်ရှင်းရေးလုပ်နေသော မစိန်တုတ်သည် အိမ်ပြင်မှခေါ်သံကြောင့် ခေါင်းငဲ့ကြည့်လိုက်၏။ ခေါင်းတုံးပြောင်ပြောင်နှင့်လူပုကြီးတစ်ဦး။ သူက ဒေါ်စိန်တုတ်ကို လက်ယပ်ခေါ်လိုက်ပြီး စာတစ်စောင် လက်ထဲထည့်ပေးလိုက်၏။

"ဘာစာလဲဟင်"

"အဲဒီစာကို ခင်ဗျားရဲ့သူဌေး ကျော်စွာနေမင်းကိုပေးလိုက်ပါ"

"ဘယ်သူပေးတယ်လို့ပြော. . ."

"မေးမနေပါနဲ့ဗျာ၊ ဒီစာဟာ သူ့အတွက် သိပ်အရေးကြီးတယ်။ သူ့ကို အမျိုးသမီးတစ်ယောက်က ပေးခိုင်းတာ။ ပေးဖြစ်အောင် ပေးလိုက်ပါ။ သူ ဒီကိစ္စကို သိပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ဟို- ဘယ်သူက. . ."

"ခင်ဗျား တော်တော်လျှာရှည်တဲ့ မိန်းမကြီးပဲ။ ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါဗျာ။ ကိုင်း-သွားသွား၊ ကျုပ်ပြန်တော့မယ်"

ခေါင်းတုံးကြီးသည် သူ့ကိုပြောပြီး အိမ်ထဲမှထွက်သွား၏။ ဒေါ်စိန်တုတ်မှာ အိမ်ဝတွင် ကြောင်စီစီနှင့်ရပ်နေ၏။ ထိုအချိန် ခေါင်းတုံးကြီး၏ညာဘက်ပခုံးပေါ်သို့ ငှက်မည်းကြီး လွှားခနဲ ခုန်နားလိုက်သည်ကို မြင်လိုက်ရသဖြင့် ဒေါ်စိန်တုတ် အံ့သြသွား၏။

သတိရလျှင်ရချင်း အိမ်ကြီးပေါ်သို့ အပြေးအလွှားတက်လာကာ မူးမူးရူးရူးနှင့်ထိုင်နေသော ကျော်စွာနေမင်းဆီသို့ ရောက်ရှိလာ၏။

"ဘာတုံးဗျာ၊ ဘာလာလုပ်တာလဲ ပြောစမ်း"

"ဟို- စာ. . . စာ"

"ဘာစာလဲ၊ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ ဒေါ်စိန်တုတ်၊ ကျုပ် ခုလိုနေရင် အိမ်ပေါ်မတက်လာရဘူးလို့ ပြောထားတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် သူဌေးလေး၊ ခုဟာက သူဌေးလေး

www.burmeseclassic.com



ဒီတို့ စာပေးခိုင်းလိုက်လို့ပါ"

"ဘာ- ဘယ်သူက ပေးခိုင်းလိုက်တာလဲ"

"ဟို. . . ဟို လူပုကြီးတစ်ယောက်က ပေးခိုင်းလိုက်တာပါ"

"ဘာ- လူပုကြီး ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့၊ အဲဒီလူကြီးရဲ့ပခုံးပေါ်မှာလည်း ငှက်မည်းကြီးတစ်ကောင်ပါလာတယ်"

"ဟင်- ငှက်မည်းကြီး၊ ဟုတ်လား"

"ဟုတ်ပ့ါ သူဌေးလေးရယ်"

"ဟင်- ပေးပေး စာ၊ ဘယ်မှာတုံးစာ။ မြန်မြန်ပေးစမ်းဗျာ"

ဒေါ်စိန်တုတ်က လက်ထဲကစာကို ကျော်စွာနေမင်းလက်ထဲ ထည့်ပေးလိုက်၏။ ကျော်စွာနေမင်းသည် စာကို ကမန်းကတန်း ဖွင့်၍ဖတ်လိုက်၏။

*ကျော်-*

*မင်းဆီကို မမပြန်လာပြီ။ မင်းက မုန်းတီးခဲ့ပေမယ့် မမက တော့ မင်းကိုမခွဲနိုင်ဘူး။ ဒါကြောင့် မမပြန်လာပြီ*

*သော်တာဝတ်မှုန်*

စာကို ဖတ်ပြီးပြီးချင်း ကျော်စွာနေမင်း တုန်လှုပ်သွား၏။ လက်ရေးကလည်း မသော်တာ၏လက်ရေးစစ်စစ်။ အပင့်အရစ်က အစ မသော်တာ၏လက်ရေးနှင့် တစ်ပုံစံတည်းတူညီနေသည်မို့ ကျော်စွာနေမင်းတစ်ယောက် မျက်လုံးကြီးအပြူးသားဖြစ်နေ၏။

"ဟားဟား- ဒါ. . . ဒါမဟုတ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အို ဒုက္ခပါပဲ"

"ဘာ. . . ဘာဖြစ်လို့လဲ သူဌေးလေးရယ်"

"ဘာမှမဖြစ်ပါဘူးဗျာ၊ နေရာတကာ ခင်ဗျား မသိချင်စမ်းပါနဲ့။ ကိုင်း- ခင်ဗျားကိစ္စပြီးပြီမဟုတ်လား။ သွားပေတော့"

"ဟုတ်. . . ဟုတ်ကဲ့"

ဒေါ်စိန်တုတ်သည် ကြောက်ကြောက်လန့်လန့်နှင့် အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ ကျော်စွာနေမင်းသည် စာကို အထပ်ထပ်ဖတ်ရှုရင်း စိတ်ထဲ အအံ့သြကြီး အံ့သြနေ၏။

သော်တာဝတ်မှုန်၏လက်ရေးနှင့် ချွတ်စွတ်တူနေသည်မို့ စဉ်းစားလို့ကို မရတော့။ ထို့ပြင် ဒေါ်စိန်တုတ်စကားအရ လူပုကြီးနှင့် ငှက်မည်းကြီးဆိုသော စကားတွေက သူ့ကို ထိတ်လန့်မချောက်ချားသွားစေခဲ့၏။



လူပုကြီး၊ ငှက်မည်းကြီး၊ ပြီးတော့ သော်တာဝတ်မှုန်၏ လက်ရေးနှင့်စာ။ ထိုသုံးခု ဘယ်သို့အဆက်အသွယ်ရှိနေသည်ကို သူ နားမလည်နိုင်တော့ချေ။

သူ့ရင်ထဲ ဘယ်လိုမျှ စဉ်းစား၍ မရနိုင်တော့။

ထိုအချက်သုံးချက်ကို တစ်ဆက်တည်း ဆွဲစေ၍လည်းမရ။ သော်တာဝတ်မှုန် သို့တည်းမဟုတ် တစ်ချိန်က သူ့ဘဝကို ကြိုးအမျိုးမျိုးနှင့် ရစ်ပတ်ချည်နှောင်ခဲ့သော သူ့ဘဝ၏ သခင်မ။

အမှန်မတော့ သူ့ဘဝက အစပြုလာခဲ့စဉ်က အကျည်းတန်မှုတွေ အနမတဂ္ဂ။ လမ်းပေါ် ပေတေလွင့်မျောခဲ့ရသည့်ဘဝ။ စားရမဲ့မဲ့ သောက်ရမဲ့မဲ့နှင့် တိရစ္ဆာန်သာသာ ဖြတ်သန်းခဲ့ရ၏။

အဖေဘယ်သူ၊ အမေဘယ်သူပင် မသိ။ သူ့ကို မိဘနှစ်ပါးက လမ်းဘေးတစ်နေရာတွင် စွန့်ပစ်ခဲ့ခြင်း ဖြစ်၏။ ထိုအခြေအနေများကြောင့် သူ့ဘဝက အလွန့်အလွန်မှ ကြမ်းတမ်းလှ၏။ ဆွေမျိုးမရှိ အသိုင်းအဝိုင်းမရှိ၊ မိမရှိ ဘမရှိနှင့် ကြီးပြင်းလာရသော ဘဝတွင် အထိန်းအကွပ်မဲ့ခဲ့၏။ ထမင်းတစ်လုတ် စားရဖို့အတွက် ခိုးဆိုးတိုက်ခိုက်ရခဲ့၏။

သူ့ခိုးကြမ်းပိုးဆိုပြီး လူတကာ၏ အရိုက်အပုတ် အထုအထောင်းကိုလည်း ခံခဲ့ရ၏။ မောင်းနှင်ဆဲဆိုမှုကို ခံခဲ့ရ၏။ တစ်ချိန်တွင် သူ ခိုးမှုနှင့်ထောင်ထဲရောက်ရှိသွားခဲ့၏။ မတာစ်ရာသား စုံလင်လှသော အကျဉ်းထောင်ကြီးထဲ သူ့ထက်ဆိုးသည့် မိုက်သည့်လူများနှင့် ကြုံရသောအခါ သွေးပျက်ခဲ့ရ၏။ ထောင်ထဲတွင် လူတကာ ခိုင်းဖတ် ဖြစ်ခဲ့၏။

ထိုစဉ်က သူ့နာမည်ကို သူဘာသာသူ မှည့်ခဲ့ရ၏။ နာမည်က 'တေလေ'။ အနာအဆာတွေ များလွန်းတော့လည်း လူက ထုံပုံသွားခဲ့၏။ အသက်ရှူနေရသော်လည်း လူက စက်ရုပ်သာသာပင် ရှိတော့၏။ ထမင်းတစ်လုတ်အတွက် မကောင်းမှု ကောင်းမှုသည် မသိနားမလည်သည့် အကြောင်းအရာ ဖြစ်သွားခဲ့ရ၏။

ထိုသို့ ခိုင်းဖတ်ဘဝနှင့် ကျင်လည်ခဲ့ရာမှ နှစ်ကြီးသမား ဦးဖေကျော်နှင့် ဆုံစည်းခဲ့လေ၏။ ဦးဖေကျော်၏အမှုက ဓားပြမှု။ စိန်ဘာဘူကြီးတစ်ဦး၏အိမ်ကို ဦးဖေကျော်က ဦးဆောင်ပြီး ဓားပြတိုက်ခဲ့ခြင်း ဖြစ်၏။ ထောင်ထဲရောက်လာတော့ ဦးဖေကျော်၏ အရှိန်အဝါကကြီးလှ၏။ သူ့ကို ထောင်ကျအားလုံးက ကြောက်ရွံ့ ထိတ်လန့်ခဲ့၏။ ထောင်ထဲရောက်နေသော်လည်း အစားအသောက်တွေအစ အကောင်းဆုံး အစားအစာကိုစားခဲ့ရပြီး ထောင်ကို အိမ်လိုသဘော

www.burmeseclassic.com



ထားခဲ့သူ ဖြစ်၏။

ထိုစဉ်က ဦးဖေကျော်၏ အစေအပါးအဖြစ် သူ ရောက်ရှိသွားခဲ့၏။ ဦးဖေကျော်မှာ အသက်ခြောက်ဆယ်စွန်းစ ရှိပြီဖြစ်သော်လည်း ကျန်းမာရေးက ကောင်းလှ၏။ အရပ်က ထောင်ထောင်မောင်းမောင်းနှင့် ဘယ်သူမှ ထိမထင်သည့်အသွင်ရှိ၏။

သူက ဦးဖေကျော်ခိုင်းသမျှ မငြိုမငြင် လုပ်ပေးခဲ့၏။ နောက်ဆုံး ခြေဆုပ်လက်နယ် ပြုသည်ကအစ ဖခင်ကြီးတစ်ယောက်လို ပြုစုခဲ့သဖြင့် ဦးဖေကျော်က သူ့ကို သားအရင်းပမာ ချစ်ခင်ခဲ့၏။ ထိုအခါ သူ့ဘဝ၏ ဖြစ်တည်မှုကို ဦးဖေကျော်အား ရင်ဖွင့်ပြခဲ့၏။

ဦးဖေကျော်သည် သူ့ကို အားပေး ဖေးမခဲ့၏။ ရင်ထဲက အားငယ်မှု၊ ကြောက်ရွံ့မှု၊ သိမ်ငယ်မှုများသည် ဦးဖေကျော်ကြောင့် လွင့်စဉ်ခဲ့ရ၏။

'လောကကြီးကို တွန့်ဆုတ်တွန့်ဆုတ်လုပ်ပြီး မရင်ဆိုင်ဝံ့သည့်စိတ်ရှိနေ၍ ဘယ်တော့မျှ ချမ်းသာမှာ မဟုတ်ဘူး' ဟု ဆုံးမခဲ့၏။ လောကကြီးတွင် လမ်းနှစ်လမ်းပဲ ရှိ၏။ ထိုလမ်းနှစ်သွယ်မှာ ခံချင်ခံ၊ မခံချင်စံ ဆိုသော လမ်းနှစ်သွယ်ပင် ဖြစ်လေ၏။

ဦးဖေကျော်၏စကားကြောင့် သူ့ကိုယ်သူ ခံမလား၊ စံမလားဟု မေးခွန်းထုတ်ခဲ့၏။ ထိုမေးခွန်းကို သူ ဘယ်သို့ အဖြေထုတ်ရမှန်း မသိခဲ့။ ထိုစဉ် ဦးဖေကျော်က ရယ်မောပြီး ပြောဆိုခဲ့၏။

"ဟား ဟား ဟား- တေလေရာ၊ ခုချိန်မှာ မင်းခံနေရပြီ။ ခံစရာရှိရင် ခံလိုက်စမ်းပါကွာ။ ပြောရရင် အသက်ငွေ့ငွေ့ ကျန်တဲ့အထိ ခံလိုက်။ အေး- ခံပြီးရင်တော့ ဆက်ခံဖို့ မကြိုးစားလေနဲ့၊ လူ့လောကထဲလာရတာ လူဖြစ်ရှုံးသွားနိုင်တယ်"

"ဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆရာကြီး"

"ဟ- ခံပြီးရင် စံတော့လေကွာ"

"ဗျာ- စံရမယ်။ ဟာဗျာ- ကျွန်တော့်လက်ထဲမှာ တစ်ပြားမှမရှိဘဲ ဘယ်လိုစံရမှာလဲဗျာ။ လောကကြီးမှာ ပိုက်ဆံက အရေးကြီးဆုံးပဲလို့ ဆရာကြီးပြောခဲ့တယ် မဟုတ်လား"

"အေးလေ- ခံရာကနေ စံဖို့အတွက် အဲဒီကြားမှာ နံ့ရမယ်ကွ"

"ဗျာ- နံ့ရမယ်၊ ဟုတ်လား"

"ဟုတ်ပါ့ကွာ၊ ခံနေရတဲ့ဘဝမှာ တုံ့ပြန်နိုင်မယ့်အားတွေ မွေးရမယ်ကွ။ မှန်တယ်၊ မှားတယ်ဆိုတာ မင်းတို့ငါတို့ခေါင်းထဲမှာ ထည့်မထားနဲ့။ အဲဒီ အမှန်အမှားတွေ ခေါင်းထဲရောက်နေရင် မင်းရဲ့လက်တုံ့ပြန်မှုဟာ အားမပါတော့ဘူး။ ဒီတော့ အဲဒီ



သဘောတရားတွေ ဘေးချိတ်၊ လုပ်စရာရှိရင် ရဲရဲသာလုပ်ကွာ။ ဘာသာတရားတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေဟာ လူမလိုင်ခဲ့တွေရဲ့ ဟန်ဆောင်မှုဝတ်ရုံကြီးတွေပဲကွ။ အဲဒီ ဝတ်ရုံကြီးတွေကာထားတော့ သူတို့က လုံခြုံတယ်လို့ ယူဆကြတယ်။ ငါတို့ကိုလည်း အဲဒီ ဝတ်ရုံကြီးတွေခြုံပြီး အချုပ်အချယ်ပြုလိုက်တာပဲကွ။

ဒါပေမယ့် ငါတို့တစ်တွေဟာ ဆာလောင်နေတယ်။ မွန်းကျပ်နေတယ်။ အတိဒုက္ခတွေ ဝေနေတယ်။ အဲဒီ ဝတ်ရုံကြီးတွေ ခြုံထားသရွေ့ ငါတို့ဟာ ဖောင်စီးရင်း ရေငတ်တဲ့လူတွေဖြစ်နေမှာပဲ။ သူတို့က ချမ်းသာကြွယ်ဝနေပေမယ့် ငါတို့က ဆင်းရဲဒုက္ခတွေ ဝေနေရတယ်။ ဒီတော့ ဒီဝတ်ရုံကြီးတွေ မင်းကိုယ်ပေါ်မှာ ခြုံမထားနဲ့။ ဘဝဆိုတာ တိုတိုလေးပဲ တေလေရ။ အဓိက အရေးကြီးတာ ကိုယ့်ကိုယ်ကိုယ် ချမ်းသာအောင် ဘယ်နည်းနဲ့မဆို ကြိုးစားရမှာပဲ။ ငါပြောတာ မင်းမှတ်ထားပေတော့။

အမှန်တရားဆိုတာ စောစောက ဝတ်ရုံကြီးတွေ ခြုံထားတဲ့ လူကြီးလူကောင်းတွေရဲ့ ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူးကွာ။ မင်းလုပ်တာ မင်းမှန်တာပဲ။ ငါလုပ်တာ ငါမှန်တာပဲ။ အရေးကြီးတာ ခုချိန်မှာ မင်းအံကြိတ်ပြီးခံလိုက်။ အေး- ခံနိုင်ရည်ရှိလာပြီဆိုရင် လက်တုံ့ပြန်နိုင်တဲ့သတ္တိ တစ်နည်းအားဖြင့် မင်းရင်ထဲမှာ နံ့ချင်စိတ်တွေ မွေးရမယ်။ အဲဒီအခါ မင်းချမ်းသာပြီသာမှတ်။ ငါပြောတာ မင်း မှတ်ထားပေတော့ တေလေရေ"

ဦးဖေကျော်၏ ရှည်လျားလှသောဩဝါဒကို နားထောင်ရင်း သူ့ရင်ထဲ တုံ့ပြန်နိုင်သည့် အစွမ်းသတ္တိများ တဖြည်းဖြည်း တိုးလာခဲ့၏။ ထောင်ထဲ တစ်နှစ်ခွဲခန့်နေခဲ့ရပြီး လွတ်မြောက်ခဲ့ရ၏။ ထိုအခါ အပြင်လောကသို့ ရောက်သည်နှင့် သူ့ကိုယ်သူ တုံ့ပြန်နိုင်စွမ်းအပြည့်ရှိသည့် လူတစ်ဦး ဖြစ်လာခဲ့၏။ ပြောရလျှင် သူ့အသိစိတ်က ဆတ်ဆတ်ထိ မခံသည့် အသိစိတ် ဖြစ်လာ၏။ အရာရာကို လက်တုံ့ပြန်ဖို့လည်း ဝန်မလေး။ ဒုစရိုက်လောကသားများကြား သူ့အပြုအမူကို အသိအမှတ်ပြုလာ၏။ လုပ်စရာရှိလျှင် ရှေ့နောက် မစဉ်းစားတော့။ သူ့ရင်ထဲ ကိန်းဝပ်နေသည်က ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ချမ်းသာအောင် ကြိုးစားတော့မည်ဟူသော အတွေးပင် ဖြစ်၏။

သူ့အသွင်က သားကောင်ဆာလောင်နေသော ဝံပုလွေအလား ကောင်နှယ်ပင်။ ထိုသို့ ကြမ်းတမ်းခက်ထန်လှသော အသိများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်းနွှဲခဲ့ရာ သူ့ဒိုးသူ့ဝက်ဘဝနှင့်သာ ကျင်လည်ခဲ့သော အခြေအနေမှ ဓားပြကြီးတစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာ၏။ နောက်လိုက်တွေ ထင်ပုံကြီးနှင့် ချစ်တီးကုလားတို့၏ စည်းစိမ်ကို တိုက်ခိုက်ခဲ့၏။ သူ့နာမည်က တစ်နေ့တခြား ဟိုးလေးတကျော်ကျော် ဖြစ်လာခဲ့၏။

စီအိုင်ဒီကပင် သူ့ကို မျက်စိဒေါက်ထောက် ကြည့်ရသည်အထိ ဖြစ်လာ၏။ တစ်ချိန်တွင် စီအိုင်ဒီပုလိပ်များက သူ့ကို ဟိုတယ်ကြီး တစ်ခုတွင် ဝိုင်းဝန်းဖမ်းဆီးရန် ကြံစည်ခဲ့၏။ အင်အားများလှသည့် စီအိုင်ဒီပုလိပ်များကြား သူပြေးလွတ်ရန် လမ်းမမြင်တော့။ ထိုစဉ် ဦးဖေကျော်ပြောခဲ့သလို စံမလား၊ ခံမလား ဆိုသည့် မေးခွန်း သူ့ ခေါင်းထဲ ဝင်ရောက်လာ၏။ ခံခဲ့ရသည့်နှစ်က များလှပြီမို့ ခံနိုင်စိတ် မရှိတော့။

ထိုအခါ စံနိုင်ရန်အတွက် ဘယ်သို့ လက်တုံ့ပြန်ရမည်ကို တွေး တောရင်း နောက်ဆုံး မျက်စိမှိတ်ပြီး ပုလိပ်အဖွဲ့များနှင့် ရင်ဆိုင်ပစ် ခတ်ကာ ဟိုတယ်ကြီးပေါ်မှ ထွက်ပြေးလွတ်မြောက်လာခဲ့၏။ သူ လွတ်မြောက်သွားပြီ ဆိုသည်နှင့် ပုလိပ်အဖွဲ့က တစ်အုံတစ်မကြီး သူ့နောက်ကို လိုက်လာ၏။

ထိုအခါ နောက်ကလိုက်လာသော ပုလိပ်အဖွဲ့ကြီးကို ခြေရာ ဖျောက်ပြီး ကိုယ်ပိုင်ကားတစ်စီး၏နောက်ခန်းထဲ ဝင်၍ပုန်းအောင်း ခဲ့၏။ ကားပိုင်ရှင်မှာ အလွန်တရာမှ ချောမောလှပသော အမျိုး သမီးကြီးတစ်ဦး ဖြစ်၏။ ထိုအမျိုးသမီးကြီးမှာ တခြားမဟုတ်။ သူ၏ ဒုတိယ ဘဝသခင်ဟုခေါ်ရမည့် သော်တာဝတ်မှုန်ပင် ဖြစ်လေ၏။

ထိုစဉ်က သူ့အရွယ်မှာ နှစ်ဆယ်စွန်းကာစပင် ရှိသေးသည်ဟု ဆိုရချေမည်။ သော်တာဝတ်မှုန်သည် ကားထဲ၌ သူပါလာသည် ကို သိနေ၏။ သူ့ဒုက္ခကိုသိနေသဖြင့် ပုလိပ်အဖွဲ့နှင့် လွတ်အောင် မောင်းထွက်ခဲ့၏။ သူ၏ ခံတောင်းပန်တိုးလျှိုးစကားကို သော်တာဝတ် မှုန်က ကရုဏာသက်ခဲ့ရ၏။ ထို့ကြောင့်လည်း အန္တရာယ်များကြားမှ အကာအကွယ်ပေးခဲ့ပြီး သူ့ကို ဘေးကင်းရာဆီသို့ ခေါ်ထုတ်ခဲ့၏။ သူ့ရင်ထဲ သော်တာဝတ်မှုန်ဆိုသော မိန်းမချောကြီးကို ကျေးဇူးရှင် တစ်ဦး ဟူ၍ အသိအမှတ်ပြုခဲ့လေ၏။

သော်တာဝတ်မှုန်သည် သူ့ကို ခြံကြီးတစ်ခြံထဲသို့ ခေါ်သွားခဲ့ ၏။ သူ့ဘဝ၏ ဖြစ်ရပ်မှန်များကို မေးမြန်းခဲ့၏။ ထိုအခါ တစ်ခွန်း တစ်ပါဒမျှ မထိမ်ဝှက်ဘဲ ဘဝ၏ ကြမ်းတမ်းမှု၊ ခက်ထန်မှုများကို သော်တာဝတ်မှုန်အား ပြောပြခဲ့၏။

ထိုစဉ်က သော်တာဝတ်မှုန်၏ အခြေအနေကို သူရိပ်မိခဲ့၏။



ကျယ်ဝန်းလှသော ခြံကြီးတစ်ခြံထဲ ဘုရင့်သမီးတော်ကလေးအလား နေထိုင်ခဲ့သော သော်တာဝတ်မှုန်။ ချမ်းသာကြွယ်ဝမှုကလည်း အံ့သြလောက်ဖွယ်ပင်။ သူရောက်ရှိသွားသော အိမ်ကြီးပေါ်တွင် အခြွေအရံအပြည့်နှင့် ပင်တိုင်စံမင်းသမီးလေးလို နေခဲ့၏။

သော်တာဝတ်မှုန်၏ဘဝက အဖေတစ်ခု သမီးတစ်ခု ဘဝ။ သော်တာဝတ်မှုန်က သူ့ကို မောင်ငယ်တစ်ဦးလိုဆက်ဆံခဲ့၏။ ထို့ ပြင် ပို၍ ထူးဆန်းသည်က သော်တာဝတ်မှုန်၏ချစ်သူ ကိုနန္ဒနှင့် ချွတ်စွပ်တူနေခြင်းပင်။ ထိုအချက်က သူ့ဘဝကို ကယ်တင်လိုက် သည်ဟု ဆိုရချေမည်။ သော်တာဝတ်မှုန်သည် ချစ်သူ ကိုနန္ဒနှင့် လက်ထပ်ထိမ်းမြားရန် ကြံရွယ်ခဲ့စဉ် ကံကြမ္မာ၏လှည့်ကွက်ကြောင့် ချစ်ရသော ကိုနန္ဒတစ်ယောက် ကားတိုက်မှုဖြင့် သေဆုံးသွားခဲ့ရ၏။ ကိုနန္ဒ ပျောက်ကွယ်သွားခဲ့သည်မှာ သူ့ဘဝကြီး ပျောက်ကွယ်သွားခဲ့ သလိုပင်။ လုံးလည်း ရူးသွပ်သွားမတတ် ခံစားခဲ့ရ၏။

ထိုအခြေအနေကြားတွင် သူနှင့် ဆုံစည်းခဲ့ရခြင်း ဖြစ်လေ၏။ သူ့ဘဝက သော်တာဝတ်မှုန်အရိပ်သို့အရောက်တွင် ဒုတိယ ကိုနန္ဒ ဖြစ်ခဲ့ရ၏။ သူ့နာမည် တေလေမှ 'ကျော်စွာနေမင်း' ဟူသော ဘွဲ့အ မည်ကို သော်တာဝတ်မှုန်က ပေးခဲ့၏။

စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဖြင့် နေထိုင်ရန် သော်တာဝတ်မှုန် က အစ်မကြီးတစ်ဦးလို ဆုံးမခဲ့၏။ ထို့ပြင် သူ့ကို ကားမောင်းသင် ပေးပြီး သော်တာဝတ်မှုန်၏ သက်တော်စောင့် ဖြစ်ခဲ့ရလေ၏။ ဘဝ က နေ့ချင်းညချင်း ပြောင်းလဲသွားသည်မို့ သူကိုယ်သူ အံ့သြကြီး အံ့သြခဲ့ရ၏။ တစ်ချိန်က ဓားပြကြီးဖြစ်ခဲ့ပါလား ဆိုသော အသိကို လည်း သူမေ့ပစ်ခဲ့၏။

သော်တာဝတ်မှုန်၏အရိပ်တွင် လူလူသူသူဖြစ်လာခဲ့၏။ အ နေအထိုင် အစားအသောက်ကအစ ပရမ်းပတာဆန်ခဲ့ရာမှ တဖြည်း ဖြည်း ယဉ်ကျေးသိမ်မွေ့လာခဲ့၏။ သော်တာဝတ်မှုန်၏ ဖခင်ကြီး သည် စိန်ပွဲစားကြီးတစ်ဦးဖြစ်ပြီး ကျောက်မျက်ရတနာကုမ္ပဏီကြီး တစ်ခုကို ထူထောင်ထား၏။

အရှင်မွေး နေ့ချင်းကြီး ဆိုသလို သူ့ဘဝက သော်တာဝတ်မှုန် ကြောင့် အစစအရာရာ ပြီးပြည့်စုံလာခဲ့၏။ 'ချမ်းသာကြွယ်ဝမှုဆို တာ ဒါပါလား' ဟု တွေးကာ ကိုယ့်ကိုယ်ကိုယ် အကျေနပ်ကြီး ကျေနပ်ခဲ့၏။ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကအစ [illegible] ရတော့။ ဖဲမွေ့ရာကြီးပေါ်တွင် စိတ်ကူးတွေ ယဉ်ချင်တိုင်း ယဉ်ခဲ့ ပြီမို့ သူ့ရင်ထဲ အတိုင်းအဆမရှိ ကြည်နူးယစ်မူးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေခင်နုအားတော့ ရွှေကျေးဖြစ် ဆိုသလို သူ့ဘဝက တေလေဆိုးသော တလေကချေဘဝနှင့် မိုးနဲ့မြေပမာ ကွာခြားခဲ့၏။ ဒုစရိုက်သောင်းကို အဆက်ဖြတ်ခဲ့ပြီး သော်တာဝတ်မှုန်၏ အရိပ်အောက်တွင် ပုန်းအောင်းနေထိုင်ခဲ့လေ၏။

သော်တာဝတ်မှုန်သည် သူ့ကို ဒုတိယ ကိုနန္ဒအဖြစ် သဘောပိုက်ခဲ့၏။ သူ့ကို လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ခဲ့၏။ သူ ဆိုးနွဲ့သမျှကို အန္တအဲတာခံခဲ့၏။ ထိုသို့ ချမ်းသာမှုအတိပြီးသော အရိပ်အောက်တွင် ငြိမ်ကျကျနေရသော်လည်း သူ့ကို အထင်မကြီးဖြစ်နေသူက တခြားမဟုတ်။ သော်တာဝတ်မှုန်၏ဖခင်ကြီး ဦးထွန်းကျော် ဖြစ်လေ၏။

သူ့ကိုတွေ့လျှင် အမြဲတမ်း နှိမ်နှိမ်ချချ ဆက်ဆံလေ့ရှိ၏။ ရှုတ်ခ်ပုတ်ခတ်လေ့ရှိ၏။ စော်ကားမော်ကား ပြောဆိုလေ့ ရှိ၏။ ပြောသည့်နေရာမှာလည်း နှစ်ပြားမတန်အောင် ပြောတတ်၏။ ပထမတော့ သော်တာဝတ်မှုန်ကြောင့် သူ အောင့်အည်းသည်းခံခဲ့၏။ သို့သော် ဦးထွန်းကျော်က သူ့ကို ပို၍ပို၍ ဖိနှိပ်လာ၏။ အဟန့်အတား ပြုလာ၏။ အိမ်ကြီးပေါ်မှ နှင်ထုတ်ရန်ပင် ကြိုးစားလာ၏။ သော်တာဝတ်မှုန်က သူ့ရှေ့မှ မားမားမတ်မတ် ရပ်ခဲ့သော်လည်း ဦးထွန်းကျော်က မမှု။ နောက်ဆုံး သူ၏ မြုပ်ကွက် သို့တည်းမဟုတ် အားနည်းချက်ဖြစ်သော မားပြဘဝကို လှန်လှော်ရန် ကြိုးစားခဲ့၏။

ထိုအပြုအမူကြောင့် သူ့အသည်းထဲ ဆတ်ဆတ်ခါ နာကြည်းခဲ့ရ၏။ တစ်ချိန်တွင် သူ့ဘဝအမှန်ပေါ်လာပြီး ထောင်ထဲ ပြန်ဝင်ရမည်ကိုတွေးပြီး ကြောက်ရွံ့လာ၏။ ထိုအခါ ဆရာကြီးဦးဖေကျော်၏ စကားတွေ ပြန်လည် ကြားယောင်လာခဲ့၏။

ကိုယ်ချမ်းသာဖို့အတွက် အမှားအမှန်ကို သူကြည့်မနေတော့။ စေတနာတွေ၊ မေတ္တာတွေ၊ ကျေးဇူးတရားတွေကို သူ ရဲရဲကြီး မေ့ပစ်လိုက်ပြီး ဦးထွန်းကျော်နှင့်ပတ်သက်၍ လက်ဦးမှုရယူရန် ဆုံးဖြတ်ခဲ့၏။

ထိုဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်ရန် ကြံစည်ခဲ့ရာ နောက်ဆုံး ဦးထွန်းကျော်မောင်းနေသည့်ကားကို တိတ်တဆိတ် လုပ်ကြံခဲ့၏။ သူ့လုပ်ကြံမှုကို ဘယ်သူမျှ မသိခဲ့။

ပြောရလျှင် သူရည်ရွယ်ကြံစည်ခဲ့သည့် ကြံစည်မှု အောင်မြင်ခဲ့သည်ဟု ဆိုရလေမည်လားမသိ၊ ဦးထွန်းကျော်တစ်ယောက် ဝဲခုံးဘက်သို့အသွား ရုတ်တရက် ကားတိမ်းမှောက်သွားကာ လူရောကားပါ မီးလောင်ပျက်စီးသွားခဲ့၏။



ဦးထွန်းကျော် ရုတ်ဘရက် ကားမှောက်၍ သေဆုံးလေပြီဆိုသောသတင်းကြောင့် သော်တာဝတ်မှုန်ခမျာ အကြေကွဲကြီး ကြေကွဲခဲ့ရ၏။ သောကတွေ တပိုးတနင့်နှင့် မအိပ်နိုင် မစားနိုင် ခံစားခဲ့ရ၏။ အဖေတစ်ခု သမီးတစ်ခုဘဝမို့ ဖခင်ကြီး သေဆုံးသွားခဲ့သည်မှာ သူ့ကမ္ဘာကြီး ပြိုကျသွားသလို ခံစားခဲ့ရ၏။

ထိုအခါ သော်တာဝတ်မှုန်၏ ခံစားချက်ကို အမှုအရာအမျိုးမျိုးနှင့် ဝင်၍ ဖေးမဖြေသိမ့်ခဲ့၏။ သော်တာဝတ်မှုန် ပြန်လည်ရှင်သန်လာရန် နည်းမျိုးစုံနှင့် ဖန်တီးခဲ့၏။ သူ၏ ပြုစုယုယမှု၊ ကြင်နာမှုတို့ကြောင့် သော်တာဝတ်မှုန်တစ်ယောက် ပြန်၍ လန်းလန်းဆန်းဆန်း ဖြစ်လာခဲ့၏။

ဖခင်ကြီး၏အလုပ်ကို သော်တာဝတ်မှုန်က ဦးစီး၍ ပြန်လည်လုပ်ကိုင်နိုင်ခဲ့၏။ စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်ပြီးသူနှင့်အတူလက်တွဲလုပ်ကိုင်ခဲ့ရာ စီးပွားရေးက ဒီရေအလား တိုးတက်ခဲ့၏။

ထိုအခါ သော်တာဝတ်မှုန်က ကူဖော်လောင်ဖက်အဖြစ်နှင့် သူ့ညီမ ဝမ်းကွဲတော်စပ်သူ မြရီကို ခွာမှခေါ်ခဲ့၏။ မြရီသည် အိမ်ကြီးပေါ်ရောက်ကာစ အလွန်တရာမှ ထုံအ,လှ၏။ ဘာဆိုဘာမှမသိ။ ရိုးရိုးထုံထုံကြီးဟု ဆိုရချေမည်။

ရုပ်ရည်နှင့် ကိုယ်လုံးကိုယ်ပေါက်ကလေးက ပြောစရာမရှိအောင် နှဖတ်လှသော်လည်း ရိုးရိုးကြီးဝတ်စားတတ်သူမို့ အလှကပေါ်လွင်သင့်သလောက် မပေါ်လွင်ခဲ့။ သို့သော် သော်တာဝတ်မှုန်က မြရီကို ကောင်းကောင်းပြုပြင်ခဲ့၏။ မြရီမှ သစ္စာဝတ်မှုန် ဖြစ်ခဲ့ရ၏။

နဂိုရှိမှ နကိုင်းထွက် ဆိုသလို ပြုပြင်လိုက်သောအခါ မြရီ၏အလှက တုမယှဉ်သာအောင်လှခဲ့၏။ တစ်ချိန်က ဆင်းဆင်းရဲရဲထုံထုံအအ,ကြီးနေခဲ့သော မြရီ၏အသွင်သည် နေ့ချင်းညချင်းပင်အလှကြီးလှကာ အသွက်ကြီး သွက်လာ၏။ အိမ်မှုကိစ္စမှန်သမျှကိုသစ္စာဝတ်မှုန်အား တာဝန်ပေးခဲ့သလို ငွေရေးကြေးရေးကိစ္စကိုလည်း ကိုင်တွယ်စီမံခွင့် ပေးခဲ့၏။ ထိုအခါ သစ္စာဝတ်မှုန်တစ်ယောက် ချမ်းသာကြွယ်ဝမှုကို ကြည်နူးယစ်မူးလာ၏။

ငွေကြေးကို အထပ်လိုက်ကိုင်ပြီး သုံးချင်သလိုသုံး၊ ဖြုန်းချင်သလို ဖြုန်းခွင့်ရခဲ့သည်မို့ သစ္စာဝတ်မှုန်တစ်ယောက် ဘဝကို အမေ့ကြီး မေ့ခဲ့၏။ လှချင်တိုင်းလှနေသော သစ္စာဝတ်မှုန်ကိုကြည့်ပြီး သူခံစားခဲ့မိ၏။

ကိုယ်လုံးကိုယ်ထည်က ကျစ်ကျစ်လျစ်လျစ်နှင့် ...

www.burmeseclassic.com



ဖက်ချင်စရာကောင်းလှသော သစ္စာဝတ်မှုန်အပေါ် သူစိတ်တွေ ဖောက်ပြန်ခဲ့၏။ သာယာယစ်မူးခဲ့၏။ သစ္စာဝတ်မှုန်၏ လှုပ်ရှားမှု မှန်သမျှ သူရင်ထဲ ကဗျာဆန်ခဲ့ရ၏။

ထိုသို့ ကြည်နူးတိမ်းမူးခဲ့သည့်အခြေအနေကို သော်တာဝတ်မှုန် ရိပ်မိသွားခဲ့၏။ သော်တာဝတ်မှုန်သည် ကိုယ်ကယ်တင်ခဲ့သူနှစ်ဦး အပေါ် စိတ်တွေ အလူးလူး အလဲလဲ ဖြစ်ခဲ့၏။ သူနှင့် သစ္စာဝတ်မှုန် တို့ နှစ်ဦးသား ပြောဆိုနေသည်ကို သော်တာဝတ်မှုန် မလိုလား။ သူတို့နှစ်ဦးကို ခွဲခြားပစ်နေ၏။ သစ္စာဝတ်မှုန်အပေါ် သာယာမှုကို အပြောင်းအလဲဖြစ်အောင် ဖန်တီးလာခဲ့၏။ သူ့ကို သွားလေရာ ခေါ်ခဲ့သည်မို့ သစ္စာဝတ်မှုန်၏အလှကို မခံစားနိုင် ဖြစ်ခဲ့၏။

ထိုအတောအတွင်း သော်တာဝတ်မှုန်တစ်ယောက် သူ့အပေါ် အခွင့်အရေး ပေးလာခဲ့၏။ သူ့ကို ယုယုယယနှင့် ဆက်ဆံလာခဲ့၏။ ချစ်စကား အလှအပများကိုဖွဲ့နွဲ့ရင်း သူ့ကိုယစ်မူးလာအောင် ဖမ်းစားခဲ့၏။ နောက်ဆုံး သော်တာဝတ်မှုန်ပိုင်နက်မှ မလွန်ဆန်နိုင်သူမို့ မျက်စိစုံမှိတ် ခေါင်းညိတ်ခဲ့ရ၏။ သူ့ထက် ငါးနှစ်၊ ခြောက်နှစ်ခန့် ကြီးပြီး အလှအပကလည်း အတုအယောင် များပြားသည်မို့ သူ မခံစားတတ်။

သို့သော် သူ ခံစားတတ်သည်မှာ သော်တာဝတ်မှုန်၏ပိုင်ဆိုင်မှုများပင်ဖြစ်လေရာ ဘဝတွင် ချမ်းသာကြွယ်ဝမှုလောက် ဘယ်ဟာမှအရေးမကြီးဟု ယုံကြည်စွဲလမ်းခဲ့၏။ နောက်တစ်ကြိမ် အဝတ်ဝတ်အပြတ်ပြတ်နှင့် ဒုက္ခပေါင်းများစွာအောက် ပိပြားကြေမွသွားမှာ စိုးရိမ်မိ၏။ ထို့ကြောင့်လည်း သော်တာဝတ်မှုန်၏ ကမ္ဘာထဲ သူထိုင်ချပစ်လိုက်လေ၏။

ထိုအခါ သူ့ဘဝက လိုလေသေးမရှိအောင် ပြည့်စုံသထက် ပြည့်စုံလာခဲ့၏။ ချမ်းသာမှုတွေ ဖောင်းပွလာသောအခါ စိတ်၏သာယာမှုကို လိုချင်လာ၏။ သစ္စာဝတ်မှုန်သည် ပေါ်ပေါက်လာသော အခြေအနေကို ရိပ်မိကာ သိုသိုသိပ်သိပ်နေထိုင်ရင်း သူနှင့် ပြန်၍ ဆက်သွယ်မိကြ၏။

သော်တာဝတ်မှုန်၏ကွယ်ရာတွင် သူတို့နှစ်ဦး တိတ်တခိုးတွေ့ဆုံခဲ့ကြ၏။ တိတ်တဆိတ် ကြည်နူးခဲ့ကြ၏။ သာယာခဲ့ကြ၏။ သူတို့နှစ်ဦး၏ရင်ထဲ ရည်ရွယ်ချက်က တူညီခဲ့ကြ၏။ ထိုရည်ရွယ်ချက်က တခြားမဟုတ်။ သော်တာဝတ်မှုန် ဆိုသော သူဌေးမကြီး၏အရိပ်ကို ခိုကာ ဘဝကို ချမ်းသာကြွယ်ဝအောင်လုပ်ဖို့ဆိုသော ရည်ရွယ်ချက်ပင် ဖြစ်၏။ နှစ်ယောက်စလုံး စိတ်တူ သဘောတူ ရှိခဲ့ကြသည်မို့



သော်တာဝတ်မှုန်ကို ကောင်းကောင်းကြီး လှည့်စားနိုင်ခဲ့၊ ကောင်းကောင်းကြီး မျက်ခြည်ဖြတ်နိုင်ခဲ့ကြ၏။

ယခုတော့ အခြေအနေက တစ်မျိုးတစ်မည် ဖြစ်သွားခဲ့လေပြီ။ သစ္စာဝတ်မှုန်လည်း အသေဆိုးနှင့် သေခဲ့ရသလို သူလည်း သူဌေးကြီးဘဝသို့ ရောက်ခဲ့ရ၏။ ထိုအခါကျမှ သော်တာဝတ်မှုန် သူ့ဘဝထဲ ပြန်လည်ဝင်ရောက်လာခြင်းပင်။ မယုံနိုင်၊ ဘယ်နည်းနဲ့မှ မယုံနိုင်။ သို့သော် ယခုရရှိထားသည့်စာက သော်တာဝတ်မှုန် လက်ရေးစစ်စစ် ဖြစ်နေသည်မို့ တအံ့တဩ ဖြစ်ခဲ့ရ၏။ အဘယ်ကြောင့် သော်တာဝတ်မှုန် ပြန်၍ ရှင်သန်လာရသနည်း။ ထိုအတွေးက သူ့တည်ငြိမ်မှုကို မွှေနှောက်လိုက်သလိုပင်။

"မဖြစ်နိုင်ဘူး မသော်တာ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒါဟာ တစ်ယောက်ယောက်က ငါ့ကို ဒုက္ခပေးဖို့ ကြိုးစားလာတာ ဖြစ်မယ်။ ဟားဟားဟား၊ မကြောက်ဘူး၊ ငါ ဘာမှ ကြောက်စရာမလိုဘူး။ ငါ့မှာ ပိုက်ဆံ ရှိတယ်။ ငါလုပ်ချင်ရာကို လုပ်နိုင်တယ်။ သွားကြ၊ အားလုံးသွားကြစမ်း"

တစ်ယောက်တည်း အော်ဟစ်ပြောဆိုလိုက်၏။ သူ့စိတ်တွေက မီးတောက်လို နီရဲနေ၏။ မုဆိုးဘဝရောက်နေခါမှ သားကောင်ဘယ်တော့မှ ပြန်အဖြစ်မခံလို။ နောက်ဆုံးတော့ သူ တစ်ချိန်က ဒုစရိုက်လောကထဲ လက်တွဲခဲ့သည့် မြဒင်ကို ပြန်၍ဆက်သွယ်ခဲ့၏။

မြဒင်က ဒုစရိုက်လောကကြီး၏ ကြွက်တစ်ကောင်။ မလုပ်ဝံ့တာ ဘာမှမရှိ။ ဒုစရိုက်လောကတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် စွမ်းဆောင်နိုင်သူ ဖြစ်၏။ ထို့ပြင် မြဒင်က တစ်ကိုယ်တော်သမား၊ လှုပ်ရှားမှုကလည်း ပိရိလှ၏။ အရှင်းဆုံးပြောရလျှင် မြဒင်က သွေးအေးအေးနှင့် ရက်စက်တတ်သော ဒုစရိုက်ဘုရင်ကြီး။

မြဒင်ကို နှစ်ယောက်ချင်းတွေ့ပြီး ပြောဆိုခဲ့၏။ ဦးဆုံး သူ့ပစ်ကွင်းက မြင့်မိုရ်။ မြင့်မိုရ်ကို ချေမှုန်းပြီး နှင်းဖြူကို သိမ်းပိုက်ကာ သူခမြိုင်မှ ခြေရာဖျောက်သွားချင်၏။

ထိုစီမံကိန်း အကောင်အထည်ဖော်ရန် ဦးဆုံး မြင့်မိုရ်သည် သူ့အတွက် ရှေ့ရမည့် ကျားကွက်တစ်ကွက်။ မြဒင်ကို မြင့်မိုရ်၏ လှုပ်ရှားမှုမှန်သမျှ ပြောပြခဲ့သည်။

မြဒင်ကလည်း သူ့ရှေ့ရောက်နေသော ငွေထုပ်ကြီးတို မြင်သောအခါ ကျော်စွာနေမင်းခိုင်းသမျှ လှုပ်ရှားရန် ခေါင်းညိတ်ခဲ့သေး၏။ နောက်ဆုံး မြဒင်ကို အမြန်ဆုံး လှုပ်ရှားရန် ညွှန်ကြားလိုက်၏။

မြဒင်သည် မြင့်မိုရ်၏အခြေအနေကို အချိန်ယူပြီး စောင့်ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ခဲ့ရာ ခရီးသွားရန် ပြင်ဆင်နေသည်ကို သိလိုက်ရ၏။ နောက်ဆုံး မြဒင်သည် မြင့်မိုရ်နေထိုင်သည့် အိမ်ပေါ် ညပိုင်းဝင်ကာ အတင်းဖမ်းချုပ်ပြီး ပြန်ပေးဆွဲခဲ့လေ၏။

ခရီးထွက်မည့်ဆဲဆဲ ဖမ်းဆီးခံလိုက်ရသဖြင့် မြင့်မိုရ်တစ်ယောက် နားမလည်အောင် ဖြစ်နေ၏။ ဘာကြောင့် သူ့ကို ဖမ်းဆီးမန်းပင်မသိ။ အမည်မသိသူတစ်ဦးက သူ့ကို သေနတ်နှင့် ချိန်ပြီး ခေါ်ဆောင်သွားကာ အခန်းကြီးတစ်ခန်းထဲ ပိတ်လှောင်ထား၏။

ပိတ်လှောင်ထားသည့် အခန်းကြီးက ဘယ်လိုမှ ထွက်၍မရသော အခန်းကြီး။ စိတ်ထဲ အဖြေရှာ၍မရအောင် စိတ်ပျက်လက်ပျက်နှင့်ထိုင်နေစဉ် အမိုးဘက်မှ လူတစ်ယောက် ဖောက်ထွင်း၍ ဝင်ရောက်လာ၏။ ဘယ်သူဘယ်ဝါမှန်းလဲမသိ။ တစ်ခန်းလုံး မှောင်မိုက်နေ၏။

အခန်းထဲဝင်လာသော ပုဂ္ဂိုလ်သည် သူ့ကို သူဝင်လာသည့်အပေါက်မှ ထွက်သွားရန် အကူအညီပေးခဲ့သဖြင့် နောက်ဆုံး ပိတ်လှောင်ထားသည့်အခန်းထဲမှ ခက်ခက်ခဲခဲ ထွက်ပြေးလွတ်မြောက်သွားခဲ့လေ၏။

ထိုအချိန်တွင် မြဒင်သည် ကျော်စွာနေမင်းရှိရာ အခန်းထဲ ပြုံးထေ့ထေ့နှင့် ဝင်ရောက်လာခဲ့ပြီး သူ၏စွမ်းဆောင်မှုကိုကြွားကြွားဝင့်ဝင့်နှင့် ပြောပြလိုက်၏။

"ဟား ဟား ဟား- မင်းဟာ တကယ်အားကိုးရတဲ့ ကောင်ပါလား။ ကောင်းတယ်၊ မင်းလုပ်ရပ်ကို ငါကျေနပ်တယ် မြဒင်။ ရော့- ဟောဒီမှာ ကျန်တဲ့ငွေ။ ဒါပေမယ့် မင်း ငါ့အနားမှာ နေဦး။ မင်းနဲ့ငါ အဆက်အသွယ်ပြတ်လို့မရဘူးကွ"

"စိတ်ချစမ်းပါ ဆရာကျော်စွာရယ်။ ကျွန်တော် ဘာဆက်လုပ်ရမလဲပြော"

"အဲဒီ မြင့်မိုရ်ဆိုတဲ့ကောင်ကို ကောင်းကောင်းကြီး ပညာပေးချင်တယ်ကွာ"

"ဟာ- စိတ်ချ၊ ဒီကိစ္စ ကျွန်တော့်တာဝန်ထား။ ဆရာ သူနဲ့ တွေ့ချင်သေးလား"

"တွေ့ချင်တာပေါ့ကွာ။ သူ့ကိုယ်သူ သူရဲကောင်းလုပ်ပြီး ငါ့လောကကို နှောင့်ယှက်ချင်တာကွ။ ဒီတော့ ငါ ဘာဖြစ်ချင်တယ်ဆိုတာတော့ ဒီကောင့်ကို သိအောင် ပြောရမယ်"

"ဒါဆို ဒီကောင်ရှိတဲ့ဆီကိုသွားမယ်"

"သွားကြတာပေါ့ကွာ၊ ဒီကောင့်ပြဿနာ ရှင်းပြီးရင် ငါ့မှာလုပ်





စရာတွေ ရှိသေးတယ်ကွ"

နောက်ဆုံး သူတို့နှစ်ယောက် မြင့်မိုရ်ကို ချုပ်နှောင်ထားသည့် အိမ်ကြီးဆီသို့ ဝီလီဂျစ်တစ်စီးနှင့် ထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

... သစ္စာတရားကသာ
လောကကြီးကို စောင့်ကြပ်ပေမော်။
ထိုအခါ မကောင်းမှုအားလုံးကို
သစ္စာတရားက ကြိတ်ဝါးဖယ်ရှားပစ်ဖို့
အသင့် စောင့်ကြိုနေပေမော် ...

## နိဂုံး

ပိတ်လှောင်ထားသည့် တံခါးရှေ့ရပ်လိုက်ပြီး မြဒင်က သော့ခလောက်ကိုဖွင့်၍ တံခါးကို ဆွဲဟလိုက်၏။ အလင်းရောင် ဝိုးတဝါးအောက်တွင် အခန်းထောင့်၌ လူတစ်ယောက် ထိုင်နေ၏။

"ဘယ်မှာလဲကွ"

"ဟိုမှာလေ ဆရာရဲ့၊ ဒီကောင် ထိုင်လျက်နဲ့ ငိုက်နေပြီထင်တယ်"

"ဟား ဟား ဟား ဆောရီးပဲ မြင့်မိုရ်ရာ။ ငါလည်း ဒီလိုတော့ မလုပ်ချင်ပါဘူးကွာ။ ဒါပေမယ့် မင်းက ငါ့ကို သွေးတိုးစမ်းချင်တော့ ငါလည်း ခုလို လုပ်လိုက်တာပေါ့ကွာ"

ပြောပြောဆိုဆိုနှင့် အခန်းထောင့်သို့ လျှောက်လာ၏။ ထိုစဉ်အခန်းထောင့်တွင် ထိုင်နေသောလူသည် တုတ်တုတ်မျှမလှုပ်။ သူ့ဝင်လာသည်ကို စိုက်ကြည့်နေ၏။ ထိုစဉ် အခန်း၏ထုပ်တန်းပေါ်မှ သတ္တဝါကြီးတစ်ကောင် စိုက်ခနဲ ထိုးဆင်းလာ၏။

"ဟာ- ဘာ. . . ဘာကြီးလဲ"

"ဂီး ဂီး ဂီး"

"အောင်မယ်လေး- ငှက်. . . ငှက်ကြီး"

"ဂီး. . . ဂီး ဂစ်ဂစ်"

"မြဒင်. . . မြဒင်"

"လာပြီဆရာရေ"

"ဟာ"

"ဒိုင်း. . . ဒိုင်း"

"ဂီး. . . ဂီး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သဲကြီးမဲကြီး ဝင်၍ တိုက်ခိုက်လာသော ငှက်မည်းကြီး။ ကျော်စွာနေမင်းသည် သူ့ကို ထိုးဆိတ်လာသော ငှက်ကြီးကို အတင်းမောင်းထုတ်သော်လည်း ငှက်ကြီးက ရှောင်ကာတိမ်းကာနှင့် တိုက်ခိုက်နေ၏။

ထိုစဉ် မြဒင်ဝင်လာကာ သေနတ်နှင့် ပစ်ခတ်လိုက်၏။ ကျည်ဆန်တွေ ပလူပျံသွားသော်လည်း ငှက်ကြီးကို မထိ။

ထိုစဉ် အခန်းထောင့်တွင် ထိုင်နေသော ပုဂ္ဂိုလ်ကြီးက ထိုင်ရာမှထလာကာ တဟားဟား ရယ်မောလိုက်၏။

"မရဘူး၊ မင်းတို့ပစ်ချင်သလို ပစ်စမ်း။ အဲဒီငှက်က ငှက်မင်းလို့ ခေါ်တယ်ကွ။ ဘယ်တော့မှမသေနိုင်တဲ့ ငှက်ပေါ့ကွာ။ ဟား ဟား ဟား"

ပုဂ္ဂိုလ်ကြီးသည် သူတို့ကို တစ်ခွန်းချင်းပြောပြီး အခန်းထဲမှ ထွက်သွား၏။ ကျော်စွာနေမင်းသည် ထိုလူကိုကြည့်ရင်း အံ့သြနေ၏။

"ဒါ. . .ဒါ လူပုကြီးပဲ၊ သစ္စာပြောခဲ့တဲ့လူပုကြီး ဆိုတာပဲ ဖြစ်ရမယ်"

လူပုကြီးကိုငေးကြည့်နေစဉ် ငှက်မည်းကြီးက သူနှင့် မြဒင်တို့ကြား ဒရောသောပါး တိုးဝင်လာ၏။ အရှိန်လည်း ပြင်းလှသည်မို့ နှစ်ယောက်စလုံး နောက်တဆုတ်ဆုတ်။ မြဒင်သည် လက်ထဲက သေနတ်နှင့် ပစ်ခတ်နေ၏။

ကျည်ဆန်တွေက ငှက်ကြီးကို တဒိုင်းဒိုင်း ထိသော်လည်း တစ်ချက်ကလေးမျှ အော်ဟစ်ခြင်းမရှိ။ အရှိန်အဟုန်က ပို၍ပို၍ ပြင်းထန်လာ၏။ တစ်ချိန်တွင် ငှက်ကြီး၏ နှုတ်သီးက ကျော်စွာနေမင်း၏မျက်နှာကို ဆိတ်မိသွားသဖြင့် နောက်သို့ ပက်လက်လန်လဲကျသွား၏။

"အား- အောင်မလေး"

"လာလာ- မြန်မြန်ထ"

"မထနိုင်ဘူးကွ၊ ငါ့ကို ကားဆီအမြန်ထမ်းခေါ်စမ်း"

"ဟုတ်ကဲ့"

မြဒင်သည် ကျော်စွာနေမင်းကို ပခုံးပေါ်ထမ်းတင်ကာ ကားဆီသို့ ဒရောသောပါး ပြေးခဲ့၏။ ကားပေါ်သို့ရောက်သည်နှင့် သူတို့နှစ်ယောက် မောဟိုက်နေ၏။ ငှက်ကြီးကလည်း ကားနား တရစ်ဝဲဝဲ။

"မြန်မြန်မောင်းကွာ"

မြဒင်သည် ကားစက် အလျင်အမြန်နှိုးပြီး ကြောက်အားလန့်





အားနှင့် ထွက်ခဲ့ကြ၏၊ လမ်းပေါ်ရောက်သည်အထိ ငှက်ကြီးက တကောက်ကောက် လိုက်နေဆဲမို့ အရှိန်အဟုန်မြှင့်ပြီး မောင်းနှင်ခဲ့ရာ နောက်ဆုံး မျက်ခြည်ပြတ်သွားခဲ့၏။

"ဆ. . . ဆရာ၊ ငှက်ကြီးက ဘယ်လိုမှ [illegible] ကေန္တ တစ္ဆေသရဲ ပူးနေတာ ဖြစ်ရမယ်"

"ဟကောင်- မြဒင်"

"ဗျာ"

"မင်းပြောတော့ မြင့်မိုရ်ကို ဖမ်းထားတယ်ဆို၊ ခုတော့ ဘယ်လို ဖြစ်ပြီး လူပုကြီးဖြစ်သွားရတာလဲကွာ"

"အဲဒါကို ကျွန်တော်လည်း စဉ်းစားလို့ကို မရဘူး၊ ကျွန်တော် အသေအချာ ချုပ်နှောင်ထားခဲ့တာဗျ။ ခုမှ ဘယ်လိုဖြစ်ပြီး လူပြောင်းလူလဲ ဖြစ်သွားတာလဲ မသိဘူး"

"တောက်- ပြဿနာတွေက ရှုပ်လိုက်တာကွာ။ တစ်ခုတော့ရှိတယ် မြဒင်၊ စောစောက ပြဿနာကို အရင်ဆုံး ငါရှင်းပစ်ချင်တယ်ကွာ"

"ရှင်းလိုက်မယ်လေ၊ အဲဒီငှက်ကြီးက ဘယ်မှာရှိလဲ။ ကျွန်တော် ကိုယ်တိုင်သတ်မယ်"

"နေဦးကွ၊ မင်းကိုငါ မေးမယ်။ မင်း တစ္ဆေသရဲဆိုတာ ယုံသလား"

"ဗျာ- ဘာ. . . ဘာဖြစ်လို့လဲဆရာ"

"အေး- ပြောရရင် ငါ့ပထမမိန်းမဟာ ပျောက်သွားခဲ့တယ်၊ ဒါပေမယ့် အဲဒီလို ပျောက်သွားတာဟာ ငါ့လက်ချက်ပဲကွ"

"ဗျာ"

"အေး- မင်းကိုတော့ ငါဖွင့်ပြောမှဖြစ်မယ်။ အဲဒီ ငါ့ရဲ့ပထမမိန်းမကြီး သော်တာဝတ်မှုန်ဟာ သေသွားပြီကွ။ ငါကိုယ်တိုင် သူ့ကို မြှုပ်ခဲ့တာ။ ဒါပေမယ့် သူ အသက်ပြန်ရှင်လာသလိုပဲ"

"ဗျာ- ဘာတွေလဲ ဆရာရယ်"

"အေးကွာ၊ ဒီကိစ္စ အတော့်ကို ထူးဆန်းနေတယ်ကွ။ ကိုင်း- ငါပြောတဲ့ဆီကို မောင်းကွာ"

"ဘယ်ကိုလဲဆရာ"

"မောင်းမှာသာ မောင်းစမ်းပါကွာ"

ကျော်စွာနေမင်း၏စကားကြောင့် မြဒင်လည်း ကြောင်စိစိဖြစ်နေ၏။ နောက်ဆုံး ကျော်စွာနေမင်း ညွှန်ပြသည့်နေရာသို့ မောင်းထွက်ခဲ့ရာ မကြာခင် စိမ်းလန်းနက်မှောင်နေသော တောအုပ်အင်



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ရှိခဲ့ကြ၏။

သူတို့နှစ်ယောက် ကားပေါ်မှဆင်းခဲ့ကြပြီး တောအုပ်ထဲသို့ ဝင်ခဲ့၏။ ယခုအချိန်အထိ မြဒင်မှာ အူလည်ချာလည် ဖြစ်နေဆဲ။

နှစ်ယောက်သား တောအုပ်ရှေ့အလွန်သို့အရောက်တွင် ခြေစုံရပ်လိုက်၏။ ကျော်စွာနေမင်းသည် အရှေ့ဘက်သို့ လက်ညှိုးထိုးပြီး ပြောလိုက်၏။

"ဟိုနေရာက သင်္ချိုင်းပဲကွ"

"ဗျာ"

"အေး- အဲဒီသင်္ချိုင်းမှာ မသော်တာကို မြှုပ်ခဲ့တာပဲ။ ငါ့စိတ်ထဲတော့ မသော်တာ မသေဘူးအဲ ထင်တယ်ကွ။ ပြီးတော့ ငှက်ကြီးက သင်္ချိုင်းထဲကနေ ငါ့နောက်လိုက်ပြီးဒုက္ခပေးနေတာ"

"ဩော်- ဒီလိုကိုး။ မပူပါနဲ့ ဆရာ၊ မြဒင်ရှိတယ်"

"ကိုင်း- ဝင်ကြစို့ကွာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး သင်္ချိုင်းထဲသို့ဝင်ခဲ့ကြ၏။ တောငွေ့တောင်ငွေ့က ဝေမှိုင်းနေ၏။ မြေပုံမို့မို့ကြီးများ၊ လက်ဝါးကပ်တိုင်ကြီးများကို တွေ့နေရ၏။

ထိုအချိန်တွင် သူတို့ဆီသို့ ဒိုက်ဆိုက်ဒိုက်ဆိုက် လာနေသော လူတစ်ဦးကို တွေ့လိုက်ရ၏။ ပခုံးပေါ်မှာလည်း ပေါက်တူးကြီးကို ထမ်းလာ၏။ ထိုပုဂ္ဂိုလ်ကြီးကိုကြည့်ရင်း ကျော်စွာနေမင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဒါ. . . ဒါ လူပုကြီးကွ"

"ဗျာ"

"ဩော်- ကိုကျော်စွာတို့ ရောက်လာပြီကိုး"

"မင်း. . . မင်း ငါ့ကိုသိနေပါလား"

"ဟဲဟဲ- သိတာပေါ့ ကိုကျော်စွာရယ်၊ ကိုကျော်စွာလို မြို့မျက်နှာဖုံးကြီးကို မသိလို့ ဘယ်ဖြစ်မှာလဲဗျာ"

"ဟင်- မင်း. . . မင်း ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဒါတွေထားပါတော့ဗျာ၊ ခုလာတာ ဘာကိစ္စလဲ။ ကေန္တ မသော်တာ သေမသေ လာကြည့်တာနဲ့တူတယ်။ ဟား ဟား ဟား ရယ်ရဂယ်ဗျာ၊ ကိုယ်ခင်းခဲ့တဲ့ဇာတ်ကို ကိုယ်မနိုင်တော့ဘူးလား ကိုကျော်စွာရယ်"

"မင်း. . . မင်းကွာ"

"ကိုင်း- လာလာ၊ မသော်တာ မြှုပ်ထားတဲ့နေရာကို ပြမယ်"

"ဟင်"



လူပုကြီးက သူတို့နှစ်ဦးကိုခေါ်ကာ သစ်ပင်ကြီးအောက်ဆီသို့ ခေါ်လာခဲ့၏။ မြေပုံမို့မို့နေရာတစ်ခုသို့အရောက်တွင် လက်ညှိုးထိုးပြီးပြောလိုက်၏။

"ဟောဒါ ငါ့တူမလေး မသော်တာရဲ့ မြေပုံပဲကွ"

"ဗျာ၊ ခင်. . . ခင်ဗျားက မသော်တာရဲ့ ဦးလေးလား"

"ဟုတ်ပါ့ကွာ၊ ငါ့နာမည် ထွန်းမော်။ သော်တာ့အဖေ ထွန်းကျော်ရဲ့ညီ ထွန်းမော်ကွ။ ငါဟာ ပွေလွန်းမိုက်လွန်းလို့ ငါ့ကိုအစ်ကို ထွန်းကျော်က ပစ်ထားခဲ့တာ။ ငါဟာ မကောင်းမှုမှန်သမျှ ပျော်ပိုက်ခဲ့တယ်။ ပြောရရင် မင်းလိုပဲ ငါဟာ လမ်းပေါ်မှာတေပေမိုက်မဲခဲ့တယ်။ ဒါပေမယ့် ငါ ကလိမ်ကကျစ်အလုပ်တော့ ဘယ်တော့မှမလုပ်ခဲ့ဘူးကွ"

"ဗျာ"

"ဒါပေမယ့် ငါ့အစ်ကို ငါ့ကို ပစ်ပစ်ပယ်ပယ် လုပ်ခဲ့ပေမယ့် ငါက အစ်ကို့ကို ဖခင်ကြီးလိုချစ်ခဲ့တယ်။ ဒါကြောင့်လည်း အစ်ကို့ကွယ်ရာမှာ ငါ စောင့်ရှောက်ခဲ့တယ်။ ပြောရရင် အစ်ကိုကြီးနောက်ကွယ်မှာ ငါအမြဲရှိခဲ့တယ်ကွ။ နောက်ဆုံး အစ်ကိုကြီးကို မင်းဘယ်လိုလုပ်လိုက်တယ်ကအစ ငါသိနေတယ်ကွ"

"ဟင်- ခင်. . . ခင်ဗျား"

"ကျော်စွာ၊ မင်းဟာ အရိပ်နေနေ အခက်ချိုးချိုးလုပ်ခဲ့တဲ့ကောင်ပဲ။ ကိုယ့်ကျေးဇူးရှင်တွေအပေါ် အပြစ်မှားကြီး ပြစ်မှားခဲ့တဲ့ကောင်ပဲ။ ငါပြောတာ မင်းငြင်းချင်သေးလား"

"တော်. . . တော်ပါတော့ဗျာ"

"မင်း တော်လောက်ပြီ ကျော်စွာ။ ငါက အစ်ကို့ပစ္စည်း၊ အစ်ကို့ချမ်းသာမှုကို တစ်ပြားတစ်ချပ်မှ မမျှော်လင့်ဘူးကွ။ ဒါပေမယ့် မင်းလုပ်ငန်းကိစ္စကိုတော့ ငါ နားလည်တယ် ကျော်စွာ။ မင်းကြောင့် ငါ့အစ်ကိုသေခဲ့ရသလို ခုလည်း ငါ့တူမလေး ဆုံးသွားခဲ့ရပြီ။ ဒါကို မင်းက မကျေနပ်သေးဘူး မဟုတ်လား။

မှတ်ထား ကျော်စွာ၊ ငါဆိုတဲ့ကောင်က မင်းထက် ဒုစရိုက်လောကထဲ မွှေနှောက်လာတဲ့ကောင်ပါကွာ။ ပြီးတော့ ငါ့တူမ မသော်တာနဲ့လည်း အစ်ကိုကြီးကွယ်ရာမှာ တွေ့ခဲ့ကြတယ်။ တူမကြီး မသော်တာဟာ စိတ်စေတနာကြီးလှတဲ့ မိန်းမသားတစ်ယောက်ကွ။ တစ်ဖက်သားအပေါ် အကြင်နာ၊ မေတ္တာ ကြီးတဲ့သူ။ အဲဒီလောက် မေတ္တာစေတနာကြီးမားတဲ့သူ

www.burmeseclassic.com



လုပ်ရက်တယ်ကွာ။ သော်တာလေးက မင်းရဲ့ရက်စက်မှု၊ မင်းထို့ရဲ့ မရိုးသားမှုကို ငါ့ဆီလာလာပြီး ရင်ဖွင့်ခဲ့တယ်။ မင်းဘာပြောချင်သေးလဲ ကျော်စွာ"

"ခင်ဗျား ကျုပ်အပေါ် မဟုတ်မဟတ် မစွပ်စွဲစမ်းပါနဲ့။ ကျုပ်တို့ကိစ္စမှာ ခင်ဗျား ဘာမှ ဝင်ရှုပ်စရာမလိုဘူး"

"ဟားဟားဟား မင်းမှားနေပြီ ကျော်စွာ၊ ဒီစကားကို ငါပြောသင့်တာကွ။ ကိုင်း- ထားပါတော့ကွာ။ မင်း မသော်တာရဲ့ရုပ်အလောင်းကို ကြည့်ချင်သေးလား။ ငါကိုယ်တိုင် ငါ့တူမလေးအလောင်းကို အသေအချာမြှုပ်ခဲ့တာပါ။ ဘာလဲ၊ မင်းက မယုံချင်ဘူးလား"

"ခင်. . . ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ် ကိစ္စ. . ."

"ကျော်စွာ၊ မင်းဟာ ကျော်စွာမဟုတ်ဘူး။ တေလေဘဝနဲ့ ထိုက်တန်တဲ့ တေလေပဲ။ မင်းဒီနေရာကိုရောက်လာတာ မင်းသေတွင်း မင်းတူးလိုက်တာပဲ"

"ဘာ. . . ဘာပြောတယ်။ မြဒင်၊ ဒီကောင့်ကို ရှင်းပစ်လိုက်စမ်း"

"ဟုတ်ကဲ့"

ကျော်စွာနေမင်းထံမှ အမိန့်ရသည်နှင့် မြဒင်က သေနတ်ကို အလျင်အမြန် ဆွဲထုတ်လိုက်၏။ သို့သော် သေနတ်က အပြင်သို့ ရောက်မလာစဉ် သူ့ထံသို့ ငှက်မည်းကြီးက ပျံဝဲဝင်လာကာ မျက်လုံးကို နှုတ်သီးနှင့် ထိုးဆိတ်လိုက်လေ၏။

"အောင်မယ်လေး"

"ဟာ- ငှက်ကြီး၊ သေပေတော့"

ကျော်စွာသည် ဂျာကင်ကြားတွင် လျှို့ဝှက်စွာ ထည့်လာသည့် ပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်၏။ မောင်းခလုတ်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး ပစ်မည်ပြုလိုက်၏။

"ဖြောင်း"

"အောင်မလေးဗျ၊ ခင်. . . ခင်ဗျား"

"ဟားဟားဟား မရဘူး တေလေရာ၊ မင်း အများကြီး နောက်ကျသွားပြီ။ ကိုင်းကွာ"

"ဝုစ်-ဒုတ်. . . ခွပ်"

"အောင်မလေးဗျ"

လူပုကြီးက ပါလာသည့်ပေါက်တူးအနောင့်နှင့် ရိုက်ချလိုက်သဖြင့် ကျော်စွာမှာ မြေပုံတစ်ခုပေါ် ပက်လက်လန်ကျသွား၏။



ထိုအချိန် မြဒင်ခမျာ မျက်နှာကိုအုပ်ပြီး အော်ဟစ်နေ၏။ လက်ကြားမှလည်း သွေးတွေ ယိုစီးလာ၏။ ထိုစဉ် ငှက်မည်းကြီးက မြဒင်ကို အလွတ်မပေး။ တဂီးဂီး တဂစ်ဂစ် အော်ဟစ်ကာ အသေအကျေတိုက်ခိုက်နေသဖြင့် မြဒင်တစ်ယောက် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ပြေးနေရ၏။

ကျော်စွာသည် လူပုကြီး၏ရိုက်ချက်ကြောင့် မြေပြင်ပေါ်သို့ ကျသွားရာမှ အတင်းလူးလဲထလိုက်ပြီး လက်ထဲမှသေနတ်ဖြင့် လူပုကြီး၏ရင်ဝကို ရွယ်လိုက်၏။

ထိုစဉ် လူပုကြီးက လက်ထဲမှ ပေါက်တူးကြီးကို တအားလွှဲ၍ ကျော်စွာ၏မျက်နှာဆီသို့ ပစ်ထည့်လိုက်၏။

"ဝုစ် - ဖြောင်း"

"အောင်မလေးဗျာ"

ပေါက်တူးက သူ့မျက်နှာကို အရှိန်အဟုန်ပြင်းစွာနှင့် ရိုက်မိသွားသဖြင့် နောက်သို့ နှစ်ပတ်ကျွမ်း၊ သုံးပတ်ကျွမ်း လန်ထွက်သွားကာ တူးလက်စကျင်းကြီးထဲသို့ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျသွားလေတော့၏။

"ဟားဟားဟား ဘယ်လိုလဲ ပြောလေ၊ မင်းက အရှင်လတ်လတ် မြေမြှုပ်ခိုင်းနေတာလားကွ။ ပြောစမ်း"

"မ. . . မလုပ်ပါနဲ့ဗျာ"

"မင်းက သေမှာကိုတော့ တအား ကြောက်နေပြီထင်တယ် ဟုတ်လား။ ထွီ- ဒုစရိုက်သမားလုပ်ပြီး တော်တော်သွေးနည်းတဲ့ကောင်ပဲကွ။ ဟေ့ကောင်- တေလေ"

"ဗျာ"

"မှတ်ထားကွ၊ စံပြီးရင် ဘာဖြစ်သလဲ ပြောစမ်း"

"ဗျာ- ဟို ခံ. . . ခံရမှာပါ"

"အေး- ခုချိန်မှာတော့ မင်းခံရမယ့်အလှည့်ကိုရောက်နေပြီကွ။ ပြောပါဦး၊ ငါ့အစ်ကိုနဲ့ ငါ့တူမကိုသတ်ခဲ့တာ မင်းဝန်ခံမှာလား။ ဝန်ခံမယ်ဆိုရင်တော့ မင်းကို ငါစဉ်းစားရမှာပေါ့ကွာ"

"ဗျာ"

လူပုကြီး၏စကားကြောင့် ကျော်စွာနေမင်း အကြီးအကျယ် တုန်လှုပ်နေ၏။ တစ်ကိုယ်လုံးလည်း မြေမှုန့်သဲမှုန့်များ ပေကျံညစ်ထေးနေ၏။ မျက်နှာတစ်ခုလုံးလည်း ပေါက်တူးစာမိထားသဖြင့် ဖူးရောင်ကာ သွေးယိုစီးနေ၏။ တစ်ကိုယ်လုံးလည်း ရိုက်ထားသလို ခံစားနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ၊ မင်းဝန်ခံမှာလား"

"ကျွန်တော် ဝန်. . . ဝန်ခံပါတယ်ဗျာ။ ဦးထွန်းကျော်ကို ကျွန်တော်လုပ်ကြံခဲ့တာအမှန်ပါပဲ။ ဒါပေမယ့် မသော်တာကိုတော့ ကျွန်တော် မလုပ်ခဲ့ပါဘူး။ သူ့ကိုသတ်ခဲ့တာ ကျွန်တော်မဟုတ်ပါဘူးဗျာ"

"ဒါဆို ဘယ်သူလဲ၊ ပြောစမ်း"

"ဟို. . . ဟို သစ္စာ၊ ဟုတ်ပါတယ် သစ္စာပါ။ သစ္စာက သူ့ကို အဆိပ်ခတ်ခဲ့တာပါ။ ဒါကို ကျွန်တော်က အစဖျောက်ပေးခဲ့ရတာပါ"

"ဟားဟားဟား တော်တော်မိုက်ရိုင်းလှပါလားကွ။ မင်းတို့နှစ်ယောက်စလုံးဟာ ကျေးဇူးကိုကျေးဇူးမှန်းမသိတဲ့ လူတိရစ္ဆာန်တွေပါလား"

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် မသေပါရစေနဲ့"

"ဘာကွ"

ကျော်စွာနေမင်း၏စကားကြောင့် ဦးထွန်းမော်မည်သော လူပုကြီး မကျေမချမ်းဖြစ်သွား၏။ ထိုစဉ် သူ့ပခုံးပေါ်သို့ ငှက်မည်းကြီး တစီစီနှင့် မြည်သံပေး၍ ပြန်ရောက်လာ၏။

ကျော်စွာသည် သူတို့နှစ်ဦးကိုကြည့်ပြီး အကြီးအကျယ်သွေးပျက်နေ၏။ နှစ်ယောက်လုံး၏အသွင်များကလည်း သေမင်း တမန်ကြီးများအလားပင်။ မြင်ကွင်းကိုကြည့်ရင်း ကျော်စွာ အသံမထွက်နိုင်တော့။

"ဟော့ကောင်- မင်းသေဖို့ပဲ ကျန်တော့တယ်။ အေး- မသေခင်မင်းကို ဟောဒီငှက်ကြီးအကြောင်း ပြောပြလိုက်မယ်။ ဟောဒီငှက်မင်း ဆိုတဲ့သတ္တဝါကြီးဟာ သချိုင်းစောင့်တဲ့ငှက်ကြီးတွေကွ။ သူတို့ဟာ တိရစ္ဆာန်ပေမယ့် မတရားမှု၊ မကောင်းမှုကို လုံးဝလက်မခံကြဘူး။ သူတို့ရဲ့မနောစိတ်ဟာ သေဆုံးသွားကြတဲ့ ဝိညာဉ်တွေရဲ့မနောနဲ့ ချိတ်ထားတာကွ။ ဒါကို မင်းယုံချင်မှယုံမယ်။ ဟောဒီငှက်မင်းကြီးဟာ မင်းတို့ရဲ့ မသမာမှုတွေကို သိနေတယ်။ ဒါကြောင့်လည်း သူက သေသူအတွက် လိုက်ပြီး ကလဲ့စားချေခဲ့တာပဲ"

"ဗျာ"

"ကိုင်း- အခုတော့ မင်းရဲ့နေဝင်ချိန်ပဲ တေလေရေ။ ဟောဒီသချိုင်းမှာ သုဘရာဇာမောင်အိုဆိုတဲ့ ငါရယ်၊ ဟောဒီ ငှက်မင်းကြီးရယ်ပဲရှိတယ်။ ဒီလောကမှာ ငါတို့က အရှင်သခင်ကွ။





မင်းဟာ ကိုယ့်သေတွင်းကိုယ်တူးဖို့ရောက်လာတဲ့သူဆိုတော့ ငါဆိုတဲ့ သုဘရာဇာမှာ တာဝန်ရှိတာပေါ့ကွာ ဘုရား၊ တရား တ,ပြီးတော့ သေရောက်ပေတော့"

"မ. . . မလုပ်ပါနဲ့ဗျာ"

"ဟားဟားဟား ခံပြီးရင်စံ၊ စံပြီးရင် ခံရရတယ် တေလေရ။ ကိုယ့်အလှည့်ကျတော့လည်း မနွဲ့စတမ်းပေါ့ကွာ"

ပြောပြောဆိုဆို ကျင်းနှုတ်ခမ်းဘေးမှ သဲတွေကို ပေါက်တူးနှင့်ယက်ချလိုက်၏။ ကျော်စွာခမျာ အော်ရင်းဟစ်ရင်း မြေကျင်းထဲကအတင်းခုန်ထွက်သော်လည်း တဖြည်းဖြည်း သဲမြေမှုန့်များအောက်သို့ နစ်မြုပ်သွားလေတော့၏။

မြေပြင်နှင့်တညီတည်းဖြစ်သွားသောအခါ သုဘရာဇာမောင်အို တစ်ဖြစ်လဲ ဦးထွန်းမောင်သည် ငှက်ကြီးကို ပခုံးပေါ်တင်ကာ သချိုင်းထဲမှထွက်၍ ဂိတ်တဲဆီသို့ ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်ခဲ့လေ၏။

ထိုအချိန်တွင် နှင်းဖြူနှင့် မြင့်မိုရ်တို့နှစ်ဦးမှာလည်း ကျော်စွာနေမင်း၏အန္တရာယ်ကို ကြောက်လှသဖြင့် မန္တလေးသွားမည့် အစီအစဉ်ကိုဖျက်ပြီး နှစ်ဦးသဘောတူ ပေါင်းဖက်လိုက်ကြလေတော့၏။

မာယာ